
www.burmeseclassic.com



www.burmeseclassic.com

အသင်

ကျူးပစ်ရဲ့ ဝှက်ဖဲတစ်ချပ်

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

အသင်

ကျူးပစ်ရဲ့ ဝှက်ဖဲတစ်ချပ်၊ အသင် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၄၄-စာ၊ ၅×၇

(၁) ကျူးပစ်ရဲ့ ဝှက်ဖဲတစ်ချပ်



# အသင်

## ကျူးပစ်ရဲ့ ဝှက်ဖဲတစ်ချပ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

အသင်၏ထွက်ပြီးစာအုပ်များ

၁။ ညဏ်ရစ်ပတ်နှောင်ဖွဲ့တတ်သော (လပ်ကီးဘော့စ်ဗီဒီယို)
၂။ မိုးပြောတဲ့နှင်းဆီပုံပြင် (အောင်တိုင်းကျော်ဗီဒီယို)
၃။ ဝိုင်ချိုချိုလေးတစ်ခွက် (အောင်တိုင်းကျော်ဗီဒီယို)
၄။ ကောင်းကင်ဘုံသို့တမ်းချင်းတစ်ပုဒ်
၅။ ကြင်ယာတော် ခခလေး (အောင်တိုင်းကျော်ဗီဒီယို)
၆။ ပန်းနုရောင်သင်္ကေတလေးရဲ့ အနားသတ်မှာ (စိမ်းဝါနီဗီဒီယို)
၇။ ရင်သို့ကြွေလင့်လတစ်စင်း
၈။ စံပယ်တစ်ခင်းပေးရန်ရှိသည် (လပ်ကီးဘော့စ် ဗီဒီယို)
၉။ အကြင်နာတကယ်စစ်ရင် (လပ်ကီးဘော့စ် ဗီဒီယို)
၁၀။ အချစ်မှော်နှင်တဲ့ အမုန်းယဉ် (လပ်ကီးဘော့စ် ဗီဒီယို)
၁၁။ ချစ်သူလက်နဲ့ကောက်ယူခဲ့တဲ့အလွမ်းတစ်ပွင့် (လပ်ကီးဘော့စ် ဗီဒီယို)
၁၂။ လှည့်စားတတ်တဲ့ ကောင်မလေး (လပ်ကီးဘော့စ် ဗီဒီယို)
၁၃။ ရင်ထဲက ဆောဘီ (ဖီးနစ် ဗီဒီယို)
၁၄။ ကျိန်စာပြယ် ဒဏ္ဍာရီ (ဖီးနစ် ဗီဒီယို)
၁၅။ အမုန်းနယ်နိမိတ်က အချစ်သူရဲကောင်း
၁၆။ ချစ်သောကိုကြီး
၁၇။ အသည်းကွဲလိပ်ပြာ
၁၈။ ချစ်တဲ့ရင်

ယခုလ

၁၉။ ကျူးပစ်ရဲ့ ဝက်ဖဲတစ်ချပ်



# ၉ ၁ ၅

အရပ်သုံးပေခန့်လောက်သာရှိပြီး မျက်လုံးပြူးပြူး၊ အသားနီစပ်စပ်နှင့် ကလေးမျက်နှာနဲ့ လူတစ်ယောက်က ရုတ်တရက် မျက်စိရှေ့ ဘွားခနဲ ပေါ်လာတာမို့ သူမ ထိတ်လန့်သွားမိသည်။

သူမရောက်နေတဲ့ နေရာက အိမ်က ဘိုးဘွားမိဘ အစဉ်အဆက် ကိုးကွယ်နေကျ ဘုန်းကြီးကျောင်းဝင်းထဲက ညောင်ပင်ကြီးရှေ့မှာ။

ရက္ခဆိုးများလားလို့ အတွေးဝင်တုန်း သူက သူမ စိတ်ထဲက အတွေးကို သိနေသည့်အလား ခေါင်းတွင်တွင်ခါ၏။



www.burmeseclassic.com

www.burmeseclassic.com



အေးလေ … ရက္ခဆိုးဆိုရင် အချွန်အတက် ပြောင်းလက်လက် အဝတ်အစားတွေနဲ့ ဖြစ်မှာပေါ့။ သူ့ပုံကြည့်ရတာ ကလေးလိုလို ဘာလိုလိုနဲ့ ဒီညောင်ပင်အောက်မှာ လာကစားနေတာပဲ ဖြစ်မှာပါ။

"ဟဲ့ … ကလေး၊ ညကြီးမိုးချုပ် ဘာလို့ ညောင်ပင်အောက် ရောက်လာတာလဲ၊ သွား … သွား … အိမ်ပြန်ချည်၊ မိဘတွေ စိတ်ပူနေတော့မယ်"

သူမက ထိုလူကလေးကို ကရုဏာလေသံဖြင့် အိမ်ပြန်ခိုင်းပါသော်လည်း ထိုကလေးက ဘာမှပြန်မပြောဘဲ သူမကို ခပ်ကြာကြာ စိုက်ကြည့်ပြီးတော့ သူမလက်ထဲသို့ တစ်စုံတစ်ရာကို ထည့်ပေးလေသည်။

"ဟင်"

လက်ထဲထည့်တဲ့ အချင်းအရာကို ငုံ့ကြည့်မိလိုက်တော့ အနီးဖြူပြတ်ထားတဲ့ နီတာရဲကလေးတစ်ယောက်ကို တွေ့လိုက်ရတာမို့ သူမ ဝမ်းသာလုံးဆို့သွားမိသည်။

"ဟယ် … ဟယ် … ချစ်စရာ ကောင်းလိုက်တာ"





လရောင်ဖွေးဖွေးအောက်မှာ ပါးချက်လေးနှစ်ဖက်ပေါ်အောင် ပြုံးနေသော ကလေးမျက်နှာလေးက ချစ်ဖို့ကောင်းလွန်း၍ သူမရဲ့ပါးစပ်ကနေ အာမေဋိတ်သံတွေ စီစီညံအောင် ထွက်ကျလို့လာသည်။

"ဝတ်ရည် … ဝတ်ရည် … ဝတ်ရည် … ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ရုတ်တရက် လှုပ်နှိုးလိုက်သံကြောင့် သူမမျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွားပြီး သူမယောကျ်ား ကိုအောင်ဆင့်ကိုတွေ့လိုက်ရသည်။

"ကျွန်မကလေးရော ကိုအောင်"

"ဘယ်က ကလေးလဲ"

"ညောင်ပင်အောက်က ရလာတဲ့ ကလေးလေ"

"ဝတ်ရည် ရေသောက်လိုက်ပါဦး၊ ဟင်း … အစ်ကိုပြောပြီးပြီပဲလေကွာ၊ သားသမီးဆိုတာ ကိုယ်နဲ့ကံစပ်မှရတာ၊ ရချိန်တန်ရမှာပေါ့ကွာ၊ မင်း အိပ်မက်,မက်နေတာပဲ ဝတ်ရည်ရာ၊ နေ့လယ်က ဘုန်းကြီးကျောင်းထဲက ညောင်ပင်ဆီကို သွားခဲ့သေးတယ်မှလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ ကမ်းပေးတဲ့ရေကို တစ်ကျိုက်ကျိုက် မော့သောက်ပြီးတော့မှ အိပ်မက်အကြောင်းကို ပြန်၍ဖောက်သည် ချမိသည်။

"အိပ်မက်ထဲမှာ ကျွန်မ ညောင်ပင်အောက်မှာ ရောက်နေတယ် ကိုအောင်၊ အဲဒီမှာ အရပ်သုံးပေလောက်ပဲ ရှိမယ် ထင်ရတဲ့ လူကလေးတစ်ယောက်ကို တွေ့တယ်၊ အဲဒါ ကျွန်မလည်း သူ့ကို အိမ်ကို အတင်းပြန်ခိုင်းတုန်း သူက ကျွန်မလက်ထဲကို ကလေးတစ်ယောက် ထည့်ပေးတယ်၊ ချစ်စရာလေး ကိုအောင်ရယ်၊ ဝဝကစ်ကစ်လေး၊ ပါးနှစ်ဖက်မှာ ပါးချွက်လေးတွေပါတယ်"

"အေးပါကွာ ... အေးပါ၊ နိမိတ်ကောင်းတယ်လို့ ပြောရမှာပေါ့၊ ငါတို့ မကြာခင် ကလေးရတော့မယ်နဲ့တူတယ်၊ ကဲ ... ကဲ ပြန်အိပ် ... ပြန်အိပ်လိုက်နော်"

သူ အိပ်ခိုင်းတော့မှ ဝတ်ရည်က အိပ်ရာပေါ်က ထ,သွားလို့ ပြတင်းပေါက်နားမှာ သွားရပ်သည်။ တန်ဆောင်မုန်း လပြည့်မို့ လကထိန်ထိန်သာလို့နေသည်။





"အိပ်မက်ထဲမှာလည်း ဒီလိုပဲ လသာနေတာ။ ကိုအောင် ... အဲဒီလရောင်အလင်းနဲ့ သူ့မျက်နှာလေးကို မြင်လိုက်ရတာ၊ အေးချမ်းလိုက်တာ အရမ်းပဲ၊ ကလေးရယ် မေမေတို့ ဆီကို မြန်မြန်လာပါတော့"

ကိုအောင်က သူမအနားကို လျှောက်လာပြီး သူမ ပခုံးကို ညင်သာစွာ ဖက်ထားသည်။ ကိုအောင်နဲ့ သူမတို့ အိမ်ထောင်သက်တမ်း ငါးနှစ်ကျော် ခြောက်နှစ်ထဲသို့ပင် ရောက်ရှိလာခဲ့သော်လည်း ကလေးတစ်ယောက်မှ မရရှိခဲ့။ မီးယပ်အထူးကု ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ဆွေးနွေးပြသခဲ့သော်လည်း ဘာမှ အရာမရောက်တာမို့ ဘုရား၊ သိကြား၊ ရုက္ခစိုးမကျန် သားဆုပန်မိပါသည်။

"လာပါ ဝတ်ရည်ရယ်၊ အိပ်ကြရအောင်နော်"

"သူ တကယ်လာတော့မှာပါ ကိုအောင်၊ သူ လာတော့မှာပါ၊ ဒါနဲ့ ကလေးပေးတဲ့ ကောင်လေးက ဘယ်သူများဖြစ်မလဲ မသိဘူးနော်"

"အစ်ကိုလည်း ဘယ်သိပါ့မလဲ ဝတ်ရည်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှင်စာတော့ မဟုတ်လောက်ပါဘူးနော် ကိုအောင်"

"ဩော် ... ဝတ်ရည်ကလည်း နေ့တိုင်း ဘုရားရှိခိုး အဓိဋ္ဌာန်ဝင်နေတဲ့ဟာကို"

"ဟုတ်ပါတယ်၊ သူ ဘယ်သူပဲဖြစ်ဖြစ် ဝတ်ရည် သူ့ကို ကျေးဇူးတင်ပါတယ်"

တကယ်လည်း ထိုနေ့မှစရေတွက်၍ တစ်နှစ်ခွဲတိတိတွင် အလွန်တရာ ချောမောပြီး ချစ်စရာကောင်းသော သားယောကျ်ားလေးတစ်ယောက်ကို သူတို့ ဖွားမြင်ကြသည်။ ထိုလူသားလေးအား မည်သည့်ပုဂ္ဂိုလ်က ပေးသနားလဲ ဆိုတာကိုတော့ ...။





## ၂

"ရှင့် ... မနက်ဖြန် ငါတို့ အင်းစိန်မှာ လက္ခဏာသွားကြည့်မလို့ လိုက်ဦးမလား၊ ခေါ်သာခေါ်ရတာပါဟာ၊ နင် စိတ်မဝင်စားဘူးဆိုတာ ငါတို့ သိပါတယ်"

ကျောလယ်အထိ နက်ဆံပင်အသား ဖြောင့်စင်းစင်းလေးနှင့် အမြဲလိုလို Style ကျအောင် ဝတ်တတ်စားတတ်သော "ရဲရဲရှင့်"က အပြင်ပုံပန်းကသာ မိန်းကလေးလို လှလှပပချောချောမွေ့မွေ့ ရှိငြားလည်း စိတ်ဓာတ်ကတော့ ယောကျ်ားတစ်ယောက်လို မာကျောကြွပ်ဆတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"သိရင်လည်း အာညောင်းခံပြီး ခေါ်မနေနဲ့တော့ပေါ့၊ ခက်တယ်ဟာ၊ နင်တို့မိန်းကလေးတွေ တစ်ဆိတ်ရှိ ဗေဒင်တွက်မယ်၊ လက္ခဏာကြည့်မယ်၊ အကြားအမြင်ဆိုလည်း နင်တို့ပဲ"

"အံမာ ... နင်ကရော မိန်းကလေး မဟုတ်တာကျလို့"

"သူ့ကြည့်ရတာ မိန်းမယောင်များ ဆောင်ထားလေသလား"

ရင့်ကတော့ တစ်ယောက်တစ်ပေါက်စီ သူမကိုစ,နေကြတဲ့ သူငယ်ချင်းတွေကို တစ်စက်လေးမှကို စိတ်မဆိုးပါ။ သူတို့ပြောမယ်ဆိုလည်း ပြောစရာ။ ရင့်က မိန်းကလေးတော်တော်များများနဲ့ Character ကို မတူတာပါ။ ကျောင်းတက်နေရလို့သာ မြန်မာဆန်ဆန်လေး ဝတ်နေရပါသည်။ ကြည့်လိုက်ရင်တော့ ဖြူဖြူစင်စင် မြင့်မြင့်မားမားနဲ့ ဆံပင်စင်းစင်း၊ ကိုယ်လုံးလှလှနဲ့ ကောင်မချောလေးတစ်ယောက်ပေါ့၊ ကျောင်းကပြန်ပြီဆိုတာနဲ့ ရှပ်အင်္ကျီနဲ့ ဘောင်းဘီတို့ကို ကောက်လဲပြီး တစ်နေ့တာ စိတ်ကျဉ်းကျပ်ခဲ့လေသမျှ အတိုးချ အသက်ရှူရတော့သည်။





"ဒီမှာလေ ကြာညိုပေါ့၊ သူ့ဘဲဘဲနဲ့ ကွိုင်တက်နေလို့ လက္ခဏာဆရာဆီသွားပြီး သူ့နှလုံးသားလမ်းကြောင်းသွား စစ်ချင်လို့တဲ့"

"ဟား ဟား ... နင်တို့မို့လို့ အချိန်ကုန်ခံ၊ ပိုက်ဆံကုန်ခံပြီးပဲ သွားအညာခံတယ်၊ ကြာညိုမ ... နင့်ကို ငါယတြာကောင်းကောင်းပေးမယ်"

ကြာညိုက ရင့်စကားကြောင့် မျက်လုံးလေးတွေ အရောင်တောက်သွားသည်။

"အခု နင့်လက်ကို ဆုပ်ထားလိုက်"

"ထားလိုက်ပြီ"

"နင့်ရဲ့လက္ခဏာလမ်းကြောင်းတွေက ဆုပ်ထားတဲ့ နင့်လက်ထဲမှာပဲရှိတယ်၊ အဲဒီလိုပဲ နင့်ကံကြမ္မာကိုလည်း နင်ပဲပိုင်တယ်၊ ဒီတော့ အချစ်ရေးမှာ ကံမဆိုးချင်ဘူးမှလား"

"အေး"

"အဲဒါဆို ဒီနေ့ကစ,ပြီး နင်ဘယ်ကောင်လေးကိုမှ မျက်လုံးချင်းဆိုင်မကြည့်၊ စကားမပြော၊ မပတ်သက်ဘဲ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး နေလိုက်လေ၊ အချစ်အတွက် ကံဆိုးစရာ အကြောင်း မရှိတော့ဘူးပေါ့၊ ဟုတ်တယ်ဟုတ်”

“ဟွန်း … အကောင်းမှတ်လို့နားထောင်နေတာ”

“ငါလည်း အကောင်းပြောနေတာပဲ၊ ငါပြောတာ မှားလို့လား”

“အေးပါ … ရင့်ရယ်”

သူငယ်ချင်းတွေနဲ့ စကားကောင်းနေတုန်း ခပ်လှမ်းလှမ်းကနေ နှစ်လက်မနီးပါးမြင့်တဲ့ဒေါက်နဲ့ ကနွဲ့ကလျ လျှောက်လာတဲ့ ရင့်တို့မေဂျာကွင်းဆီ ရင့်အကြည့်ရောက်သွားမိသည်။ ဘယ်ဘဝက ရေစက်ကြောင့်လည်းတော့ မပြောတတ် ရင့်နဲ့သူ တစ်ခါဖူးမှ စကားမပြောဘူးသော်လည်း တစ်ယောက်နဲ့တစ်ယောက် အမြင်ကတ်နေကြတာကိုတော့ မနော မနောချင်း သိနေကြပါသည်။

သူမဘေးနားက အခြံအရံဘော်ဒါနှစ်ယောက်ကလည်း ရင့်မျက်လုံးထဲမှာ cross ဖြစ်လွန်းသည်။ ကွင်းရဲ့သူငယ်ချင်းဖြစ်ရတာကိုပဲ အရမ်း proud ဖြစ်နေတဲ့ပုံတွေ မဟုတ်လား။





“ဟဲ့ … နှင့်ရဲ့အေးချမ်းမြင့်မိုရ် အကြောင်းလည်း ပြောပါဦး ရင့်”

“ဒီလိုပါပဲ … အေးဆေးပါ”

“အေးဆေးပါ လုပ်မနေနဲ့နော် ရင့်၊ တော်ကြာ သူများလက်ထဲ ပါသွားလိမ့်မယ်”

“ငါ့လက်ထဲက ဘယ်သူလုရဲလို့လဲ”

“အေးပါဟယ် … နှင့်ဘဲက အရမ်းမိုက်တော့ ငါတို့က ကြားထဲက စိတ်မချဖြစ်နေလို့ သတိပေးတာပါ ရင့်ရယ်”

“ထားလိုက်ပါ၊ ယောကျ်ားတွေကို သည်းသည်းလှုပ်သိပ်မလုပ်ပြရဘူး၊ ရောင့်တက်ကြလို့လေ၊ ဖောက်လာရင်တော့ get out ပေါ့ဟာ၊ ဘာထူးဆန်းတာကျလို့”

“နင် သူ့ကိုမချစ်ဘူးလား ရင့်”

အမှန်အတိုင်း ဝန်ခံကြေးဆိုရင် သူ့ကို စူးစူးနစ်နစ် မချစ်ခဲ့ပါ။ ရုပ်လေးချော၊ ချမ်းလည်းချမ်းသာပြီး ရင့်ကိုလိုက်တဲ့ လူတွေထဲမှာ သူက ပြိုင်ဘက်မရှိအောင် သာလွန်နေသူမို့သာ တွဲပျော်တယ်ဆိုတဲ့ သဘောမျိုးနဲ့ လက်ခံမိတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေပြေချို ဆိုတဲ့ကွင်းနဲ့ သူ့ဘော်ဒါနှစ်ယောက်က ရင့်တို့နဲ့ ကျောချင်းကပ်ဝိုင်းမှာ ဝင်ထိုင်လိုက်ကြချိန်တွင် ရင့်တို့လည်း စကားစ,ပြတ်သွားကြသည်။

"ဟိတ် ... ရင့်"

"အမယ်လေး ... လန့်လိုက်တာ ကျော်စွာရယ်"

ရှေ့ကစားပွဲခုံပေါ်ကို ဖြန်းခနဲရိုက်ရင်း နားနားကပ်ခေါ်လိုက်တာကြောင့် ရင့် တကယ်ပဲ လန့်လို့သွားပါသည်။ သူက ရင့်တို့ဝိုင်းမှာထိုင်ဖို့ ဟိုဟိုဒီဒီ မျက်စိကစားရင်း ဟိုဘက်ဝိုင်းက ထိုင်ခုံပိုတစ်လုံးကို လှမ်းဆွဲယူ၏။

"ဟဲ့ ... ခုံဆွဲတယ်ဆိုရင်လည်း သေချာကြည့်လေ၊ ဒီမှာ အိတ်တင်ထားထာ မတွေ့ဘူးလား"

ထိုင်ခုံလွတ်ပေါ် တင်ထားတဲ့ စလင်းဘတ် အောက်ပြုတ်ကျသွား၍ ရန်တွေ့သံကို ကြားလိုက်ရတယ် ဆိုရင်ပဲ ရင့်နောက်သို့ လှည့်ကြည့်မိသည်။

"sorry ပါဗျာ"





"ဘာ sorry လဲ၊ မျက်စိများ ကန်းနေသလား မသိဘူး၊ အိတ်ကြီးတစ်လုံး တင်ထားတာတောင် မတွေ့နိုင်ဘူးဖြစ်နေရအောင်"

ကျသွားတဲ့အိတ်က physic မေဂျာကွင်း လေပြေချိုရဲ့အိတ်ဖြစ်ပြီး ရန်ထောင်သူတွေကတော့ သူမကျွေးတာစား၊ ပေးတာယူ၊ ခိုင်းတာလုပ်သည့် သူမရဲ့လက်ပါးစေနှစ်ဦးသာ ဖြစ်တော့သည်။

"တောင်းပန်ပြီးပြီပဲလေဗျာ"

"ဟော့ ... ကျော်စွာ၊ တော်ပြီ ပြောမနေနဲ့တော့၊ လာထိုင်"

တဆူဆူ တဆောင့်ဆောင့်နှင့် မကျေနိုင် မချမ်းနိုင်ဖြစ်နေတဲ့ ထိုမိန်းမနှစ်ယောက်ကို သိပ်ကြည့်မရချင်တော့တာမို့ ရင့် ဝင်ပါလိုက်ရပါသည်။

ရင့်ကို သူတို့သုံးယောက်လုံးက အမြင်ကတ်တဲ့အကြည့်တွေနဲ့ လှမ်းလို့ကြည့်ကြသည်။ ကျော်စွာကတော့ ရင့်စကားကို နားထောင်ပြီး ရင့်ဘေးနားမှာ ခုံချပြီး ဝင်ထိုင်၏။ ပြီးတော့ ရင့်တို့မေ့မေ့ပျောက်ပျောက်ပဲ စကားတပြောပြော တဝါ



www.burmeseclassic.com

www.burmeseclassic.com



ဝါး တဟားဟား ရှိကြပါသည်။ မကြာပါ သူမတို့သုံးယောက် ဆိုင်ထဲက ထွက်သွားကြသည်။ ရှင့်တို့စားပွဲကို ဖြတ်ကျော်သွားပြီးတော့မှ လေပြေချိုက ရှင့်ကို တစ်ချက်လှည့်ကြည့်သည်။ သူမ မျက်ဝန်းထဲမှာ ရှင့်ကို မနှစ်မြို့ဟန်က အထင်းသားပဲလေ။ ရှင့်ကလည်း အားကျမခံ ခပ်တင်းတင်းပဲ ပြန်ကြည့်ပေးလိုက်ပါသည်။

❋ ❖ ❋





## ၉ ၊ ၁

အခန်းတံခါးခေါက်သံကြောင့် သစ္စာ အိပ်ရာထဲက ထ,ထိုင်လိုက်သည်။ တံခါးခေါက်သံက ဖြည်းဖြည်းမှန်မှန်၊ ခေါင်းရင်းကနာရီကို ကြည့်လိုက်တော့ ညဆယ့်တစ်နာရီ ကျော်ပြီ။ မေဝတ်ရည်များလား။ သူမ အိပ်ရာထဲကထ,ပြီး တံခါးဖွင့်လိုက်တော့ တူလေး"ခန့်သောကို"ကို တွေ့လိုက်ရသည်။

"သားလေး ဘာဖြစ်လို့လဲ၊ ဘာလိုချင်လို့လဲ"

"ခန့်သောကို"က သူမစကားကို တစ်လုံးမှမပြောဘဲ အခန်းထဲက စာကြည့်စားပွဲမှာ ဝင်ထိုင်ပြီး ဘောပင်တွေထည့်ထားတဲ့ ဖန်ပုလင်းထဲက ဘောပင်တစ်ချောင်းကို နှိုက်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်ကစာအုပ်တစ်အုပ်ကို ကောက်ယူလို့ တစ်စုံတစ်ရာကို ရေးခြစ်လို့နေသည်လေ။

သူ့ပုံစံက normal မဟုတ်တာ သူမ သတိပြုမိပါသည်။ ကြည့်သာကြည့်ပြီး မြင်တဲ့ပုံလည်းမပေါ်။ ဒါဆို သူဘာလို့ စာရေးနေတာလဲ။ ကျောင်းစာတွေ စိတ်ဆွဲပြီးတော့များ ထယောင်နေတာများလား။

သစ္စာ သူ့ပေါ်ကနေ ငုံ့မိုးလို့ စာအုပ်ထဲ သူရေးတာကို ဖတ်မိပါသည်။

ကိုကျော်သူရ ... ကိုကျော်သူရ ... ကိုကျော်သူရ... ကိုကျော်သူရ။

"ဟင်"သစ္စာ ပါးစပ်အဟောင်းသားနှင့် အံ့ဩလို့သွားသည်။ သူရေးနေတာ ဒီနာမည်တစ်ခုတည်း စာမျက်နှာတစ်ခုလုံး ပြည့်မတတ်။

"သားလေး ... သားလေး"

သစ္စာ "ခန့်သောကို"ရဲ့ကိုယ်ကို လှုပ်လို့ခေါ်မိသည်။ သုံးလေးငါးကြိမ်လောက် ခေါ်လို့အပြီးမှာမှ သူ သတိဝင်





လာဟန်နှင့် ပြူးပြူးပျာပျာနှင့် အခန်းထဲကို လှည့်ပတ်ကြည့်ရင်း ...

"တီလေးအခန်းထဲ သား ဘယ်လိုရောက်နေတာလဲ"

ပြောပြီးတော့ သူ့ရှေ့က စာအုပ်ထဲကို ငုံ့ကြည့်လိုက်ပြီး ...

"ဒါ သား ရေးထားတာလား"

"ဟုတ်တယ်လေ သားရဲ့၊ ဘာလို့ သား ဒီနာမည်ကိုချည်း ရေးနေတာလဲ၊ အဲဒီလူကို သား သိလို့လား၊ ဒီလူ သားကို ဘာလုပ်ခဲ့လို့လဲ၊ တီလေးကို ပြောစမ်း"

"မသိဘူးလေ"

"ဟမ်"

စာအုပ်ကိုတစ်လှည့် ကြောင်တောင်တောင်မျက်နှာဆေးနဲ့ "ခန့်သောကို"ကိုတစ်လှည့် ကြည့်ရင်း သစ္စာ နားမလည်နိုင်အောင် ဖြစ်ရသည်။

"ကဲ ... ကဲ ... သား သွားအိပ်တော့၊ နေဦး ... နွားနို့လေး တစ်ခွက် သောက်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



တူတော်မောင့်လက်ကိုဆွဲပြီး သစ္စာ ထမင်းစားခန်းဘက်သို့ ထွက်လာခဲ့သည်။ အေးလေ ... ကလေးတွေ ကြီးကောင်ဝင်စအရွယ်တွေမှာ sleepwalking တွေ ဖြစ်တတ်တာပဲ။ ဒါပေမဲ့ နာမည်တစ်ခုကြောင့်တော့ သူမ စိတ်ထဲ စနိုးစနောင့် ဖြစ်မိပါသည်။

"သား အိပ်မက်များ မက်သေးလား"

"မမက်ပါဘူး၊ သားဘာသာ စာကျက်ပြီး အခန်းတံခါးကို ဂျက်ထိုးအိပ်တာ"

စိမ်းညို့နက်မှောင်နေတဲ့ မျက်ခုံးမွေးတွေအောက်က ရီဝေဝေ မျက်ဝန်းတစ်စုံ၊ ပင်ကိုရဲနေသော မထူမပါး နှုတ်ခမ်းတစ်စုံနှင့် ပြုံးလိုက်တိုင်း ပါးနှစ်ဖက် ပါးခွက်လေးတွေ ထင်းခနဲ ပေါ်လွင်ပြီး ချောမောတဲ့ လူပျိုဖော်ဝင်စ တူချောလေးကို သစ္စာ ခပ်ငေးငေးသာ ကြည့်နေမိပါသည်။

နောက်နေ့မနက်ရောက်တော့ မမဝတ်ရည်ကို ညက ခန့်သောကို အခန်းထဲရောက်လာပြီး စာအုပ်ထဲရေးခဲ့တာတွေကို သက်သေနဲ့တကွ ပြောပြတော့ မမဝတ်ရည်မှာ အံ့သြမဆုံး။





"အဲဒါ ဘာဖြစ်မယ်လို့ ထင်လဲ မမဝတ်ရည်"

"ငါလည်း ဘယ်သိပါ့မလဲ၊ ထူးခြားတာတော့ အမှန်ပဲ၊ ဟင် ... ငါ စဉ်းစားမိပြီ၊ ဒါ နင်နဲ့ပတ်သက်ရမယ့်လူများလား"

"အိုး ... ပေါက်ပေါက်ရှာရှာ၊ သစ္စာ အိမ်ထောင်ပြုဖို့လုံးဝကို မစဉ်းစားထားတာ၊ ဒီအသက်အရွယ်ပဲ ရောက်နေပြီ"

နှင်းသစ္စာက ကိုအောင်ဆင့်ရဲ့ တစ်ဦးတည်းသော ညီမဖြစ်ပြီး အသက်လေးဆယ့်သုံးနှစ်အရွယ် ရှိပြီဖြစ်တဲ့ ကျောင်းအုပ်ဆရာမ အပျိုကြီးဖြစ်သည်။ ကျောင်းနဲ့အိမ်ကလွဲပြီး ဘယ်ကိုမှမသွားဘဲ အိမ်ထဲမှာပဲ အိမ်မှုကိစ္စတွေလုပ်ပြီး ခပ်အေးအေးနေသူတစ်ယောက်ပါ။

"ငါ့သားက နယ်နယ်ရရ မဟုတ်ဘူးနော် လျှော့မတွက်နဲ့၊ သေချာပါတယ် နင်နဲ့ ပတ်သက်ရမယ့်လူမို့လို့သာ သူ တခုတ်တရ လာပြီးရေးတာ ဖြစ်မယ်၊ ကေနဲ့ သူ့ကိုပေးတဲ့ ဟိုကလေးကများ ဝင်ပူးပြီး ..."

"ဩော် ... တော်ပါတော့ မမဝတ်ရည်ရယ်၊ ပေါက်တတ်ကရတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငါအတည်ပြောနေတာ၊ အစုတော့ စောင့်ကြည့်ရုံပေါ့၊ တကယ်လို့သာ သူရေးတဲ့ ဒီကျော်သူရဆိုတဲ့လူဟာ နှင့်ဖူးစာရှင် တကယ်ဖြစ်ခဲ့ရိုးမှန်ရင် ငါ့ကို သားလေးပေးခဲ့တဲ့ အဲဒီလူဟာ ဖူးစာရေးနတ်ပဲ"

သစ္စာကတော့ ခေါင်းတခါခါလုပ်ရင်း မမဝတ်ရည်ရှေ့က ထွက်လာခဲ့ပါသည်။ ထူးဆန်းတာ မှန်ပေမင့် ဒီကိစ္စကြီး တကယ်ဖြစ်ဖို့ ဆိုတာက ...။

ကျောင်းရောက်လို့ ရုံးခန်းထဲမှာ လက်ဆွဲခြင်းချရုံရှိသေးသည်။ လူတစ်ယောက်က အခန်းဝမှာ လာရပ်သည်။

"ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းသစ္စာနဲ့ တွေ့ချင်လို့ပါ"

"ဪ ... ဟုတ်ကဲ့၊ လာပါ ... ဝင်ခဲ့ပါ"

ထိုလူက အသက်လေးဆယ်ပတ်ဝန်းကျင်လောက်ရှိမည်ထင်ရပြီး အသားညိုညိုစိုစို ထောင်ထောင်မောင်းမောင်းနှင့် ကြည့်ကောင်းလှ၏။

"မနေ့က ရန်ဖြစ်တဲ့ ဇော်သူရိန်ရဲ့ အုပ်ထိန်းသူပါ၊ ဆရာမကြီး တွေ့ချင်တယ်ဆိုလို့"





"ဪ ... ဟုတ်ပါတယ်၊ ကလေးရဲ့အဖေလား မသိဘူးနော်"

"မဟုတ်ပါဘူး ခင်ဗျာ၊ သူရိန့်ရဲ့မိဘနှစ်ပါးလုံ အက်ဆီးဒင့်ဖြစ်ပြီး ဆုံးပါးသွားလို့ ကျွန်တော် သူ့ကိုမွေးစားခဲ့တာပါ၊ ကျွန်တော်က သူ့ဦးလေးပါ"

"ဪ ... စိတ်မကောင်းလိုက်တာရှင်၊ ကျွန်မ ဝကယ် မသိလို့ပါ၊ ဒါကြောင့်ထင်တယ် ကလေးက တော်တော်ဆိုးတယ်၊ အမြဲလိုလို ရန်လိုနေတယ်တတ်၊ ထစ်ခနဲရှိ သူပဲ ဖြစ်နေတော့ ကျောင်းသားမိဘတွေကလည်း ပြောကုန်ကြပြီလေ"

"ဟုတ်ပါတယ် ဆရာမကြီးရယ်၊ ကျွန်တော်လည်း အလုပ်တစ်ဖက်နဲ့ဆိုတော့လေ ..."

"ဟုတ်ကဲ့ ... ကျွန်မ နားလည်ပါတယ် ကို ......"

"ကျော်သူရပါ ဆရာမကြီး"

"ရှင်"

မထင်မှတ်ဘဲ သူ့ဆီက ထွက်ကျလာတဲ့ နာမည်တစ်ခုကြောင့် သစ္စာ အတုန်လှုပ်ကြီး တုန်လှုပ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားတာလဲ ဆရာမကြီး၊ ဘာဖြစ်လို့လဲဟင်"

"ဟင် ... ရှင် ... ဘာမှ မဖြစ်ပါဘူး"

အဲဒီနေ့ အိမ်ပြန်ရောက်ရောက်ချင် မမဝတ်ရည်ကို ဖောက်သည်ချတော့ မမဝတ်ရည်လည်း အံ့အားတွေသင့်လို့။ တကယ်လို့များ အဲဒီ ကျော်သူရဆိုတဲ့လူ သစ္စာနဲ့ တစ်ချိန်မှာ ပတ်သက်ခဲ့မယ်ဆိုရင် ခန့်သောကို,ကို ဘယ်လိုပုဂ္ဂိုလ်မျိုးက ပေးခဲ့တယ်ဆိုတာ တစ်ထစ်ချကို ဆုံးဖြတ်လို့ရမည်တဲ့။

တကယ်ပဲ နောက်တစ်နှစ်အကြာမှာ ကျော်သူရနဲ့ သစ္စာတို့ လက်ထပ်ဖြစ်ခဲ့ကြပါသည်။ ဒီအကြောင်းကို သူ့ကို ပြောပြတိုင်း သူ့မှာ အံ့သြမဆုံး။ အမှတ်တရအဖြစ် သိမ်းထားတဲ့ ဗလာစာအုပ်လေးရဲ့ စာမျက်နှာကို သူ့ကိုဖွင့်ပြမိပါသည်။ သူက တောင် ခန့်သောကို,ကို ဗေဒင်ဟောစားမိုင်းရင် မမဝတ်ရည်တို့တော့ နိုင်ပြီလို့ အရွှန်းဖောက်နေသေးသည်။

❋ ❖ ❋





## ၄

လူတစ်ယောက်နဲ့ တစ်ခါဖူးမှ စကားမပြောဘူးပါပဲ နဲ့ ဘာလိုင်းကြီး အမြင်ကတ်တာမျိုး လေပြေ့ဘဝမှာ မရှိခဲ့ဘူးပါ။ ရဲရဲရင့်နဲ့ မတွေ့ခင်ထိ ဆိုပါတော့။ ဘယ်နေရာမှာမဆို ပြိုင်ဘက်မရှိ ချောမွေ့လွန်းတဲ့ လေပြေရဲ့ဘဝမှာ လူတကာရဲ့ အာရုံစိုက်မှုကို ခွဲဝေယူရတာမျိုးလည်း တစ်ခါမှ မရှိခဲ့ဘူးပါ။ ရဲရဲရင့်နဲ့တွေ့မှသာ လေပြေ့ရဲ့ရာဇဝင်မှာ စာတင်လောက်မယ့် အကြောင်းအရာတွေ ပေါ်ပေါက်ရတာဖြစ်သည်။

"အဲဒီ ရဲရဲရင့်ဆိုတဲ့ကောင် ကြည့်ရတာ နည်းနည်းလေးမှ အချိုးမပြေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ငါလည်း အဲဒီမိန်းမကို တစ်စက်မှကြည့်မရဘူး"

လေပြေချိုကတော့ သူငယ်ချင်းနှစ်ယောက်ရဲ့စကားကို စိတ်ထဲက ကျိတ်ထောက်ခံနေပါသော်လည်း ပါးစပ်ကတော့ ဘာစကားမှ ထွက်မကျခဲ့။ ဒါက လေပြေချိုရဲ့ style လေ။ လေပြေချိုတို့က အပြောထက် လက်တွေ့ကို ပိုစိတ်ဝင်စားတတ်သူမို့ သူလည်းမကြား ကိုယ်လည်း အရာသိုလ်များတာအပြင် ဘာအကျိုးမှမရှိတဲ့ လုပ်ရပ်မျိုးကို ပါဝင်မဆင်နွှဲလိုပါ။

"သူ့ဘဲက GTC တက်နေတာ၊ နာမည်က အေးချမ်းမြင့်မိုရ်တဲ့၊ အရမ်းချမ်းသာတယ် ပြောတယ်"

"ဟုတ်လား"

ဒီစကားကို စိတ်လိုလက်ရ ဝင်ပြောတဲ့သူက လေပြေချိုပါ။

"ဟုတ်လို့လား သိဂီရယ်၊ ကျောင်းလိုက်လာတာလည်း တစ်ခါမှ မတွေ့ဖူးဘူး"





"ဟုတ်တယ် ... ခိုင်လုံတဲ့သတင်းရပ်ကွက်က ရထားတာ၊ သူ့ဘဲနဲ့ အပြင်မှာပဲ တွေ့တာတဲ့၊ သူ့ကျောင်းကိုယ့်ကျောင်း မလာကြေးတဲ့"

"ဟင် ... အဲဒါက ဘာအထာလဲဟ"

"ဘာအထာလဲဆိုတော့ သူ့ကို ကောင်လေးတွေ စိတ်ဝင်စားမှုလျော့ပါးသွားမှာ စိုးလို့ပေါ့ဟာ၊ တစ်ဖက်ကလည်း ဘဲထောထောကို လက်မလွှတ်ချင်ဘူးလေ၊ ယောကျ်ားလေးက ဘာဖြစ်မှာလဲ ပိုကြိုက်တာပေါ့၊ သူလည်း GTC မှာ ပတ်ရှုပ်နေတာပဲတဲ့"

"ဒါပေမဲ့ ရဲရဲရင့်ကိုတော့ မဖြတ်ဘူးမှလား"

"မဖြတ်လို့ မြဲနေတာပေါ့ လေပြေရဲ့၊ ဒါနဲ့ ဘာဖြစ်လို့ မေးတာလဲဟင်"

"ဘာမှမဟုတ်ပါဘူး"

လေပြေချိုက ပြန်လျှိုထားလိုက်ပေမင့် စိတ်ထဲကတော့ GTC မှာ တက်နေကြတဲ့ သူငယ်ချင်းတွေဆီက "အေးချမ်းမြင့်မိုရ်"ရဲ့ သတင်းတွေ နှိုက်ထုတ်ဖို့ တေးထားမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လေပြေနဲ့ ရဲရဲရင့်က မေဂျာချင်းတူပေမယ့် အခန်းချင်းတော့ မတူ။ သို့သော်လည်း သတင်းကြီးသူ အချင်းချင်းမို့ တစ်ယောက်နဲ့ တစ်ယောက်တော့ အကဲခတ်မျက်ဝန်းတွေနဲ့ မကြာမကြာ ကြည့်တတ်ကြပြီး ကိုယ့်အမြင်နဲ့ကိုယ် မှတ်ချက်ကိုယ်စီတော့ ချတတ်ကြသည်။

ရဲရဲရင့်က မျက်လုံးလေးနဲ့ စားနေတာလေ။ သူမ မျက်လုံးတွေ အမြဲတစေ အရည်ကြည့်ပြီး တောက်ပ‌ရွှန်းစိုနေတာလေ။ ဒီမျက်လုံးတွေရဲ့အကြည့်အောက်မှာပဲ ယောကျ်ားတကာတို့ ပြားပြားမှောက်လို့ပေါ့။ လေပြေကတော့ မျက်နှာပြင်တစ်ခုလုံးရော၊ ကိုယ်လုံးကိုယ့်ပေါက်ပါ အပြစ်ပြောစရာမရှိအောင် လှပသူဆိုတော့ ဒီလို တစ်ခုတည်း ထင်ရှားနေတာမျိုးတော့ မရှိဘူးပေါ့။ အားလုံးက အဆင်ပြေလှပနေတာကိုး။

အခု ရှေ့မှာမြင်တွေ့နေရတဲ့ မြင်ကွင်းကိုကြည့်ပြီး လေပြေ့ရင်ထဲ ကလိ ကလိ ဖြစ်နေမိသည်။ ရဲရဲရင့်ကို ကောင်လေးတစ်ယောက်က အနားကနေ တတွတ်တွတ် လိုက်စကားပြောနေ၍ပါ။





"ကြည့်စမ်း... ကြည့်စမ်း ... လေပြေ၊ ဒါ first year တုန်းက နင့်အသေလိုက်တဲ့ နောင်နောင်မျိုးဆိုတဲ့ကောင် မှုလား"

အနောက်ကို တစ်ချက်မျှ လှည့်ကြည့်ပြီး လေပြေ့ကိုတွေ့တော့ မျက်နှာပျက်မပြဘဲ ဘေးနားက ရဲရဲရင့်ဘက်ကိုသာ အာရုံပြန်စိုက် တတွတ်တွတ် ရည်းစားစကား ပြောနေတဲ့ နောင်နောင်မျိုးကို လေပြေ တကယ်ရွံရှာစက်ဆုပ်မိပါသည်။

"ငါ့မှာ ဘဲရှိတယ်လို့ ဘယ်နှခါပြောရမလဲ၊ ဇယားကွက်တွေ လာရှေ့မနေနဲ့၊ တာ့တာပြရင် ထွက်ခွာသွားရတယ်ဆိုတာ နားမလည်ဘူးလား"

"ရင့်မှာ ဘဲရှိတာ ကိုယ်ယုံကြည်အောင် သက်သေပြရင် ကိုယ် နားလည်စွာနဲ့ ဆုတ်ခွာပေးမှာပါ"

"ကျွတ် ... တော်တော် လက်ပေါက်ကတ်တာပဲ"

ရင့် ဒီလိုနားပူနားဆာတိုက်တဲ့ ကောင်မျိုးတွေဆိုရင် စကားလုံးကြမ်းကြမ်းတွေ သုံးတတ်သည်။ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အတ္တလေးတွေ ကိုယ်စီရှိတတ်ကြပြီး အကြောင်းတိုက်ဆိုင်မှ ပေါ်လာတတ်တဲ့ မာနလေးတွေလည်း ရှိတတ်ကြပါ

www.burmeseclassic.com



သည်။ ဒီကောင့်မှာတော့ မာနမရှိလေသလား မသိ။ ဒီလောက် တောက်လျှောက် အာပေါက်အောင် ပြောနေတာတောင် နာပုံမရ။

"မြင့်မိုရ်ရေ ... ဒီနေ့ ကျောင်းဆင်းရင် ခဏလောက် လှည့်ဝင်ခဲ့ပါဦး၊ အရုပ်ထုပ်တစ်ခုကို ရှင်းမပြစ်မှာမို့ပါ"

ဘေးနားက ဖြတ်လာတဲ့ လေပြေ တစ်ယောက် ရဲရဲရင့်ရဲ့စကားကြောင့် မျက်နှာလေး ပြုံးယောင်သမ်းသွားမိသည်။ ဟိုမှာတောင် သူ့အရုပ်တွေသူ မနည်းကို ရှင်းနေရတာမှလား။ confident ရှိလွန်းသည်ဟုပဲ ဆိုရမလား။ လူတကာ ကိုယ့်ရည်းစား၊ သူ့ရည်းစား မဏ္ဍာပ်တိုင် တက်ပြချင်နေတဲ့အချိန်မှာ သူမက ပစ်ထားပြီး သူမအပါးက ထွက်မသွားနိုင်အောင် ထိန်းထားနိုင်တာကိုပဲ ဂုဏ်ယူနေတာလား။ ဒါမှမဟုတ် တကယ်ပဲ အဲဒီဘဲကို မချစ်တာများလား။ အကယ်၍များ ဒီဘဲက သူ့ကို လုံးလုံးခေါက် သွားမယ် ဆိုရင်ရော ရဲရဲရင့် ဘယ်လိုခံစားသွားရမလဲ သိချင် စမ်းပါဘိ။

လေပြေ ပါးစပ်ဟဖို့ စီစဉ်လိုက်စဉ်မှာပင် သင်္ကြိနဲ့ စံပယ်ပါးစပ်က ပြိုင်တူထွက်လာကြတာကတော့ ...





"ဒီနေ့ ရဲရဲရင့်ရဲ့ဘဲ' ဆိုတာကို စောင့်ကြည့်လိုက်ကြရ အောင်"

လူတစ်ယောက်ကို ချစ်တယ်ဆိုတာလည်း စိတ်ဝင်စားမှုတစ်ခု ဖြစ်သလို၊ မုန်းတယ်ဆိုတာလည်း စိတ်ဝင်းစာမှုရှိလို့ ဒါပဲ။ အခုလည်း တစ်သက်လုံးက သူများအကြောင်း ခေါင်းထဲ ထည့်တတ်တဲ့ လေပြေချိုတစ်ယောက် ရဲရဲရင့်က နောင်နောင်မျိုး ကို ချိန်းလိုက်သည့် နောက်ဆုံးအချိန်ကို အတန်းဖျက်ပြီးတော့ ဆောင် စောင့်ကြည့်ဖြစ်ပါသည်။

တကယ်ပဲ သူက အရမ်းလန်းတဲ့ ဘဲတစ်ရွေပါ။ ကိုရီးယားမင်းသားစတိုင်လ်မျိုး။ လေပြေ ဘာမှ တွေတွေထူးထူး မလုပ်ခဲ့ပါ။ သူတို့ထိုင်တဲ့ ကန်တင်းရှေ့မှာ ကိုယ်ထင်ပြပြီး အမှတ်တမဲ့ သဘောမျိုးနဲ့ သူနဲ့ မျက်လုံးချင်းဆုံအောင် ကြည့် လိုက်တာပဲဖြစ်သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၉ ၁ ၉

ရှိဝေသောမျက်ဝန်း၊ ပြုံးရယ်လိုက်တိုင်း ပေါ်သွားတဲ့ ပါးခွက်လေးနှစ်ဖက်နဲ့ မျက်နှာချိုတဲ့လူချောလေး "ခန့်သောကို" ကို သူငယ်ချင်း ရောင်းရင်းအပေါင်းတို့က ဆရာတစ်ဆူလို ကိုးကွယ်ကြပါသည်။ ကိုးကွယ်ကြသည် ဆိုတာလည်း အကြောင်း ရှိသည်။

"လာမယ့် တနင်္လာနေ့ လိုက်ကြည့်ကွာ၊ သူ့ဆီက ကျိန်း သေပေါက် အဖြေရမှာ သေချာတယ်"

"မင်း သေချာတယ် ဆိုရင်တော့ ငါ စိတ်အေးသွားပြီကွာ"





"ဘဝလက်တွဲဖော် ဖြစ်လိမ့်မယ်လို့တော့ ငါ မပြောဘူး နော် ဟေ့ကောင်၊ တစ်ပတ်လောက်ပဲ ချစ်သူဖြစ်ချင်ဖြစ် မယ်၊ တစ်လလောက်ပဲ ခံချင်လည်းခံမယ်၊ ရေစက်ရှိ သလောက်ပေါ့"

"အေးပါကွာ၊ နောက်ကိစ္စက နောက်ကိစ္စပေါ့"

"ခန့်သောကို"ကို ရင်းနှီးတဲ့ သူငယ်ချင်းတွေက ပုဏ္ဏားလို့ ခေါ်ကြသည်။ ကောင်မလေးတစ်ယောက်ယောက်ကို လိုက်တော့မယ်ဟေ့ဆို ခန့်သောကိုရဲ့ အကြံဉာဏ်ကို ရယူကြရတဲ့ သူတွေချည်း။

"ဟေ့ကောင် ... မင်း သူများတွေကိုချည်း အခါတွေပေး နေတာ၊ မင်းကျတော့ရော"

"ငါမှ ချစ်တဲ့သူ မတွေ့သေးတာ"

"မင်းပညာနဲ့ဆို ကောင်းကောင်းလုပ်စားလို့ ရတယ်ကွ၊ မင်းသာ ဗေဒင်ဟောခန်းဖွင့်ရင် အခုလက်ရှိ ဗေဒင်ဆရာ တွေ ထမင်းတောင် ငတ်မလားပဲ"

www.burmeseclassic.com



"ဟော့ကောင် ... ဟော့ကောင် ... တော်တော်တန်တန်လောက် မြှောက်ပါကွာ၊ ငါလည်း စိတ်ထဲပေါ်ရာ လျှောက်ပြောတာပါကွာ၊ ငါ သာမန်လူတစ်ယောက်ပါ၊ ဘာအတတ်ပညာမှ တတ်မထားပါဘူး"

"မဖြစ်နိုင်တာကွာ၊ ကြက်ကန်းဆန်အိုးတိုးတယ်လို့ ပြောရအောင်ကလည်း မင်း ခိုင်းတဲ့အတိုင်းလုပ်ရင် ကောင်မလေးတွေဆီက အဖြေပြန်ရတာချည်းပဲ ကြုံနေတော့လည်း စဉ်းစားရခက်တယ်"

"ထားလိုက်ပါကွာ"

ခန့်သောကိုက ခပ်ပြုံးပြုံးသာရှိပြီး ကော်ဖီတစ်ခွက်ကို ဖိမ်ခံပြီး သောက်နေ၏။ အန်တီလေးတုန်းက ကိစ္စကိုတော့ သူ ရေဝုံးနှုတ်ပိတ်ထားပါသည်။ ဒီလိုဖူးစာရှင်ရဲ့ နာမည်မျိုးရေးခဲ့ဖူးတာ တစ်ကြိမ်တစ်ခါတည်းပဲ မဟုတ်လား။

အခု သူတို့သူငယ်ချင်းတစ်သိုက် မြေနီကုန်းမှာ သင်တန်းတစ်ခု လှာစုံစမ်းရင်း ice berry မှာ လေကန်နေကြတာ ဖြစ်သည်။





"ဟော့ကောင် ... ဟိုရှေ့စားပွဲက စုံတွဲကို ကြည့်လိုက်စမ်း"

သူငယ်ချင်းတစ်ယောက် ညွှန်ပြတဲ့စားပွဲကို ကြည့်လိုက်တော့ ခပ်ချောချော ဘဲတစ်ပွေနှင့် အလွန့်အလွန် လှပသော ကောင်မလေးတစ်ယောက်။ လိုက်ဖက်ညီတဲ့ စုံတွဲလေးမို့ အားလုံးရဲ့မျက်ဝန်းတွေက သူတို့စုံတွဲပေါ်မှာ တဝဲလည်လည် ရှိနေကြသည်။

မမျှော်လင့်ဘဲ ရုတ်တရက် မြင်ကွင်းတစ်ခုကို မြင်လိုက်ရတယ် ဆိုရင်ပဲ သူတို့ မှင်သက်ငေးမောသွားမိကြသည်။

အနီရဲရဲတောက်တောက်ဂါဝန်လေး ဝတ်ထားပြီး ဆံပင်စင်းစင်းမည်းမည်း ဖြောင့်ဖြောင့်နှင့် ဖြူသွယ်သော ကောင်မလေးတစ်ယောက် ဆိုင်ထဲသို့ တန်းတန်းမတ်မတ် ဝင်လာပြီး ထိုစုံတွဲဘေးမှာရပ်ပြီး စားပွဲပေါ်ကို ဒုန်းခနဲ လက်သီးနဲ့ထုလိုက်လို့ပဲဖြစ်သည်။

"ဒါ ဘာလုပ်နေကြတာလဲ"

"ဟင်"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲရင့်ကိုမြင်တော့ အေးချမ်းမြင့်မိုရ်နှင့် လေပြေချို့ အံ့အားတွေ သင့်သွားကြသည်လေ။ နဂိုတောက်ပတဲ့ ရဲရဲရင့်ရဲ့ မျက်လုံးအစုံက အခုတော့ ဒေါသရောင်ကြောင့် တလက်လက် ကို စူးတောက်လို့နေသည်။

"ရင့် ... ဒါ ဘာလုပ်တာလဲ၊ ကိုယ်တို့ရိုးရိုးသားသား ဆိုင်ထိုင်နေကြတာလေ၊ မင်း လူမှုရေး ခေါင်းပါးလှချည် လား"

"နင့်ပါးစပ် ပိတ်လိုက်စမ်း အေးချမ်းမြင့်မိုရ်၊ ငါ သတင်း ကြားနေတာကြာပြီ၊ အခုမှပဲ လက်ပူးလက်ကြပ် မိတော့ တယ်၊ ဒီမှာ ... လေပြေချို့၊ နင့်ရုပ် နင့်ရည်နဲ့ ဘယ်ဘဲ ကိုမဆို ခေါင်းခေါက်တွဲလို့ ရနေရက်နဲ့ ငါ့ဘဲကိုမှ လာ မြူဆွယ်နေတာ ဘာသဘောလဲ"

"ရဲရဲရင့် ... နင့်စကားတွေ လွန်နေပြီနော်၊ နင် တော်တော် အဆင့်အတန်းမရှိတဲ့ မိန်းမပဲ"

"ဘာ ... ငါက အဆင့်အတန်းမရှိတဲ့မိန်းမ ဟုတ်လား၊ နင်ကရော ဘယ်လောက် အဆင့်ရှိလို့လဲ"





"ဟော့ ... မရှက်ကြဘူးလားကွ၊ လူတွေကြည့်ကုန်ကြပြီ၊ ရင့် ... ကိုယ်တောင်းပန်ပါတယ်ကွာ၊ မင်း ပြန်ပါတော့"

"အေး ... ပြန်မှာပါ"

ရဲရဲရင့်က ပြောလည်းပြော အေးချမ်းမြင့်မိုရ်ရှေ့က တစ်ဝက်လောက် ကျန်သေးသည့် စတော်ဘယ်ရီမစ်ခ်ရှိတ်ကို လေပြေချို့မျက်နှာကို လှမ်းပက်ပြီး ကျန်တဲ့ဖန်ခွက်လွတ်နှင့် အေးချမ်းမြင့်မိုရ် မျက်နှာကို ပစ်ပေါက်လိုက်သည်။

အဖြစ်အပျက်က မြန်ဆန်လွန်းတာမို့ အားလုံးမှင် သက်နေရာက ဖန်ခွက်ကျကွဲသံအကြားမှာ အေးချမ်းမြင့်မိုရ် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ဝုန်းခနဲ ထရပ်လိုက်သည်။ ထို အချိန်မှာ ရဲရဲရင့်က ဆိုင်အပြင်သို့ ရောက်သွားပြီဖြစ်သည်။

တစ်ရှူးနဲ့ မျက်နှာကိုရော၊ အင်္ကျီကိုပါ သုတ်နေ သည့် လေပြေချို့မျက်နှာက ရှမ်းချဉ်သီးတစ်လုံးလို တွတ်တွတ် ရဲနေ၏။ အေးချမ်းမြင့်မိုရ်ကတော့ လေပြေချို့ကို တတွတ်တွတ် နှင့် တောင်းပန်စကား ဆိုနေရှာသည်။ ကြည့်လာကြတဲ့ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်တွေကို ခံနိုင်ရည်အားမဲ့စွာနှင့် လေပြေရှူ ဆိုင်ထဲကနေ ထွက်သွားချိန်မတော့ အေးချမ်းမြင့်မိုရ်လည်း ဖန်ခွက်ဖိုး ကောင်တာမှာ အလျော်ပေးပြီး သူမနောက်ကနေ အမေတကော ပြေးလိုက်သွားပါသည်။

"ကိုရီးယားကား ကြည့်နေရသလိုပဲ"

"အေးကွာ ... သုံးယောက်လုံးကလည်း ချောချောလေးတွေဆိုတော့ ကြည့်ကောင်းသား"

"ဟိုဆော်က တော်တော်လက်ယဉ်တာပဲ၊ ရန်ဖြစ်ဖူးနေကျနဲ့ တူတယ်"

တစ်ယောက်တစ်ပေါက်စီ ချကြတဲ့ မှတ်ချက်ထဲမှာ "ခန့်သောကို"ရဲ့ မှတ်ချက်တော့ မပါဝင်ခဲ့။

"ဟော့ကောင် ခန့်သောကို၊ မင်း ဘာဖြစ်နေတာလဲ၊ ငြိမ်လှချည်လား၊ မင်းရော ဘယ်လိုမြင်လဲ"

"ငါလား ... သိပ်သဘောမကျဘူး၊ မိန်းကလေးဖြစ်ပြီး ဒီလောက် ဒေါသကြီးတာ မကောင်းဘူး၊ လုပ်သင့်မလုပ်





သင့် ဖြစ်သင့် မဖြစ်သင့် ဆင်ခြင်တုံတရား မရှိဘဲ ကိုယ်လုပ်ချင်ရာလုပ်တတ်တဲ့ မိန်းကလေးမျိုးတွေ ငါအထင်မကြီးဘူး"

"ဂါဝန်အနီနဲ့ဆော်ကို ပြောတာလား၊ ငါတို့ကတော့ သတ္တိရှိတယ်လို့ မြင်တာပဲ"

သူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ရင်း...

"မိုက်ရူးရဲဆန်တာ၊ သူတို့ကြားမှာ ဘာပြဿနာရှိလဲတော့ ငါမသိဘူး၊ ဒါပေမဲ့ သူ ဒီလိုလုပ်လို့ ဘာအကျိုးမှမရှိတာတော့ ငါမြင်တယ်၊ ဟိုဘဲက သူ့နောက်လိုက်မသွားတာ မင်းတို့အမြင်ပဲလေ"

"ဘာပဲဖြစ်ဖြစ် အနည်းဆုံးတော့ သူ လက်တုံ့ပြန်နိုင်ခဲ့တာပဲ မဟုတ်လား"

"ထားပါ ... ဒါ ငါတို့ကိစ္စလည်း မဟုတ်ပါဘူး၊ ပြန်ကြရအောင်ကွာ၊ ငါ မာမီနဲ့ သွားစရာတစ်ခု ရှိနေသေးလို့"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



# ၆

ရည်းစားလူလု အူနကျွဲခတ်ဆိုတဲ့ စကားက သွေးထွက်အောင် မှန်နေမှန်း ကိုယ်တိုင်နဖူးတွေ့ဒူးတွေ့ ကြုံမှ ရင့်သိလိုက်ရပါသည်။ လုယူသည့်သူက လေပြေချို ဖြစ်နေသည့်အတွက် ပို၍ အသည်းနာသည်။ သူ့ တမင် ရင့်ကို ပညာပြတာအသိသာကြီး။

ရင့်ရည်းစား အကောင်းစားကြီးကလည်း အလှအပကို သိပ်ခံစားတတ်တာဆိုတော့ ကိုယ့်ဆီ ဘာအတွက်ချည်းကပ်လို့ ချဉ်းကပ်မှန်း မသိဘဲ welcome လုပ်ချင်ခဲ့တာလေ။ အခုသူ ရင့်ကိုလည်း မဆက်သွယ်ရဲ။ ဟိုမိန်းမကလည်း သူ့ကိုလက်





သင့်မခံမှာ သေချာသလောက်ပင်။ သင်းရဲ့ရည်ရွယ်ချက် ရဲရဲရင့်ဆိုသည့် သူမကို အလဲထိုးချင်ရုံ သက်သက်ပဲဆိုတာ ရင့် သိပြီးသားပါ။

"wow ... မိုက်တယ်ကွာ၊ မကြည့်လိုက်ရတာ နာတာပဲ"

"ရင့် ... နင် ဘယ်လိုအနံ့ခံမိသွားတာလဲ"

"ရဲရဲရင့်ပဲကွာ အချဉ်မှ မဟုတ်တာ၊ အစကတည်းက ဒီကောင် ငါ့နောက်ကွယ်မှာ ပွေးနေတာ ငါသိတယ်၊ ဆုံးဖြတ်ထားပါတယ်၊ ငါ့မျက်စိရှေ့မှောက် ရောက်မလာမချင်းတော့ လွှတ်ထားမယ်လို့၊ ရောက်လာတဲ့နေ့တော့ တွေ့ကရာက ငါ့လက်နက်ပဲ"

"အေးလေ ... နင် သူတို့ကို ဘယ်လိုမိသွားတာလဲ"

"ဒဂုံစင်တာ သွားတာ ငါ့အစ်မဝမ်းကွဲနဲ့၊ သူ့ကားတွေ့လို့လိုက်ကြည့်တာ ကွက်တိကို မိတော့တာပဲ၊ ထင်တယ် ....သင်း တစ်ယောက်တည်းတော့ မဟုတ်လောက်ဘူးလို့၊ ဒါပေမဲ့ ဟိုမိန်းမနဲ့လို့တော့ မထင်မိဘူး၊ တွေ့တော့ ငါမထိန်းနိုင်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမိန်းမတော့ တော်တော်မှတ်သွားတယ် ထင်တယ်၊ ကန်တင်းတောင် မလာပါလား"

ဆိုင်ထဲကို ဝေ့ဝဲကြည့်ရင်းက ရဲရဲရင့် ဝင့်ဝင့်ကြွား ကြွား ပြုံးလိုက်ပါသည်။ သို့သော်လည်း ရင်ဘတ်တစ်နေရာမှာ တော့ လေပြေချို့ ဖက်လုံးလုံးကြီး ပျော်ဝင်သွားတဲ့ ကိုယ့်ရည်းစားရဲ့ အပြုအမူအတွက် အခံရခက်နေတုန်းပင်။

"လေပြေချို့ခြေလှမ်းတွေက ကျဲချက် လန့်တောင်လန့် တယ်၊ ဘယ်အချိန်က ဘယ်လိုများ သိမ်းသွင်းလိုက်လဲ မသိဘူး"

"ငါ့အကြောင်း သိသိနဲ့ လာငြိတာကိုက သူ့အမှား"

ပြောလို့မှ မဆုံးသေး ခပ်ဝေးဝေးကနေ ရှံရွှေတော် နှစ်ယောက် ဟိုဘက်ဒီဘက် ခြံရံလို့ ကြွမြန်းလာတဲ့ ဘုရင်မကို လှမ်းတွေ့လိုက်တော့ ရင့်မျက်လုံးတွေ အေးစက်လို့သွားသည်။ ခပ်ထေ့ထေ့ပြုံးရင်း ရင့် သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ပေးလိုက်ပါသည်။ သူကလည်း အားကျမခံ ရင့် အကြည့်ကို ထိမထင်ဟန် ပြန်ကြည့်လို့ ရင့်ဆီ တည့်တည့်လျှောက်လာသည်။





"ရဲရဲရင့်"

ရင့်ရှေ့ရောက်ချလာတဲ့ သူမကို ရင့် မျက်လုံးမှေး စင်းကြည့်လိုက်ရင်း "ဘာလဲ"ဟု ခပ်ဆတ်ဆတ် ထူးမိသည်။

"Sorry ... ယောက်ျားတစ်ယောက်ကြောင့် ရန်ဖြစ်ရတာ ငါ့အတွက်တော့ သိပ်ပြီးအရုပ်ဆိုး အကျည်းတန်တဲ့ ကိစ္စ တစ်ခုပါ၊ ငါ နှင့်ဘဲကို လုယူတာမဟုတ်ပါဘူး၊ လုယူ စရာလည်း မလိုအပ်ပါဘူး၊ ငါ့အပြစ်က လူမမာ အမဲ ခြောက်တောင်းသလို ငါ့ဆီကအဖြေကို တစာစာတောင်း နေတဲ့ နှင့်ဘဲကို သနားသောအားဖြင့် လက်ခံတွေ့ဆုံခွင့် ပေးခဲ့မိတာ တစ်ခုပဲ"

"ဟား ဟ ... မှတ်တောင် ထားရဦးမယ်"

"ဒီတော့ နှင့်ဘဲကို နင် နိုင်အောင်ထိန်းပေါ့၊ နင် ငါ့ကို နောက်ထပ်တစ်ကြိမ် စော်ကားလာရင် ငါ သည်းခံမှာ မဟုတ်တော့ဘူး ရဲရဲရင့်၊ မနေ့က နင့်လုပ်ရပ်ကို ငါ တန် မပြန်ခဲ့တာ နင့်ကို ကြောက်လို့တော့ မဟုတ်ဘူး၊ ငါ့သိက္ခာ ကို ထိန်းခဲ့ သဘောပေါက်"



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ပိုင်းပြောပြီး ထွက်သွားတဲ့ လေပြေချို့ နောက်ကျောကိုကြည့်ပြီး ရင့် တက်တစ်ချက် ခေါက်ပစ်လိုက်ပါသည်။ အခုတော့ သင်း ဒီစကားပဲ ပြောတော့မှာပေါ့။

"ရင့် … တော်ပြီ၊ နင် စိတ်လျှော့လိုက်တော့၊ ထားလိုက်တော့၊ နင် လုပ်ချင်တာတွေလည်း လုပ်ပြီးသွားပြီ မဟုတ်လား"

"အေးလေ … ရင့် လူတွေကြည့်နေကြတယ်၊ ဘာမှပြန်ပြောမနေပါနဲ့ဟာ၊ ထိန်းလိုက်ပါတော့"

သူငယ်ချင်းတွေရဲ့ ဖျောင်းဖျမှုအောက်မှာ ရင့်ဒေါသတို့ကို ချိုးနှိမ်လိုက်ရပါသည်။ သူတမင် အေးချမ်းမြင့်မိုရ်ကို သူ့ဘက်ပါလာအောင် မာယာသုံးပြီး ဆွဲဆောင်ပြီးမှ လူကြားကောင်းအောင် အသံကောင်းလာဟစ်နေတာမို့ ရင့် တကယ်ကို မခံချိမခံသာဖြစ်မိပါသည်။

"ဟင်း … သူနဲ့ ငါ့ကြားမှာ အကြွေးတစ်ခု တင်သွားပြီပေါ့၊ ဒီအကြွေးကို ငါ ဘယ်တော့မှ မမေ့ပါဘူး၊ သူ့ဆီက အချိန်ဘယ်လောက်ပဲကြာကြာ ပြန်ရအောင်ယူပြမယ်"





မျက်ဝန်းက မျက်ကြောလေးတွေနီလို့ အံလေးတင်းတင်းကြိတ်ပြီး ရင့် မဲ့ပြုံးပြုံးသည်။ ဟိုတစ်ဖက်ဝိုင်းက သူမတို့ဟားတိုက်ရယ်သံတွေကို ရင့် ကြားနေရသည်။ လေပြေချို့ရဲ့ အောင်ပွဲခံတဲ့ပွဲပေါ့။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၉ ၇ ၁

ဒီညတော့ သူ ညစာစားပြီးပြီးချင်း သမ်းဝေပြီး မျက်လုံးတွေ စင်းကျလာတာမို့ စောစောစီးစီးပဲ အိပ်ရာဝင်ဖြစ်ပါသည်။ လပြည့်နေ့မို့ လမင်းကထိန်ထိန်သာလို့ သူ့အခန်းပြတင်းပေါက်ကနေ လရောင်က ဖြာကျနေသည်။ တစ်ခန်းလုံး မီးမှိတ်ပြီး လအရိပ်နဲ့အတူ ပြတင်းပေါက်ကနေ လရောင်က ဖြာကျနေသည်။ တစ်ခန်းလုံး မီးမှိတ်ပြီး လအရိပ်နဲ့အတူ ပြတင်းပေါက်က တိုးဖော့ဝင်လာတဲ့ လေနုအေးရဲ့အရသာကို ခံစားရင်းနဲ့ သူ အိပ်မောကျသွားခဲ့သည်။





အိပ်ခါနီး alarm ပေးခဲ့တာမို့ alarm က ထ,မြည်မြည်ချင်းမှာပဲ သူ့မျက်လုံးလည်း ဖျတ်ခနဲပွင့်သွားပါသည်။ သူက အခု ဗိုလ်တထောင်က အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှာ tourism ဘာသာရပ်ကို တက်ရောက်နေခဲ့တာလေ။ သူကိုယ်တိုင်က ဝါသနာပါသလို မာမီနဲ့ ဒက်ဒီကလည်း အားပေးတာမို့တက်ဖြစ်ခဲ့တာဖြစ်သည်။

“အင်း“

ပျင်းကြောတစ်ချက် ဆန့်လိုက်ရင်းက သူ ခုတင်ပေါ်ကနေ ဆင်းလာခဲ့သည်။ ရုတ်တရက် သူ့မျက်လုံးအကြည့်က စာကြည့်စားပွဲဆီ ရောက်သွားသည်။ ပြီးတော့ နံရံနဲ့ကပ်ထားတဲ့ white board ပေါ်ကို။

“ဟာ”

သူ့ပါးစပ်က ယောင်ယမ်းပြီးတော့ အသံထွက်သွားသည်။ နာမည်တစ်ခုကို white board အပြည့် သူရေးထားပါသည်။ စာကြည့်စားပွဲပေါ်မှာ ရှိနေတဲ့ စာရွက်တွေမှာလည်း ဒီနာမည်ကိုသာ သူ တွေ့နေရသည်။ လက်ရေးက သူ့လက်ရေးမှ သူ့လက်ရေးအစစ်။ မနေ့ညက လပြည့်နေ့။ တစ်ခါက အန်တီလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာဖက်ကို သူ ဒီလိုပဲ ရေးပေးခဲ့တဲ့တာလေ။ အခု သူမြင်တွေ့နေရတာ ဘယ်သူ့အတွက်လဲလို့ မေးစရာမလို။ သူ့အတွက်ပဲဆိုတာ အထင်အရှားပါ။

"ရွှေယင်းမာ"

ဖိနပ်နာမည်လိုလို ဘာလိုလို ဒီနာမည်ကြောင့် သူ စိတ်ထဲနည်းနည်းတော့ ဘဝင်မကျမိ။ သို့ပေမဲ့ ဘယ်တတ်နိုင်ပါမလဲ။ အဲဒီတစ်ယောက်က သူ့အတွက် ဖြစ်လာခဲ့ပြီပဲ။

"သားရေ ... ခန့်သော"

အခန်းအပြင်က မာမီ ခေါ်သံကြားလိုက်တော့ သူ ဆတ်ခနဲ ဖြစ်သွားပြီး white board ပေါ်က နာမည်တွေကို ကတိုက်ကရိုက် ဖျက်ပစ်လိုက်ပြီး A4 စာရွက်တွေကို အံဆွဲထဲသို့ ထိုးထည့်လိုက်ပါသည်။

"morning မာမီ"

"morning သားလေး၊ ခုမှ နိုးတာလား၊ ရေမိုးချိုးပြီး break fast လာစားလှည့်၊ မာမီတို့ စောင့်နေမယ်၊ မြန်မြန်လုပ်နော်၊ ဖိမ်ဆွဲပြီး လုပ်မနေနဲ့၊ ကျောင်းချိန်မမီမှာစိုးလို့"





ဒါ နေ့စဉ် မာမီပြောနေကျစကား။ သူ့ကို အခုထိ မာမီက ကလေးလုပ်နေတုန်းပဲလေ။ သူ သက်သွက်လက်လက်ပဲ ရေချိုးခန်းဝင် ရေချိုးလိုက်ပါသည်။ သူ့မျက်လုံးတွေမှိတ်ပြီး ရေပန်းအောက်မှာ ရေချိုးနေစဉ်မှာတောင် သူ့မျက်ဝန်းထဲမှာ "ရွှေယင်းမာ"ဆိုတဲ့နာမည် ပြုံးနေအောင်ပေါ်နေ၏။

သူမ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်မှာနေတာလဲ။ အခု ဘာလုပ်နေလဲ။ အချိန်တန် သိရမယ်ဆိုတာ သိထားပေမယ့် အခုချက်ချင်းကို သူ့စိတ်ထဲ သိချင်လာမိသည်။

"ခန့်သော စိတ်ထိန်းပါကွ"

အားမလို အားမရ ဖြစ်နေသော သူ့စိတ်အစဉ်ကို သူ ပြန်ဆုံးမရင်း လွန့်လွန့်လေး ပြုံးလိုက်မိပါသည်။

"သားလေး ... လာ"

ရေချိုးပြီးစ လတ်ဆတ်သော အသားအရေလေးနဲ့ ရှင်းသန့်ချောမွေ့နေတဲ့ ခန့်သောကို,ကို လင်မယားနှစ်ယောက်စလုံး တပြုံးပြုံးနှင့် ကြည့်မဝရှာကြ။ ကလေးက အနေအေးပြီး ဆိမ္မာရေးခြင်းလည်း ရှိတာမို့ သူတို့အတွက်တော့ "ခန့်သောကို" ဆိုသည့် သားလေးက ရတနာတစ်ပါးလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည့် "ခန့်သောကို"ရှေ့မှာ ဘာကိုင်လို့ ကိုင်ရမှန်းမသိအောင် စားစရာ သောက်စရာတွေက အပြည့်ဖြစ်နေ၏။

"ဘုန်းကြီးပွဲ ကျနေတာပဲ မာမီရယ်"

"ကြည့်စမ်း ... ဖေကြီး၊ တော့်သား ပြောတာ ကြားလား"

"အေးလေ ... ဟုတ်တာပဲဟာကို၊ မင်းက ပိုကိုပိုလွန်းတာ"

"အံမာ ... ရှင်ကရော မပိုလို့လား၊ သားစားချင်တာစားလို့ရအောင်လို့ အပြည့်အစုံ လုပ်ပေးထားတာပါ သားရယ်"

"သိပါတယ် မာမီရယ်၊ မာမီ ပင်ပန်းမှာစိုးလို့ပါ၊ တစ်မျိုးနှစ်မျိုးလောက်ဆို တော်ပါပြီ"

သူ့စကားကြားတော့ မာမီက ပီတိပြုံးလေးနှင့် ဒက်ဒီ့ဘက်လှည့်၍ ပြုံးပြနေ၏။ သူကတော့ တိတ်တဆိတ်ပဲ မာမီထည့်ပေးတဲ့ မုန့်ဟင်းခါးကို ငုံစားနေမိသည်။ လောလောဆယ်တော့ သူ့အတွေးထဲမှာ နာမည်တစ်ခုသာလျှင် စိုးမိုးလို့နေပါသည်။

အန်တီလေးတုန်းက သူ ဒီညရေး၊ မနက်ဖြန်မှပဲ အဲဒီလူနဲ့ အန်တီလေးတွေ့ခဲ့သည် မဟုတ်လား။ အခု သူလည်း "ရွှေယင်းမာ"နဲ့ တွေ့တော့မည်လား။ ကျောင်းမှာတော့ ဒီနာမည်





မျိုး သူ မကြားဘူး။ သူ မသိတာလည်း ဖြစ်ချင်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ထူးခြားမှုတစ်ခုနှင့် ကြုံမည်ဟု သူ ထင်မိသည်။

"ဘာတွေ စဉ်းစားနေတာလဲ သား"

"ဗျာ ... ဘာမှ မစဉ်းစားပါဘူး မာမီ"

"သားရေ ... ဒီနေ့ သင်တန်းရှိလား၊ အိမ်ရောက်ပြီးမှ ပြန်ထွက်မှာလား"

"ကျောင်းကနေပဲ တန်းသွားမှာ ဒက်ဒီ၊ သား အစီအစဉ်နဲ့ပဲ သား သွားလိုက်ပါ့မယ်၊ ကားလွှတ်မပေးပါနဲ့"

"ငါ့သားတော့ ကားတစ်စီး သပ်သပ်ဝယ်ပေးဦးမှပဲ"

breakfast စားပြီးတော့ ဒက်ဒီက အလုပ်သွားရင်းက သူ့ကို ကျောင်းဝင်ပို့ပေးသည်။ ဒီနေ့ သူ မျက်စိလျှင်လျှင်ထားပြီး ကောင်မလေးတွေကို အကဲခတ်ခဲ့ပါသော်လည်း ဘာထူးခြားမှုမှ မတွေ့ရဘဲ တစ်ရက်တာက ပုံမှန်အတိုင်းပဲ ကုန်ဆုံးလို့ နိဂုံးချုပ်ခဲ့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၉ · ၁

အစိမ်းနုရောင်သုတ်ထားတဲ့ တစ်ထပ်တိုက်ကျယ်ကျယ်လေးက စိမ်းစိမ်းစိုစို သစ်ပင်ကြီးငယ်တို့ အလယ်မှာ တည်ရှိနေတာ မြင်ရသူစိတ်ထဲ အေတာ်ကို အေးချမ်းစေပါသည်။ ခြံထဲမှာ အမိုးစိမ်းလေးနဲ့ နားနေထိုင်စရာ နေရာလေးတစ်ခုလည်း ရှိသည်။

"သမီး ... လာလေ"

မေမေက ကားတံခါးဖွင့်ဆင်းရင်း ခြံထဲကို ငေး ကြည့်နေတဲ့ လေပြေ့ကို လှမ်းခေါ်သည်။

"မေမေ ဝင်နှင့်ပါ၊ သမီး ခြံထဲခဏကြည့်ချင်လို့"





မေမေက ခေါင်းတစ်ချက် ဆတ်ပြပြီး အိမ်ဖော် ကောင်မလေးနောက်သို့ လိုက်ပါသွားသည်။ လေပြေတို့ ဒီအိမ်ကို လာခဲ့တာ ကျောက်မြောင်းက တိုက်ခန်းတစ်ခုကို ဝယ်လိုက်တာမို့ အိမ်ရှင်ကို ငွေအကျေ လာချေတာဖြစ်သည်။

မေမေနဲ့အတူ ရှေ့နေရော၊ ဒရိုင်ဘာရော အိမ်ထဲ ဝင်သွားကြပြီဖြစ်သည်။ လေပြေကတော့ စိမ်းစိုလတ်ဆတ်တဲ့ ဒီခြံကို တော်တော်သဘောကျပါသည်။ လေပြေ့ ခြေလှမ်းတွေက အမိုးစိမ်းလေးရှိရာ လျှောက်သွားနေမိသည်။

သစ်တုံးစားပွဲနှင့် သစ်တုံးထိုင်ခုံတွေ ချထားပုံက တကယ်ကဗျာဆန်နေသည်လေ။ ဒီသစ်တုံးပေါ်မှာထိုင်ပြီး စိမ်းစိုတဲ့ခြံကိုကြည့်ရင်း ခံစားပြီး စာရေးရင် ကဗျာကောင်းတွေ စာ ကောင်းတွေတောင် ထွက်နိုင်ပါသည်။

လေပြေ့အကြည့်က သစ်တုံးစားပွဲပေါ်မှာ တင်ထားတဲ့ အပြာရောင်ဖိုင်လေးဆီ ရောက်သွားသည်။ ဟိုဟိုဒီဒီကြည့်တော့ လူအရိပ်အယောင်ကိုတောင် မမြင်ရ။ မိန်းကလေးတစ်ယောက်၏ စပ်စုလိုသောစိတ်က လေပြေ့ရင်ထဲမှာ လှုးလွန့်ထ ကြွလို့လာသည်။

www.burmeseclassic.com



ဒီစိတ်လေးက လေပြေ့လက်တို့ကို ထိုဖိုင်ဆီသို့ လှမ်းစေ၏။ ထိုဖိုင်ထဲမှာ ဘာသာစကားတစ်ခုနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ၊ ဘာ,ဘာသာလည်းတော့ လေပြေလည်းမသိ။ handout ရဲ့ထိပ်မှာ ရေးထားတာက "ခန့်သောကို"ဆိုတဲ့ နာမည်တစ်ခု။

ခြေသံတရှပ်ရှပ် ကြားတာမို့ လေပြေ လှည့်ကြည့်တော့ မြင့်မြင့်မားမား ချောချောမောမော ကောင်လေးတစ်ယောက် အနက်ရောင်ဇွပ်ကျယ်နဲ့ မီးခိုးရောင်ကွာတားပင်တစ်ထည် ဝတ်ထားတဲ့ သူ့အသားက ဖွေးစင်လို့နေသည်။ သူက ဒီအိမ်သားပဲပေါ့။ "ခန့်သောကို"ဆိုတာလည်း သူပဲဖြစ်မည်။

ကျောက်စိမ်းရောင် မြန်မာဝတ်စုံဝမ်းဆက်လေးနဲ့ သူမရဲ့ပြစ်မျိုးမထင် အလှမှာ သူ ခဏတော့ မှင်သက်ငေးမော သွားမိပါသည်။ ပြီးတော့ သူမကို တစ်နေရာရာမှာ တွေ့ဖူးသလိုလို သူ့စိတ်ထဲ ထင်မြင်မိသည်။

"ဧည့်သည်ထင်တယ်"

"ဟုတ်ကဲ့ ... ကျောက်မြောင်းက တိုက်ခန်းကို ငှေလာချေတာပါ"





ထိုကောင်မလေးကို ကြည့်နေရင်းနဲ့ သူ့ခေါင်းထဲ အချက်ပေးခေါင်းလောင်းသံ ညံလာသည်။ သူမ "ရွှေယင်းမာ" များလား။

"အိမ်ထဲဝင်ပါဦး ... မ ..."

"တို့နာမည် လေပြေချို့ပါ"

"သြော် ... ဟုတ်ကဲ့၊ ကျွန်တော် 'ခန့်သောကို'ပါ"

ဖျတ်ခနဲ ပြုံးပြတဲ့ သူ့အပြုံးမှာ လေပြေ မျက်တောင်ခတ်ဖို့တောင် မေ့လျော့သွားမိပါသည်။ ချိုင့်ဝင်သွားတဲ့ ပါးခွက်လေးနှစ်ဖက်နဲ့ သူ့ရုပ်လေးဟာ တကယ်ကိုပဲ ချိုမြမြလေး ရယ်ပါ။

ခပ်တိုးတိုး ရင်ခုန်သံလေးကို လေပြေ တစ်စွန်းတစ်စ ကြားလိုက်ရသလိုပင်။

"သမီးရေ ... လေပြေ"

မေမေ့ရဲ့လှမ်းခေါ်သံကြားတော့ လေပြေ သူ့ကိုနှုတ်ဆက်ပြီးလေး ပြုံးပြမိလိုက်သည်။

"ဝတ်ရည် ... ဒါ ကိုယ့်သမီး လေပြေချို့"

www.burmeseclassic.com



"ဟယ် ... လုလိုက်တာကွယ်၊ မွေးတတ်လိုက်တာ ပိုပို ရယ်၊ ဒါက တို့သားလေ ခန့်သောကိုတဲ့၊ သား ... ဒါ မာမီနဲ့ ကျောင်းနေဖက်သူငယ်ချင်း ပိုပိုခင်တဲ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

လျှပ်တစ်ပြက် အတွင်းမှာပဲ သူတို့ကြားက atmosphere လေးက နွေးထွေးလို့ သွားသည်။ အခုမှ ရက်တရက် ပြန်တွေ့ကြတဲ့ သူငယ်ချင်းနှစ်ယောက်ကတော့ မခွဲနိုင်မခွာရက် တွေဖြစ်ပြီး စကားတွေ ရေပက်မဝင်အောင် ပြောနေကြဆဲ။

"ကဲ ... ဝတ်ရည်ရေ၊ ကိုယ်တို့ တစ်နေ့လောက် အေးအေး ဆေးဆေး တွေ့ကြမယ်လေ၊ အခုတော့ ရှေ့နေကလည်းပါ၊ အလုပ်ကိစ္စတွေကလည်း ရှိနေတော့ ပြန်မှဖြစ်မယ်"

"အေးပါဟယ် ... ပိုပိုရယ်၊ လုပ်စရာရှိရင် ပြန်ပါ၊ အချိန် မရွေး တွေ့လို့ရနေတာပဲကို"

သူနဲ့မာမီ လေပြေတို့သားအမိကို ကားအနားအထိ လိုက်ပို့ဖြစ်သည်။ ဒရိုင်ဘာက စက်နှိုးထွက်ခွာချိန်မှာ လေပြေက ခေါင်းလေးစောင်းငဲ့လို့ သူ့ကို လှမ်းကြည့်နေပါသည်။ စက္ကန့်





ပိုင်းလောက် ဆုံသွားတဲ့ တဒင်္ဂအချိန်လေးမှာ သူတို့ အပြုံးချင်း ဖလှယ်မိသွားကြပါသည်။

"သား ... မျက်တောင်လေး ဘာလေးလဲ ခတ်စမ်းပါဦး သားရယ်"

"ဟာ ... မာမီကလည်း"

ရဲတက်သွားတဲ့ သူ့မျက်နှာကိုကြည့်ပြီး မာမီက ဟက်ဟက်ပက်ပက် ရယ်သည်။ သူလည်း မာမီနဲ့အတူ ရှက်ရဲရဲ လိုကရယ်နေရင်းက နာမည်တစ်ခုကို သတိအရမှာ ရုပ်ကပြန်၍ သုန်မှုန်သွားမိသည်။ အကယ်၍သာ ဒီနာမည်ကို သူ ယောင်ပြီး မရေးခဲ့ဘူးဆိုရင် သူ လေပြေချို့ကို စိတ်ကူးယဉ်မိမှာ အသေ အချာပါ။

"မာမီလည်း အဲဒီကလေးမကို မြင်မြင်ချင်း ချစ်တယ်၊ ပိုပိုကို့က ဆွေစဉ်မျိုးဆက် ချမ်းသာတာ သားရဲ့၊ အဆင့် အတန်းလည်း ရှိတယ်။ သူနဲ့ပြန်တွေ့ရတာ မာမီ သိပ် ပျော်တာပဲ၊ ဘာပဲဖြစ်ဖြစ် သားအတွက်တော့ သတို့သမီး လောင်းလေး ရှိလာပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို တရားသေတွက်လို့တော့ မရဘူးပေါ့ မာမီ၊ ဖူးစာဆိုတာကလည်း ရှိသေးတယ် မဟုတ်လား"

"ဟင် … နေစမ်းပါဦး၊ သားက သားရဲ့ဖူးစာရှင်ကိုများ သိနေလို့လား"

"မဟုတ်ပါဘူး မာမီ၊ သဘောပြောကြည့်တာပါ"

"ဟွး … တော်သေးတာပေါ့ သားရယ်၊ မာမီကတော့ ဒီကလေးမကိုပဲ ချွေးမတော်ချင်နေတာ"

သူက မာမီ့ပခုံးကို သိုင်းဖက်ရင်း အိမ်ဆီလျှောက်လာမိသည်။ သူရေးခဲ့တဲ့ နာမည်အကြောင်း မာမီ့ကို သူ တစ်ခွန်းတောင် မဟာမိ။ "ရွှေယင်းမာ" မင်း ဘယ်တော့မှ ကိုယ့်ဆီရောက်လာမှာလဲ။ ဘယ်ဆီဘယ်ဝယ်မှန်း မသိသော ကောင်မလေးတစ်ယောက်ကို သူ တိတ်တိတ်မျှော်လင့်မိပြန်ပါသည်။

❋ ❖ ❋





# ၉

တဝေါဝေါ ပြိုကျလာတဲ့ မိုးကြောင့် ရင့် အကြီးအကျယ် စိတ်ညစ်သွားပါသည်။ ရင့်မှာ ထီးမပါ။ သူငယ်ချင်းတွေနဲ့ လမ်းခွဲပြီး ရင့် တစ်ယောက်တည်း အိပ်မက်စိမ်းထဲဝင်ပြီး ဖိနပ်တွေ ဝင်ကြည့်နေတာလေ။ မိုးစဲတဲ့အထိတော့ ဒီဆိုင်ထဲမှာပဲ နေရဦးမည့်ပုံ။

ဆယ့်ငါးမိနစ်လောက်နေတော့ မိုးစဲသွားတာမို့ ရင့် ဆိုင်ထဲက ထွက်လာပြီး နောက်တစ်ကြော မိုးထပ်မရွာခင်လေး ငှားဖို့ ပြင်ရပါသည်။ ဒီနေ့မှ ကားတိုင်းမှာ passenger တွေ ပါလာတာမို့ ရင့် စိတ်ပိန်သွားသည်။ မိုးကလည်း ညို့လို့လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရင့်ရပ်နေသည့် ပလက်ဖောင်းနားသို့ taxi တစ်စီး ထိုးရပ်သည်။ ကားနောက်ခန်းမှာ လူတစ်ယောက်ပါ၏။

"ညီမလေး ... ဘယ်သွားမှာလဲ"

"မြောက်ဥက္ကလာဘက်ကိုပါ"

"၃၅၀၀ ပေးလေ၊ ဒီညီလေးပို့ပြီး ညီမလေးကို လိုက်ပို့မယ်၊ သူက ကိုးမိုင်သွားမှာ"

ရင့် ဖျတ်ခနဲ ကားနောက်ခန်းက သူ့ကိုကြည့်လိုက်သည်။ သူ့ရုပ်သွင်က အဆင့်အတန်းရှိတဲ့ ပုံမျိုးလေး။ ဖြူဖြူစင်စင် ချောချောမွေ့မွေ့နှင့် သန့်ပြီးခန့်နေ၏။ မိုးတစ်ဖြောက်ဖြောက် ကျလာတာမို့ ရင့် ဈေးပင်မဆစ်တော့ဘဲ ကားနောက်ခန်းတံခါး ဆွဲဖွင့်ပြီး ဝင်ထိုင်လိုက်ပါသည်။

"ရေ့လာပါလား ညီမလေး"

"ရတယ်"

ရင့် ဘေးနားက သူက ရင့် ဝင်ထိုင်တော့ တစ်ဖက်ကို တိုးပေး၏။ သူက ကော်လာကတုံးလက်ရှည်အဖြူ တစ်ထည်နှင့် ကချင်ပုဆိုးအကွက်စိပ်စိပ်ကို ဝတ်ဆင်ထားသည်။ သူ့





ဆီက အကဲခတ်အကြည့်တို့ကို ရင့် ရုပ်သိမ်းပြီး အပြင်မှာရွာကျလာတဲ့ မိုးသီးမိုးပေါက်တို့ကို ကားပြတင်းကနေ ငေးရင်းလိုက်ပါလာခဲ့သည်။

ရုတ်တရက် ဖုန်းမြည်သံကြောင့် ရင့် အိတ်ထဲကနေ ဖုန်းကိုထုတ်ယူလိုက်သည်။

"အေး ... မမ ပြော"

"........"

"ရင့် taxi ပေါ်မှာ ခု အိမ်ပြန်နေတာ"

"........"

"သေချာလို့လား မမရယ်၊ အဲဒါဆို မမ ဘာလုပ်ချင်သို့လဲ၊ သူ့ဖုန်းခေါ်ကြည့်လိုက်လေ"

"........"

"ဟင် ... ကျောလှချည်လား၊ လိုက်သွားပြီး ပွဲကြမ်းပစ်လိုက်ပါလား၊ ဒီလောက်တောင် ဖြစ်လှတာ"

ပြောရင်း ပြောရင်း ဒေါသသံပါလာတဲ့ သူ့ဘေးနား က ကောင်မလေးကို ခန့်သောကို မသိမသာ လှမ်းရှိုးလိုက်၏



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်လုံးလေးတွေ အေးစက်နေပြီး နှုတ်ခမ်းလေးတင်းတင်း စေ့ထားတဲ့ သူမရုပ်သွင်က သူ့ကို တစ်စုံတစ်ယောက်ကို အမှတ်ရစေ၏။

"သြော် ... သူပါလား"

သူ့ရင်ထဲ ခပ်တိုးတိုး မှတ်ချက်ချသံ အဆုံးမှာ လေပြေချို့ မျက်နှာကိုပါ မြင်ယောင်မိပြီး စိတ်ထဲ ဘဝင်ကျသွားတော့သည်။ တိုက်တိုက်ဆိုင်ဆိုင် ဒီမိန်းမနှစ်ယောက်နှင့် သူ နောက်တစ်ကြိမ် ပြန်ဆုံရပြီလေ။ သူမတို့နှစ်ယောက်ကတော့ သူ့ကို သိရှာမည်မဟုတ်ပါ။

အရည်ကြည်လဲ့နေသော သူမမျက်နက်ဝန်းတွေက ဒေါသရောင်ကြောင့် တလက်လက် တောင်ပနေ၏။ သူမနဲ့တွေ့လိုက်တိုင်း ဒေါသထွက်နေတာချည်းပင်။ အခုလည်း အပြောအဆိုကို နားထောင်ကြည့်ရင် ဟိုတစ်ခါကလို စာတ်လှည့်မျိုးပဲ ဖြစ်လိမ့်မည်။

"ခဏလောက် စောင့်လို့ရမလား၊ ရှင့်လာခဲ့မယ်"

ဖုန်းချပြီး သူမက ကားဆရာကို လှမ်းပြောသည်။





"သူ့ကိုပို့ပေးပြီးရင် ကမ္ဘာအေး ဂမုန်းပွင့်ကိုပဲ မောင်းပေးပါ အစ်ကို"

"သြော် ... အေး ... အေး ... ရပါတယ်"

ခပ်စင်းစင်း ဆံပင်လေးတွေကို သူမက စိတ်အိုက်ဟန်နှင့် ကျောဘက်ကို ပို့ပစ်ရင်းက သက်ပြင်းချသည်။ အခုအချိန်မှာ သူ့စိတ်ထဲမှာ သိလိုသော မေးခွန်းတစ်ခု ရှိပါသည်။ ဒါက သူမရဲ့နာမည်။ သူမနာမ်စား သုံးလိုက်တဲ့ နာမည်က "ရှင့်"လား "ယင်း"လား သူ့နားထဲ သိပ်မသဲကွဲ။ သူလည်း ဒီရက်ပိုင်းအတွင်း "ရွှေယင်းမာ"ကြောင့် ရူးချင်ချင် ဖြစ်နေပါသည်။

"ဟင်"

ရှစ်မိုင်ပန်းခြံနားရောက်တော့ ကားက ရုတ်တရက် ထိုးရပ်သွားတာမို့ သူတို့နှစ်ယောက်လုံး ပြူးပြူးပျာပျာ ဖြစ်သွားမိသည်။

"ဘာဖြစ်တာလဲ"

"ဘာဖြစ်တာလဲ အစ်ကို"

ဒရိုင်ဘာက မဖြေဘဲ ကားကိုသာ တွင်တွင်စက်နှိုးနေပေမင့် ဘာမှထူးခြားမလာ။ မိုးကလည်း အတန်ငယ်စဲလို့သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒရိုင်ဘာက ကားတံခါးဖွင့်ဆင်းပြီး ကားဘောနက်ကိုဖွင့်ဖို့ ကြိုးစားနေသည်။

"ကျွတ် စိတ်ပျက်စရာ ကောင်းလိုက်တာ၊ အရေးထဲမှာ အရာပေါ်ဆိုတာ ဒါမျိုး"

မကျေမနပ် ရေရွတ်သံက သူမဆီက ထွက်ကျလာသည်။ ပြီးတော့ ဆတ်ခနဲ ကားတံခါးဖွင့်ပြီး သူမ ဆင်းသွားသည်။

"ဟင် ..."

သူ့အကြည့်က အိပ်မက်စိမ်းဖိနပ်အိတ်လေးဆီ ရောက်သွားသည်။ ဒီကောင်မလေး လောလော လောလောနှင့် ကျန်ခဲ့ပြီ။ သူ ဆတ်ခနဲ ကောက်ကိုင်ပြီး သူမကို လိုက်ပေးဖို့ အလုပ်မှာ သူမက taxi တစ်စီးကို ဖမ်းထားပြီး ထွက်သွားပြီဖြစ်သည်။

"ဟိုကလေးမ ဘယ်ရောက်သွားလဲ"

taxi ဒရိုင်ဘာ ကားထဲပြန်ဝင်လာတော့ သူမကို မတွေ့တာနှင့် သူ့ကို မေးခွန်းမေးသည်။

"မသိဘူးဗျ ... ထွက်သွားပြီး ကားတစ်စီးငှားပြီး သွားတာပဲ"





ဒရိုင်ဘာပုံမှ ကြည့်ရတာ သိပ်ကျေနပ်ဟန်မပြသော်လည်း ဘာမှမပြောဘဲ ကားစက်နှိုးပြီး ဆက်မောင်းနေ၏။ သူကတော့ အိပ်မက်စိမ်းဖိနပ်အိတ်လေးကို ယူသွားရကောင်းနိုးနိုး၊ ထားခဲ့ရကောင်းနိုးနိုးနှင့် ဝေခွဲရခက်နေပါသည်။

နောက်ဆုံး သူ့အိမ်ရှေ့ ကားရပ်တော့ သူ ဖိနပ်အိတ်လေးကို ဆတ်ခနဲ ကောက်ကိုင်ဖြစ်လိုက်ပါသည်။ တစ်နေ့ တစ်နေ့ သူမနဲ့ ပြန်မတွေ့ဖူးလို့ မပြောနိုင်ဘူးလေ။ အကယ်၍များ သူမက "ရွှေယင်းမာ"ဖြစ်နေခဲ့တယ်ဆိုရင် သူတို့ ပြန်ဆုံရဦးမှာပါ။

အခန်းထဲရောက်တော့ အိတ်ကိုဖွင့်ကြည့်တော့ အဖြူရောင်ကြိုးသိုင်းဒေါက်မြင့်လေးတစ်ရန်။ ဒီဖိနပ်လေးပိုင်ရှင်ကို စိတ်ဝယ် ပြန်အတွေ့မှာ သူ့ရင်ထဲ ရင်းနှီးနွေးထွေးသလို ခံစားမှုမျိုး လှစ်ခနဲ ဝင်လာ၏။ တစ်ဆက်တည်းလိုလိုမှာ လေပြေချိုရဲ့ အပြုံးနုနုလေးကိုပါ သူ မြင်ယောင်လာသည်။ မင်းတို့နှစ်ယောက် ငါ့မျက်စိရှေ့ ရှေ့ဆင့် နောက်ဆင့် ရောက်လာကြတာ ဘာကြောင့်များလဲ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၉ ၁၀ ၉

နောက်တစ်ကြိမ် သူမနှင့် ပြန်လည်ဆုံအတွေ့မှာ သူတို့နှစ်ယောက်က ငယ်ပေါင်းကြီးဖော်ပမာ သူတို့ကြားထဲမှာ စိမ်းသက်မှုဆိုတာ တစိုးတစိလေးတောင် ရှိမနေခဲ့။ အခု သူတို့နှစ်ယောက်က ပထမဆုံး စ,တွေ့ခဲ့ကြသည့် ခြံထဲက အမိုးစိမ်းလေးအောက် သစ်တုံးခုံလေးပေါ်မှာထိုင်ရင်း အိမ်ဖော်မလေးလာချပေးသည့် apple juice လေးသောက်လို့ စကားပြောနေကြပါသည်။

"လေပြေ"

"ဟင် ... ခန့်သော၊ ဘာပြောမလို့လဲ ... ပြော"





"တကယ်တော့ ကိုယ် လေပြေ့ကို ဒီမတိုင်ခင်က တွေ့ဖူးတယ်"

"ဟင် ... တကယ် ... တကယ်လား၊ ဘယ်မှာလဲ"

မျက်လုံးလေးဝိုင်းရင်း လေပြေက သူ့ကို တအံ့တသြမေးရှာသည်။ သူ ပြောဖို့ အနည်းငယ်တော့ နှုတ်ဆွံ့နေမိသည်။ အကယ်၍ သူမအတွက် ဒီကိစ္စက ရက်စရာကောင်းတဲ့ဖြစ်ရပ်ဖြစ်ခဲ့မယ်ဆိုရင် အားနာစရာ မဟုတ်လား။

"ဟင်း ဟင်း ... ခန့်သောက အတည်ပေါက်နဲ့ နောက်တတ်တယ်နော်၊ တို့က တကယ်မှတ်လို့"

"အာ ... မညာပါဘူးကွာ၊ တွေ့ဖူးပါတယ်၊ မြေနီကုန်းက ice berry မှာလေ"

"ဩော်"

သူ ထင်သည့်အတိုင်းပါပဲ။ လေပြေ့မျက်နှာလေး ပျက်သွားသည်လေ။ ပြီးမှ မျက်နှာထားကို ပြန်ပြင်ရင်း သူမ တိုးညှင်းညှင်းရယ်သည်။

"ခန့်သော အစအဆုံး မြင်ခဲ့တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဘာတွေပြောတယ်ဆိုတာ မကြားပေမယ့် အဖြစ်အပျက်ကိုတော့ အစအဆုံး မြင်ပါတယ်"

"ဇာတ်လမ်းကတော့ ရိုးရိုးလေးပါ ခန့်သောရယ်၊ ကောင်လေးတစ်ယောက်က တို့ကို ပရိုပိုစ်လုပ်တယ်၊ ရုပ်လေးကလည်းဖြောင့် ရည်ရည်မွန်မွန်ကလည်းရှိတော့ တို့လည်း ပြန်စိတ်ဝင်စားမိပြီး လက်ခံတွေ့ဆုံခဲ့တာပါ၊ အဲဒီအချိန်မှာ သူ့ဇာတ်ရုပ်ပေါ်လာပြီး ဒါမျိုးတွေ ဖြစ်သွားတော့တာပဲ၊ တို့လည်း တစ်ခါတည်းနဲ့ မှတ်သွားတယ်"

"အင်း ... တော်တော်တန်တန် စွာတယ်ဆိုတဲ့ မိန်းကလေးမျိုးတောင် ဒါမျိုးမလုပ်ပါဘူး၊ အဲဒီတစ်ယောက်ကိုရော လေပြေ သိလား"

"သိတယ်လေ၊ တစ်မေဂျာတည်းပဲလေ ... ရဲရဲရင့်တဲ့"

"ဩော်"

သူမလည်း "ရွှေယင်းမာ" မဟုတ်ပြန်ဘူးပေါ့။

"အခုရော လေပြေတို့ ဘာဆက်ဖြစ်ကြလဲ"





"ဘာမှမဖြစ်ကြပါဘူး၊ သုံးယောက် တစ်ယောက်တစ်နေရာဆီပေါ့၊ လေပြေကတော့ ယောက်ျားတွေကို တော်တော်ကြောက်သွားတာ၊ ပြီးတော့ ရဲရဲရင့်ကိုလည်း တော်တော်လန့်သွားတယ်"

လေပြေ လန့်မယ်ဆိုလည်း လန့်စရာပဲ မဟုတ်လား။ ဒီမိန်းမက ဘီလူးနက္ခတ်နဲ့များ ယှဉ်မွေးလာသလားမသိ။ ဒေါသကို ဂရုတစိုက် မွေးမြူထားပုံရသည်။

"ဟုတ်တယ် လေပြေ၊ အဲဒီနေ့က လေပြေ သည်းခံလိုက်တာ ကောင်းပါတယ်၊ လေပြေသာ တစ်ခုခု ပြန်လုပ်ရင် တော်တော်ရုပ်ပျက်ဆင်းပျက် နိုင်သွားမှာ၊ ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတာ ဣန္ဒြေသိက္ခာနဲ့ နေတတ် ထိုင်တတ်ပါမှ၊ ကိုယ်ကတော့ စိတ်ထင်တိုင်းကြဲတတ်တဲ့ မိန်းကလေးမျိုးတွေကို အထင်ကြီးလို့ကို မရတာ"

လေပြေ ခေါင်းငုံ့ပြီး ပြုံးနေပါသည်။ ခန့်သောရဲ့မှာ သူမက အမှတ်တွေရနေသည် မဟုတ်လား။ အဖြစ်အပျက်အမှန်ကို ခန့်သောမှ မသိနိုင်တာပဲလေ သိစရာလည်း အကြောင်းမှမရှိတာ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို လေပြွေမှာ ချစ်သူ မရှိဘူးပေါ့နော်"

"အင်း ... မထားချင်ပါဘူး ခန့်သောရယ်။ ယောက်ျားလေးရှေ့မှာ ယောက်ျားမကောင်းကြောင်း ပြောရတာတော့ မကောင်းပါဘူး၊ အခုခေတ် ယောက်ျားတွေက ခပ်ရှုပ်ရှုပ်ရယ်။ နာမည်ပျက်စရာရှိ ကိုယ်တွေပဲ ပျက်ရမှာမဟုတ်လား၊ ပြီးတော့ အခုခေတ်ယောက်ျားလေးတွေက အချစ်ကို တန်ဖိုးထားတတ်ကြတာ မဟုတ်ဘူး"

"ယောက်ျားတိုင်းတော့ မဟုတ်ပါဘူး လေပြွေရယ်"

လေပြွေ မျက်ဝန်းတွေထဲက ကြည့်လာတဲ့ သူ့ရဲ့ ရီဝေဝေမျက်ဝန်းတွေကြောင့် လေပြွေ့ရင်တွေ တုန်ယင်သွားမိပါသည်။

ရှက်စနိုးနဲ့ ပြုံးနေတဲ့ သူမ ရုပ်လေးက သိပ်ငြိုးတော့ ချစ်စရာ ကောင်းတာပါ။ သို့သော်လည်း တစ်စုံတစ်ရာက သူ့ရင်ထဲ ဝင်ခွင့်မပေးနိုင်အောင် ဟန့်တားနေပါသည်။ ချစ်တဲ့သူနဲ့ လက်တွဲမယ့်သူကို တစ်ယောက်တည်းသာ ဖြစ်လိုခဲ့တာ သူ့ဆန္ဒအမှန်ပါ။ စိတ်အလိုကိုလိုက်ရင်း ဖာတ်လမ်းတစ်ခုပြီးတစ်ခု





ကနေတာမျိုးကို သူ မနှစ်မြို့ပါ။ ထားတော့လေ။ သူတို့တွေကတော့ ကိုယ့်ဖူးစာဖက်အမှန်ကို မသိကြလို့ လိုက်မျှောနေကြတာ လက်ခံစရာ ကောင်းပါသည်။ အခု သူက တစ်နေ့ လက်တွဲရမယ့် ဖူးစာဖက်ကို သိသိနှင့်တော့ မဆုံးစည်းနိုင်တဲ့ ဖာတ်လမ်းတွေကို ကမိုဆိုတာ ...

"ခန့်သော ဘာတွေ စဉ်းစားနေတာလဲဟင်"

"ဟင် ... ဘာမှမဟုတ်ပါဘူး၊ လေပြေ သစ်ခွပန်းကြိုက်လားဟင်၊ မာမီက သစ်ခွဆိုရင် crazy လေ၊ သစ်ခွပန်းတွေလိုက်ကြည့်ပါလား လေပြေ"

"အင်း... ကောင်းသားပဲ၊ လေပြေကလေ ဒီခြံထဲ စ,ရောက်ကတည်းက ပျော်မိတာ၊ တကယ်တော့ အိမ်ဆိုတာ ဒီလိုမျိုးလေး သာသာယာယာ ရှိရမှာ မဟုတ်လား၊ လေပြေတို့အိမ်ကတော့ တစ်ခြံလုံး ကွန်ကရစ်ခင်းပြီး အနေအစားဆင်းဆင်းရဲရဲနဲ့ ရှင်သန်ရတဲ့ ပန်းအိုးနဲ့စိုက်ထားတဲ့ ပန်းပင်တွေပဲရှိတာ"

"ဟား ဟား ... လေပြေ တော်တော်ပြောတတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ရယ်ကာမောကာနှင့် သစ်ခွပန်းရုံဘက်ကို လျှောက်လာကြသည်။ လေပြေကတော့ ကြည်နူးစရာကောင်းတဲ့ ခြံလေးနဲ့ ချောမောနှစ်လိုဖွယ်ကောင်းတဲ့ ခန့်သောကို ရင်ထဲအပြီးထည့်လိုက်ပြီဖြစ်သည်။ ခန့်သောဆီမှာ ဘယ်ယောကျ်ားနဲ့မှမတူတဲ့ ထူးခြားချက်လေးတွေ ရှိနေသည်လေ။ တချို့တချို့ ယောကျ်ားတွေ မိန်းကလေးချောချောမြင်တိုင်း ငမ်းငမ်းတက် ပတ်သက်ဖို့ ကြိုးစားနေကြသည့် အချိန်တွင် ခန့်သောကတော့ သိက္ခာတစ်ခုကို ထိန်းထားနိုင်ခဲ့သည်။ သူ့ဆီမှာ တည်ကြည်မှုတစ်ခုလည်း လေပြေ ရှာတွေ့ထားသည်။ တစ်နေ့တော့ "ခန့်သောကို"ဆိုတဲ့သူဟာ လေပြေ့ဘဝအတွက် အဖော်မွန်ပဲ ဖြစ်ရမှာပါ။

❋ ❖ ❋





## ( ၁၁ )

ရင့် တစ်ယောက်ကတော့ ကားပေါ်မှာ ကျန်ရစ်ခဲ့သည့် ဖိနပ်လေးကိုပဲ မြင်ယောင်ရင်း နှမြောတသ နေမိပါသည်။ မမကြောင့် စိတ်တွေထွေပြားခဲ့တာလေ။ သူ့ဘဲကို ဂမုန်းပွင့်ထဲကောင်မလေး တစ်ယောက်နဲ့ တွဲဝင်သွားတာတွေ့လို့ ရင့်ကို အကြောင်းကြားခဲ့တာလေ။ သူကိုယ်တိုင်လည်း လိုက်မချောင်းရဲ။ ဖုန်းဆက်တော့လည်း သူ့ဘဲက မကိုင်တာမို့ သောကတွေ တစ်ပွေ့တစ်ပိုက်နဲ့ ငါးရံ့ပြာလူး ဖြစ်နေခဲ့တာပေါ့။

ရင့် ရောက်သွားတော့လည်း ဘာမှမဟုတ်။ လိုက်မကြည့်တော့ဘူး ဖွတ်ပြောပြီး ရင့်ကို အိမ်ပြန်ပို့ပေးသည်မို့ ရင့်မှာ ဖိနပ်တစ်ရန် ဆုံးရတာပဲ အဖတ်တင်သည်။ သတ္တိကိုမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ရင့်သာဆိုရင် တအုံ့နွေးနွေး ခံစားမနေဘဲ စိတ်ရှင်းအောင် တစ်ခါတည်း လုပ်ပစ်ပါသည်။

"ရင့်ရေ ... ထမင်းစားရအောင် သမီး"

အခန်းရှေ့က မေမေလေးရဲ့ ခေါ်သံကြောင့် ရင့် သက်ပြင်းသဲ့သဲ့ချရင်း အိပ်ရာထက်က ဖြည်းညင်းစွာ ထ,လာခဲ့သည်။ ဖိနပ်ကို ဟိုဘဲတွေ့မှာတော့ သေချာပါသည်။ သူ အဲဒီ ဖိနပ်ကို မမြင်ချင်ယောင်ဆောင်ပြီး ထားခဲ့မလား။ ယူသွားမလား။ ရုပ်ကတော့ မမြင်ချင်ယောင်ဆောင်ပြီး ထားခဲ့မယ့်ရုပ်မျိုး။ အို... ထားပါတော့လေ၊ ပြန်ရနိုင်မှာမှ မဟုတ်တာပဲ။

ထမင်းစားပွဲက ဖွယ်ဖွယ်ရာရာပါ။ မေမေလေးက အချက်အပြုတ်ကောင်းသူ ဖြစ်သလို အားလုံးရဲ့အကြိုက်ကိုလည်း ဂရုတစိုက် လုပ်ပေးသူလည်း ဖြစ်တာမို့ ဘယ်အချိန်ကြည့်ကြည့် ထမင်းပွဲက စိုပြည်နေသည်သာ။

မေမေလေးက ဖေဖေ နောက်ယူတဲ့မိန်းမဖြစ်ပြီး ရင့်မေမေနဲ့လည်း ညီအစ်မနှစ်ဝမ်းကွဲ တော်စပ်သူ၊ သမီးတစ် ယောက်အမေ မုဆိုးမဖြစ်သည်။ စိတ်ရင်းကောင်းပြီး ရင့်ကို သူ့





သမီးအရင်းနဲ့မခြား သဘောထားနိုင်သူလည်း ဖြစ်သည်။ အမျိုး တော်တာကြောင့်လည်း ပါချင်ပါနိုင်ပါသည်။

"ရင့်"

ထွေးစုက ပြုံတီတီရုပ်နှင့် ထမင်းစားနေရင်းက ရင့်ကို တံတောင်နှင့် လှမ်းတွက်လို့ တစ်ခုခုပြောချင်ပုံ။ ထွေးစု က မေမေလေးရဲ့သမီးဖြစ်ပြီး ရင့်ကိုလည်း ညီအစ်မအရင်းနဲ့ မခြား ခင်မင်တွယ်တာသူပေါ့။

"ဘာလဲ ... ထွေးစု"

"နင့်ကို ငါ ပြောစရာတွေ အများကြီးပဲရှိတယ် ရင့်၊ ထမင်းစားပြီးရင် နင့်အခန်းထဲ ငါလာခဲ့မယ်"

"အင်း"

ရင့်ကို ခေါင်းတစ်ချက် ဆတ်ပြရင်း ထမင်းဆက်စား နေသည်။ တစ်ချက် တစ်ချက် ထွေးစုကို အကဲခတ်ကြည့်တော့ သူမရုပ်က မှိုရတဲ့ရုပ်လိုလို။ ထမင်းစားရင်းတောင် ပြုံးတုံ့တုံ့ဖြစ် နေတာပဲကြည့်။ ကေနွှ ဒီမိန်းမ သူစိတ်ဝင်စားနေတဲ့ ကောင်လေး propose လုပ်တာကို ခံခဲ့ရတာပဲဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထွေးစုက ဖြူဖြူပုပု လုံးလုံးလေးနှင့် ချစ်စရာ တော်တော်ကောင်းသလို စိတ်ထားလေးလည်းဖြူ၏။ သူမက အခု ဗိုလ်တထောင်က အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှာ တက်နေတာမို့ ရင့်နဲ့သူ ညပိုင်းမှာသာ ဆုံဖြစ်ကြပါသည်။

ရင့်ရဲ့တစ်ယောက်အိပ်မွေ့ရာ ထူထူပေါ်ကို ထွေးစုက ဝုန်းခနဲ ဝမ်းလျားထိုးရင်း တခိခိ ရယ်နေ၏။

"ထွေးစု ... ညည်းတော့ သိပ်မဟုတ်တော့ဘူး၊ ပြောစမ်း၊ ဘာတွေ ဒီလောက် အူမြူးနေရတာတုန်း"

"ပြောမှာပေါ့ ရင့်ရယ်၊ ပြောချင်လွန်းလို့တောင် အခန်းထဲ အထိ လာခဲ့ပြီပဲ၊ နင် ခန့်မှန်းကြည့်စမ်း ရင့်၊ ဒီနေ့ ငါ ဘာဖြစ်တယ်ထင်လဲ"

"ဟား ဟ ... ဘာဖြစ်ရမလဲ၊ နင် မျှော်လင့်ထားတဲ့ ကောင်လေးတစ်ယောက် နင့်ကို propose လုပ်လို့ နေမှာ ပေါ့၊ ဒါပဲရှိတာ"

"ဟုတ်တယ် ရင့်၊ နင် သိပ်တော်တာပဲ၊ တကယ်တော့ လေ ဇာတ်လမ်းက သိပ်ပြီးမရိုးရှင်းဘူးဟ၊ ငါပြောပြမယ်၊ နားထောင်"





"အင်း"

ရင့်က မေးစေ့လေး လက်ထောက်ရင်း ထွေးစုဆီက ထွက်လာမယ့် စကားတို့ကို ငံ့လင့်နားထောင်နေမိသည်။

"ကျောင်းစ,တက်ကတည်းက ငါ စိတ်ဝင်စားနေတဲ့ ကောင်လေးတစ်ယောက် ရှိရင် ရင့်၊ သူ့နာမည်က သုတတဲ့၊ မျက်မှန်လေးနဲ့ ရိုးရိုးကုပ်ကုပ်လေး၊ စကားလည်းနည်းတယ်၊ first year တည်းက ငါ သူ့ကို စိတ်ဝင်စားခဲ့တာ"

"အင်း ... ဒီတော့"

"အခု second year ရောက်လာတော့လည်း သူကအချိုးမပြောင်းဘူး၊ ဒီအချိုးက ဒီအချိုးပဲ၊ ဒီတော့ ငါလည်း ဉာဏ်နီဉာဏ်နက် သုံးရတော့တာပေါ့ ရင့်ရယ်"

"ဉာဏ်နီ ဉာဏ်နက် ... ဟုတ်လား"

"ဟုတ်တယ် ... ဒီနေရာမှာ အရေးကြီးတဲ့လူတစ်ယောက် ပါလာတယ်၊ သူ့နာမည်က 'ခန့်သောကို'တဲ့ အရမ်းချောတယ်၊ သဘောလည်း ကောင်းတယ်၊ သူ့ကို သူငယ်ချင်းတွေက ပုဏ္ဏားလို့ ခေါ်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပုဏ္ဏား ... ဟုတ်လား၊ သူက ကုလားမို့လို့လား"

"No ... ဘယ်ကသာ၊ အခါတော်ပေးတဲ့ နေရာမှာ အရမ်းတော်လို့လေ၊ ဘယ်သူမဆို သူတို့လိုက်ချင်တဲ့ မိန်းကလေးကို ဘယ်လိုလိုက်ရမလဲ၊ သူ့ဆီမေးပြီးမှ လိုက်ကြတာ၊ သူပြောတဲ့အတိုင်းလိုက်ရင် ကောင်မလေးတွေက ပြန်ကြိုက်ကြတာချည်းပဲလေ"

"မဖြစ်နိုင်တာ"

ရင့်ကတော့ မဲ့ပြုံး‚ပြုံးရင်း ခေါင်းခါယမ်းလိုက်သည်။ ဒါကြီးကတော့ အိုဗာသွားပါပြီ။ သူက ဘာကောင်မို့လို့လဲ။

"ဩော် ... ဟုယ် ... တကယ်ပါဆို"

"အင်း ... ဆက်ပြောပါဦး"

"အဲဒါနဲ့ပဲ ငါလည်း ကြံရာမရတဲ့အဆုံး သူ့ကို အပူကပ်လိုက်မိတယ်၊ သုတ ငါ့ကို propose လုပ်အောင်"

"ဟမ်"

"ဟိ ဟိ ... တတ်နိုင်ဘူးဟယ်၊ သူက ငါ့ကိုခိုးကြည့်ရုံကြည့်ပြီး လှုပ်မှမလှုပ်တာ"





"ဒီတော့ ဟိုတစ်ယောက်က နင့်ကို ဘာပြောလဲ"

"အင်္ဂါနေ့တိုင်း နှင်းဆီပန်း အဝါရောင်တစ်ပွင့် ခေါင်းမှာ ပန်လာခဲ့ပါတဲ့၊ နှစ်ပတ် သုံးပတ်လောက် အရောက်မှာ သုတက ငါ့ကို propose လုပ်လိမ့်မယ်တဲ့"

"ဩော်ဟော် ... ဒါကြောင့် နင် မမမလေးကို ဈေးကနေ နှင်းဆီပန်းအဝါ ဝယ်ဝယ်ခိုင်းနေတာကိုး"

"ဟုတ်ပါ့ ... အကြံအောင်မှ ပြောပြမယ်လို့ စိတ်ကူးပြီး သားပါ ရင့်ရယ်၊ သူ ဒီနေ့ ကျောင်းဆင်းတော့ ငါ့ကို လိုက်စကားပြောတယ်လေ၊ မထူးဆန်းဘူးလား"

"ဟွန်း ... မထူးဆန်းပါဘူး၊ အဲဒီပုဏ္ဏားဆိုတဲ့ကောင်က သုတကို ဘယ်လိုပြောပြီး လိုက်ခိုင်းလဲမှ မသိတာ။ ပြောရတာ မဟုတ်ဘူးလေ"

"ဟင့်အင်း ... ဒါတော့ လုံးဝမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ သုတက တစ်ယောက်တည်းနေတာ၊ ဘယ်သူနဲ့မှ အပေါင်းအသင်းလုပ်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါလေ၊ ဘာပဲဖြစ်ဖြစ် ငါ အဲဒီပုဏ္ဏားဆိုတဲ့ တစ်ယောက်ကို စိတ်ဝင်စားတယ်၊ သူလိုက်ခိုင်းတဲ့အတိုင်းလိုက်ရင် ဘယ်မိန်းကလေးမဆို ပြန်ကြိုက်တယ်တဲ့လား၊ ငါကိုယ်တိုင် အစမ်းသပ်ခံပြီးတောင် လောင်းချင်ပါသေးတယ်"

ထွေးစုကတော့ ရင့်ကို တွေတွေငေးငေးလေး ကြည့်နေရှာပါသည်။ ရင့်က ခပ်မာမာမိန်းကလေးမျိုး။ အကယ်၍များ ကောင်လေးတစ်ယောက်က ရင့်အချစ်ကို လိုချင်လို့ ပုဏ္ဏားဆီမှာ အကူအညီတောင်းခဲ့ရင် ရင့် ပြန်ကြိုက်အောင် ပုဏ္ဏားလုပ်ပေးနိုင်မလား။ ရင့်လိုပဲ ထွေးစုလည်း သိချင်လို့ နေပါသည်။

❋ ❖ ❋

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်၊





## ၉ ၂ ၁

ထမင်းစားချိန်ကြီး ရုတ်တရက် သူ ဖုန်းဆက်တာကြောင့် လေပြေ ထိတ်ခနဲနေအောင် ပျော်သွားမိသည်။ သူက လေပြေတို့ကျောင်းကို အခုလာနေပါသည်တဲ့။ စိတ်တွေ လှုပ်ရှားလွန်းလို့ လေပြေ ယောက်ယက်တောင် ခတ်နေပါသည်။

ကန်တင်းမှာ ချိန်းလိုက်ပြီး နောက်တစ်ချိန်တောင် လေပြေ ဖျက်ပစ်လိုက်သည်။ လေပြေ့သူငယ်ချင်း နှစ်ယောက်လည်း လေပြေ့ဆီက တဖွဖွ ကြားနေရသည့် "ခန့်သောကို" ဆိုတဲ့ လူသားကို အလွန်အမင်း တွေ့ချင်ကြတာကြောင့် လေပြေ့နည်းတူ အတန်းဖျက်၍ သူ့အလာကို ထိုင်စောင့်နေကြရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခန့်သောကို"ကို တွေ့တော့ သူငယ်ချင်းမနှစ်ယောက်က ပါးစပ်အဟောင်းသား၊ မျက်တောင်,တောင်ခတ်မိကြသည်မထင်။ အသင့်ရှိပြီး နှစ်လိုဖွယ်ကောင်းတဲ့ သူ့ရုပ်သွင်က အားလုံးကြားမှာ ထင်းလင်းနေသည်လေ။

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ လေပြေ ပြောပြောနေတဲ့ 'ခန့်သောကို'လေ၊ ခန့်သော ဒါ တို့အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်၊ သူက သိင်္ဂီ၊ သူက စံပယ်"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ လေပြေလိုပဲ ခင်နိုင်ပါတယ်"

ခွက်ဝင်သွားတဲ့ သူ့ရဲ့ပါးခွက်လေးနှစ်ဖက်ကိုကြည့်ရင်း လေပြေ ကြွေမယ်ဆို ကြွေလောက်တာ နှစ်ယောက်သားသဘောပေါက်မိကြသည်။ လေပြေနဲ့ ခန့်သောကိုက သူတို့မျက်လုံးထဲမှာ သိပ်လိုက်ဖက်တဲ့ စုံတွဲပဲပေါ့။

"ခန့်သော ဘယ်လိုမျက်စိလည်လာတာလဲ"

"သင်္ချာက ကိုယ့်သူငယ်ချင်းတစ်ယောက် ဖုန်းဆက်ခေါ်လို့ပါ၊ အဲဒါနဲ့ ကိုယ်လည်း လေပြေနဲ့ပါတွေ့ရအောင် ဖုန်းဆက်မိလိုက်တာ၊ သူ့ကိုလည်း ဒီမှာပဲ ချိန်းထားတယ်"





"သြော်"

"လေပြေတို့ အတန်းရှိတယ်ဆိုရင်လည်း ကိုယ့်ကိုအားမနာနဲ့ သွားတက်ပါနော်၊ ကိုယ့်ကြောင့် အတန်းဖျက်လိုက်ရမှာ အားနာလို့"

"ရပါတယ် ခန့်သောရယ်"

သူ လေပြေ့ကို ခင်ခင်မင်မင်ရှိတဲ့ သူငယ်ချင်းလိုဆုံစံမျိုး ဖမ်းထားတာမို့ လေပြေ စိတ်ထဲမချင့်မရဲလေး ဖြစ်မိပါသည်။ သူ့မျက်ဝန်းထဲမှာ လေပြေ့ရဲ့အလှအပကို အသိအမှတ်ပြုနေတာ မြင်နေရပါသည်။ သို့သော်လည်း သူ ဘာကြောင့်ဖွင့်လပ်စွာ ရင်ခုန်ခံစားခွင့်ကို ထိန်းချုပ်နေလဲ ဆိုတာတော့ လေပြေ မတွေးတတ်အောင်ပင်။

လေပြေတို့ စကားကောင်းနေတုန်း ခန့်သော သူငယ်ချင်းတစ်သိုက် ကန်တင်းထဲ ဝင်လာတာနှင့် လေပြေတို့လည်း အလိုက်တသိနဲ့ ခန့်သောကို နှုတ်ဆက်ပြီး ထ,ပြန်လာခဲ့ကြသည်။

"ဟေ့ကောင် ... ခန့်သော၊ မင်းနဲ့ လေပြေရှိုက ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



လေပြေချိုတို့ ထွက်သွားတော့ သူငယ်ချင်းတွေက သူ့ကို စပ်စုကြသည်။ လေပြေချိုက သတင်းကြီးတဲ့ မင်းသမီး မဟုတ်ပါလား။

"မိတ်ဆွေတွေပါကွာ"

သူ့စကားကို မယုံသင်္ကာဟန်နှင့် သူငယ်ချင်းတွေက ပြုံးစိစိ လုပ်နေကြတာမို့ သူ နောက်ထပ်စကားမဟအောင် ခပ်တည်တည် မျက်နှာပေးနှင့်သာ အသာငြိမ်နေလိုက်ပါသည်။

"ပြော ... ငါ့ကို အရေးတကြီး ဖုန်းဆက်ခေါ်တဲ့ကိစ္စ"

ထူးအောင်က စပ်ဖြဲဖြဲရုပ်နှင့် လက်ဝါးနှစ်ဖက်ကို ပွတ်သပ်နေရင်းက ...

"မင်း အကူအညီလိုလို့ပေါ့ ခန့်သောရာ"

"ကျောင်းပိတ်မှတွေ့လည်း ရတဲ့ဟာကိုကွာ"

"ဟာ ... မရဘူး၊ ငါက မင်းကို ပြချင်သေးတာလေကွာ မင်းအကူအညီရမှ ဖြစ်မှာမို့ပါကွာ ခန့်သောရာ"

ထူးအောင်က state ကျောင်းကတည်းက ခန့်သောရဲ့ အရည်အချင်းကို သိပြီးသူဖြစ်သည်။ ဆယ်တန်းနှစ်က ကောင်မ





လေးတစ်ယောက်ကို လိုက်တုန်းကလည်း ခန့်သောပဲ အခါပေးခဲ့ဖူးသည်မဟုတ်လား။

"တကယ်မကြိုက်ဘဲနဲ့ အပျော်တွဲချင်တာ ဆိုရင်တော့ ငါ မကူညီဘူးနော် ဟော့ကောင်"

"ဟာ ... ငါ တကယ်ကြိုက်လို့ပါကွာ ခန့်သောရာ၊ တကယ်ကြိုက်တာပါကွ၊ ထာဝရလက်တွဲရမယ် ဆိုရင်တောင် လက်တွဲမယ့်ကောင်ပါကွာ၊ အဲလောက်ထိ သူ့ကို ချစ်နေမိတာ"

နောက်ဆုံးတော့ ထူးအောင်ကို သူ ကူညီဖို့ဆုံးဖြတ်ရင်း ထူးအောင် ကြိုက်နေတဲ့ ကောင်မလေးရှိရာ အဆောင်ဘက်သို့ ခြေဦးလှည့်မိတော့သည်။

ကော်ရစ်ဒါကနေ ထူးအောင်က သူ စိတ်ဝင်စားနေသည့် ကောင်မလေးကို လှမ်းပြသည်။ မရန်းစေ့ရောင် မြန်မာရင်စေ့ အင်္ကျီလေးနှင့် ဆံပင်စင်းစင်းလေးနဲ့ ကောင်မလေးကို မြင်စဉ်ခဏသူ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ရဲရဲရင့် တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့နားစည်ထဲကို ပြေးဝင်ရိုက်ခတ်လာတဲ့ နာမည်ကြားတော့ ဝိုသေရာသွားသည်။ သူမပဲပေါ့။ ညှို့ဓာတ်အပြည့်ပါတဲ့ မျက်ဝန်းတောက်တောက်လေးတွေက ပြတင်းပေါက်ကနေ သူတို့ဘက် ဖျတ်ခနဲ ရောက်လာသည်။ သူ့ကိုမြင်တော့ ဓလေ့ဓလေ့ဝါ ဟန်လေးနှင့် သူမ နောက်တစ်ကြိမ် ထပ်လို့ကြည့်လာသည်။

အင်း ... သူမ ဖိနပ်လေး ပြန်ပေးရဦးမှာပါလား။ သူ ရုတ်တရက် အဖြူရောင်ကြိုးသိုင်းလေးဆီ စိတ်ရောက်သွားမိသည်။

"ဟောကောင် ... ဘယ်လိုလဲ"

ထူးအောင်က စိတ်လှုပ်ရှားသံနှင့် သူ့ကိုမေးသည်။ သူ့ဆီမှာတော့ ဘာမှအာရုံပေါ်မလာပါ။ သူ အကြိမ်ကြိမ် ကြိုးစားပါသော်လည်း အရာမထင်။ သူ ခေါင်းခါလိုက်တော့ ထူးအောင် ပြန်မတတ်ပင်။

"ငါ ဘာအာရုံမှ မရဘူး ဟောကောင်"

သူ့အဖြေကို ထူးအောင်က သိပ်ကျေနပ်ပုံရမဘဲ သံသယမျက်ဝန်းတွေနဲ့ ကြည့်လာ၏။

"ဒါပေမဲ့ လမ်းကြောင်းတစ်ခုတော့ ပေးလို့ရတယ်၊ အဲဒီလမ်းကြောင်းကနေ မင်း ဝင်ကြည့်ပေါ့ကွာ၊ သူ့အချစ်ကို





ကျိန်းသေပေါက် ရမယ်၊ မရဘူးလို့တော့ ငါအာမ မခံနိုင်ဘူး"

"ဘာလမ်းကြောင်းလဲ ဟောကောင်"

"ဖိနပ်တစ်ရံပေါ့ကွာ၊ စနေနေ့ ငါ့အိမ်လာခဲ့လေကွာ၊ ကျောင်းပြန်တက်တဲ့နေ့ မင်း လှုပ်ရှားလို့ရပြီ"

ရဲရဲရင့်နဲ့ taxi ပေါ်မှာတွေ့ခဲ့သည့်အကြောင်း သူ ပြောပြတော့ ထူးအောင် ခေါင်းတဆတ်ဆတ်ညိတ်လို့ နားထောင်လာသည်။ သို့ပေမင့် ထူးအောင် ဘဝင်မကျနိုင်တာ သူ နားလည်ထားပါသည်။ သူ့အတွက်လည်း ဒီဖြစ်ရပ်က ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရပ်မဟုတ်လား။ ဘာလို့ ထူးအောင်အတွက် ရဲရဲရင့်ဆိုတဲ့ သူမကို အာရုံပြုကြည့်တော့ ဗလာဖြစ်နေရတာလဲ။ ထူးအောင်က စိတ်အားထက်သန်လွန်းနေသူမို့ မဖြစ်နိုင်ပါဆိုတဲ့ စကားနဲ့ချေးသိပ်လို့မရမှာ သူ သိထားတာမို့ ဖိနပ်တစ်ရန်နဲ့ လမ်းခင်းပေးလိုက်ရတာဖြစ်သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၃ )

ဘယ်တော့မှ ပြန်မရနိုင်ဘူးလို့ ထင်မှတ်ထားတဲ့ ဖိနပ်လေး ပြန်ရတော့ ရင့် တကယ်အံ့အားသင့်ရပါသည်။ လာပေးတဲ့သူက ထူးအောင်ဆိုတဲ့ဘဲ။ သူနဲ့အတူ တွဲတွေ့လိုက်ရတဲ့ လူက တစ်ခါတွေ့ဖူးရင် မမေ့နိုင်စရာ ရုပ်ရည်ပိုင်ဆိုင်ထားသူမို့ taxi ပေါ်မှာ တွေ့ခဲ့တဲ့လူမှန်း ရင့် မှတ်မိလိုက်ပါသည်။

"ဒီဖိနပ် ဘယ်ကရလာတာလဲ"

သိသိနဲ့ မေးခွန်းထုတ်မိတာ ဟိုတစ်ယောက်အကြောင်း သိချင်လို့ပဲ ဖြစ်သည်။

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်နဲ့ ရင့် taxi အတူငှားစီးမိကြရင်း ရင့် ကျန်ခဲ့လို့ သိမ်းထားပေးတာလေ"





"ဩော် … ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါနော်၊ ခုလိုလာပေးတဲ့ ရှင့်ကိုလည်း ကျေးဇူးတင်ပါတယ်"

"ရပါတယ် ရင့်ရယ်၊ အချင်းချင်းတွေပဲ၊ ခန့်သောကတော့ ဒီကျောင်းက မဟုတ်ဘူးလေ၊ သူက ဗိုလ်တထောင်ကောလိပ်က၊ အဲဒါကြောင့် ကျွန်တော့်ကို ပေးခိုင်းတာပါ"

"ဗိုလ်တထောင်ကောလိပ်က ဟုတ်လား၊ သူ့နာမည်က ဘယ်သူ"

"ခန့်သောကိုပါ"

သေချာအောင် ထပ်မေးလိုက်မိတာ ထွေးစုဆီက ကြားထားတဲ့ သတင်းစကားကို ပြန်အမှတ်ရမိလို့ပဲ ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပါလားနော်၊ ရင့် ဆန္ဒရှိသလိုပဲ ထူးအောင်က သင်းဆီက အကြောင်းကြားကို ရယူလို၍ ရင့်ကို လာပြခဲ့တာပဲဖြစ်မည်။ အခုလောက်ဆို သူ ထူးအောင်ကို အခါပေးပြီးလောက်ပြီ။

ရင့် ထူးအောင်ဆိုတဲ့ ဘဲကို လုံးဝပြန်ကြိုက်မည် မဟုတ်ပါ။

သူ့ရဲ့အခါပေးကို တက်တက်စင်အောင် လွဲစေဖို့ ရင့်မှာ အာသီသရှိနေပါသည်။ ဒါ ဘာကြောင့်ဆိုတော့ ဒါတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရင့် အယုံအကြည် မရှိလို့ဘဲဖြစ်သည်။ အဲဒီလိုပဲ ဒီ Power တွေရထားဟန်ဆောင်နေတဲ့ သူ့ကိုလည်း ပညာပြချင်၍ဖြစ်သည်။

"စိတ်မရှိဘူးဆိုရင် တစ်ခုမေးလို့ ရမလားဟင်"

ရင့်အားနာ ကပ်လျှောက်ရင်း သာသာယာယာရှိနေတဲ့ သူ့ကို ရင့် စတင်ထိုးနှက်ဖို့ ပြင်ဆင်လိုက်ပါသည်။

"ဟုတ်ကဲ့ ... မေးပါ ရင့်"

"ရင့်က ပွင့်လင်းတယ်၊ ဒီတော့ တဲ့ပဲ မေးမယ်နော်၊ ရှင်ရင့်ကိုများ စိတ်ဝင်စားနေတာလား"

"ဗျာ"

ဘာပြန်ဖြေရမှန်း ရုတ်တရက် အဖြေမထွက်နိုင်တဲ့ သူ့ရဲ့ကြောင်စီစီရုပ်က ရင့် မျက်ဝန်းထဲမှာတော့ အတော့်ကိုရယ်စရာပါ။

"ဟုတ် ... မညာပါဘူးဗျာ၊ ရင့် မေးလာပြီဆိုတော့လည်း ပြောရတော့မှာပေါ့၊ ကျွန်တော် ရင့်ကို ချစ်နေမိပါတယ်"

"စိတ်မကောင်းဘူးရှင်၊ ရင့် ရှင့်ကို ရင်ခုန်လို့မရဘူး၊ ဒီတော့ တန်ဖိုးရှိတဲ့ အချိန်တွေကို ရင့်ဆီမှာ လာမဖြုန်းပါနဲ့လား"





"ဗျာ ... ရင့် အချိန်တစ်ခုလောက်ယူပြီး စဉ်းစားပါဦးလားဗျာ"

သူ့ရုပ်က ရုတ်ခြည်း အုံ့မှိုင်းလာတဲ့ မိုးသားတိမ်လိပ်တွေလို ညှို့မှိုင်းမည်းမှောင်သွားသည်။

"ရင့် စဉ်းစားမှာ မဟုတ်လို့ ပြောနေတာပါ၊ ရှင့်ရဲ့အခါပေးကြီးက ဘယ်လောက် limit ပေးထားလဲ၊ ရှင် သူ့ကိုယုံကြည်တယ် ဆိုရင်တော့ သူပြောတဲ့ အချိန်ကာလအထိ ရင့်ကို လိုက်ကြည့်လိုက်ပေါ့၊ နောက်ဆုံးအဖြေကတော့ ပြောင်းလဲမှာ မဟုတ်ဘူး"

"ဗျာ"

ဒီတစ်ခါ အံ့သြသွားသူက ထူးအောင်ပါ။ ရဲရဲရင့်က ခန့်သောကို အကြောင်းကို သိနေလို့ပဲဖြစ်သည်။ ပြီးတော့ သူမရဲ့လေသံထဲမှာ စိန်ခေါ်သံတွေ ပါဝင်ကျက်စားနေကြသည်လေ။ ဒါကြောင့် ခန့်သော သူ့အတွက် ဘာမှမပြောပေးနိုင်ခဲ့တာများလား။



www.burmeseclassic.com

www.burmeseclassic.com



"ရင့် မှားနေပြီ၊ သူ ကျွန်တော့်ကို ရင့်နဲ့ပတ်သက်ပြီး ဘာမှအခါမပေးခဲ့ပါဘူး၊ သူ ဒီလိုမျိုး မပေးနိုင်တာ ဒါ ပထမဦးဆုံးပါ"

ရင့် ခပ်ရွဲ့ရွဲ့လေး ပြုံးမိပါသည်။ လူကြည့်ပြီး သူ ရှိန်သွားတာ နေမှာပေါ့။ သူလိုလူမျိုးက ဘယ်နှာမည်ပျက် ခံချင်မှာလဲ။ အခြေအနေ မဟန်မှန်းသိလို့ ရေငုံနှုတ်ပိတ်နေလိုက်တာ မသိတာကျလို့။ သင်းက ဒါဆို တော်တော်လူကဲခတ် တော်တယ်လို့ ပြောရတော့မှာပေါ့။

"ဘာပဲဖြစ်ဖြစ် ရင့်ရယ်၊ ယတိပြတ်ကြီးတော့ ငြင်းမပစ်လိုက်ပါနဲ့"

"ရင့်ကတော့ စကားကုန်နေပါပြီရှင်၊ ဒါပေမဲ့ ဖရင့်တစ်ယောက်လိုတော့ ထာဝရခင်လို့ ရပါတယ်၊ ရှင် ဆန္ဒရှိမယ်ဆိုရင်ပေါ့"

သူ ရင့်ကို ဘာမှဆက်မပြောနိုင်ရှာတော့ပါ။ ရင့်ကလည်း တခြားကောင်မလေးတွေလို အိထားပြီး ကန်ထုတ်တတ်တဲ့ အစားမျိုး မဟုတ်ပေတော့လည်း အခက်သားပါလား။





အိမ်ရောက်တော့ ထွေးစုကို ဒီအကြောင်း ဖောက်သည်ချမိတော့ ထွေးစုမှာ အံ့သြမဆုံး။

"ငါ နင်တို့ရဲ့ပုဏ္ဏားကို စိန်ခေါ်စကားတွေ ပြောခဲ့တာ၊ ထူးအောင် ပြန်ပြောရင်တော့ သူ့နားထဲ ရောက်လောက်ပါတယ်၊ အလကားပါ ... ငါထင်သားပဲ သူလိမ်နေတာ"

"မဟုတ်သေးပါဘူး ရင့်ရယ်"

"ဟင်း ဟင်း ... နင်ကတော့ ယုံတယ်မှလား၊ သူတက နဂိုကတည်းက နင့်ကိုကြိုက်နေမှန်း သူသိထားလို့ ဖြစ်မှာပေါ့ ထွေးစုရာ"

ထွေးစုကတော့ အခိုင်အမာကြီးကို ပြောနေတဲ့ ရင့်ကို ဘာမှခွန်းတုံ့ပြန်ပြီး ပြောမနေတော့ပါ။ ပြောလည်း မယုံပါဘူးလို့ ဟစ်ကြွေးနေတဲ့ဟာပဲ။

"ငါက ယတိပြတ် ဆုံးဖြတ်ပြီးသား ထွေးစု၊ ဘယ်ယောက်ျားနဲ့မှ မပတ်သက်တော့ဘူးလို့ပေါ့၊ တစ်နည်းမဟုတ်တစ်နည်းနဲ့ သစ္စာဖောက်ခံရမှာပဲလေ၊ အဲဒါကို ငါ အမုန်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် တကယ်ချစ်တဲ့သူ မတွေ့သေးလို့ပါ ရင့်ရယ်၊ ပြီးတော့ ပုဏ္ဏားက လူလိမ်တစ်ယောက် မဟုတ်ပါဘူး"

"*တော်စမ်းပါဟယ်*"

ဖိနပ်ထုပ်ကို ခုတင်အောက်ထဲ ထိုးသွင်းပြီး အိပ်ရာပေါ်ကို ကိုယ်ကိုပစ်လှဲရင်း ရင့် ခပ်ဆတ်ဆတ်လေး ပြောမိပါသည်။ ခေါင်းအုံးကို ရင်ဘတ်အောက် ထိုးသွင်းရင်း ရင့်မျက်လုံးလေးတွေ မှေးစင်းထားမိသည်။ တွေးစုဆီကဘာသံမှ ထပ်ထွက်မလာတော့ဘဲ ခပ်ဖွဖွခြေသံတွေနဲ့ ရင့်အခန်းထဲက ထွက်ခွာသွားတာ ကြားလိုက်မိသည်။ အခု ရင့်ရဲ့မှိတ်ထားသော မျက်ဝန်းတွေထဲမှာ မြင်နေရတာ "ခန့်သောကို"ဆိုတဲ့ လူကို။

❋❖❋





# ၁၄

"ရဲရဲရင့်"

သူ့အတွက် ထူးဆန်းလွန်းသော မိန်းကလေး။ ဘယ်သူ့တွက်မဆို အဖြေအမြဲရှိနေတဲ့ သူ့အာရုံမှာ သူမနဲ့ပတ်သက်တော့မှ ဘာအရာမှ မထင်ခဲ့တာ ဘာကြောင့်များလဲ။ သူ စာကြည့်နေရာကနေ ရဲရဲရင့်ရဲ့မျက်နှာကို မြင်ယောင်သွားမိသည်။ ပြီးတော့ အံဆွဲကို အသာဖွင့်လို့ အံဆွဲထဲမှာ သူထည့်သိမ်းထားတဲ့ A4 စာရွက်အထပ်လိုက်ကို ယူငင်လိုက်သည်။

"ရွှေယင်းမာ"

သူရော ... အခု ဘယ်မှာလဲ။ လက်လှမ်းမီသလောက် စုံစမ်းကြည့်ရသလောက်ကတော့ "ရွှေယင်းမာ"ဆိုတဲ့ နာမည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆင်တူရိုးမှားတောင် မရှိခဲ့။ ဖူးစာရေးနတ်က ဒီတစ်ခါကျတော့ သူ့ကို တမင်တကာ ကျီစယ်လေရော့သလား။

အခန်းတံခါးခေါက်သံကြောင့် သူ စာရွက်တွေကို အံဆွဲထဲ ထိုးထည့်ပြီး တံခါးဖွင့်ပေးလိုက်သည်။

"သား ... စာကျက်နေတာလား၊ မာမီ နွားနို့လာပို့တာ"

"ဟုတ်ကဲ့ မာမီ၊ ကျေးဇူးပါ"

"သိပ်ညဉ့်နက်မခံနဲ့နော် သားလေး"

"ဟုတ်ကဲ့"

မာမီက အပြင်မထွက်သွားဘဲ သူ့အခန်းထဲဝင်လာသည်။ သူကလည်း နွားနို့ခွက်ကိုင်ပြီး မာမီ့နောက်ကနေ လိုက်လျှောက်လာမိသည်။

"သား ... လေပြေလေးနဲ့ အဆင်ပြေရဲ့လား"

"ဗျာ"

"လေပြေနဲ့ အဆင်ပြေရဲ့လား၊ သားတို့ချင်း အပြင်မှာမတွေ့ကြဘူးလား"

"ဩော် ... တွေ့ပါတယ် မာမီ၊ ဟိုနေ့ကတောင် သူတို့ကျောင်း ရောက်သေးတယ်"





မာမီက သူ့ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်ရင်းက မေးခွန်းထပ်ထုတ်သည်။

"သူ့ကို သား ဘယ်လိုသဘောရလဲ"

"သူလား ... ဘာအပြစ်မှ ပြောစရာမရှိပါဘူး မာမီ"

"မာမီ ဆိုလိုတာ ဒါမဟုတ်ဘူးလေကွယ်၊ သားစိတ်ထဲ ဘယ်လိုခံစားရလဲ၊ ဒါကိုမေးတာ၊ သူ သားရဲ့ဖူးစာရှင်ဖြစ်နိုင်တယ်လို့ သား ထင်လားဟင်"

မာမီက အန့်တီလေးကိစ္စနဲ့ပတ်သက်ပြီး သူ့ကို အထင်ကြီးပြီး စကားတွေ အစ်အောက်ပြီး မေးလာသည်။ သူကတော့ မာမီ့အမေးကို မဖြေဘဲ နွားနို့ကို တစ်ငုံချင်းစီ သောက်နေမိသည်။

"သား ... မာမီမေးနေတယ်လေ"

"မပြောဘူးလို့ နေမလို့ဘဲ မာမီ၊ မာမီက သိပ်သိချင်နေတယ်ဆိုတော့လည်း ပြောပြရတော့မှာပေါ့"

သူက နွားနို့ဖန်ခွက်ကို အသာချရင်း အံဆွဲထဲက စာရွက်ထပ်ကိုယူပြီး မာမီ့လက်ထဲ ထိုးပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေယင်းမာ … သူ ဘယ်သူလဲ သား"

"မသိဘူးလေ မာမီ၊ လတ်တလော သားပတ်ဝန်းကျင်မှာ မရှိတာတော့ သေချာတယ်"

"ဒါကို ဘယ်တုန်းက သား ရေးခဲ့တာလဲ"

"ပြီးခဲ့တဲ့ လပြည့်နေ့ညတုန်းကပဲ မာမီ"

"သြော်"

မာမီက သူ့မျက်နှာကို တွေတွေငေးငေးကြည့်လို့ ဘာတွေစဉ်းစားခန်းဝင်နေသလဲ မသိပါ။

"တစ်နေ့တော့ သူ ရောက်လာမှာပေါ့ မာမီ၊ သားလည်း သူ့ကို စောင့်နေတာ"

မာမီက သူ့စကားကြောင့် သွားတွေ ဖွေးခနဲပေါ် သွားအောင် ပြုံးလိုက်ရင်း …

"သိပ်လည်း အစွဲအလမ်း မကြီးပါနဲ့ သားရယ်၊ သားရဲ့ ချစ်တတ်တဲ့စိတ်တွေကို မထိန်းချုပ်ထားပါနဲ့၊ ဒီနာမည် ကြောင့် လေပြွေကို သားနှလုံးသားထဲ မထည့်နိုင်ခဲ့တာ လား"





"အဲဒီလိုလည်း မဟုတ်သေးဘူးလေ မာမီ၊ မသိထားရင် တော့ ကောင်းပါတယ်၊ သိသိနဲ့တော့ ကိုယ် လက်တွဲခွင့် မရမယ့် မိန်းကလေးကို ဝေဒနာတွေ မပေးချင်ဘူး"

"ဒီတော့ အဲဒီ ရွှေယင်းမာနဲ့ သား ဆုံရမယ်လို့ ယုံကြည် တယ်ပေါ့ … ဟုတ်လား"

"မာမီလည်း သိသားပဲလေ"

သူ ဘာကိုဆိုလိုမှန်း မာမီ ကောင်းကောင်းသဘော ပေါက်မည် ထင်ပါသည်။ အန်တီလေးတုန်းကလည်း သူ လပြည့် နေ့ညမှာပဲ ယောင်ပြီး အန်တီလေးဖူးစာဖက်နာမည်ကို ရေးခဲ့တာ ပဲ မဟုတ်လား။ အခုလည်း သူရေးခဲ့တာ လပြည့်နေ့ညမှာပဲလေ။

"ကဲ … ကဲ … ဒီစကား ဒီမှာတင်ပဲ ရပ်တော့ သားရေ၊ သားဒက်ဒီသိရင် ပြောဦးမယ်၊ သူက ဒါမျိုးတွေ အယုံ အကြည်ရှိတာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ မာမီ၊ သား နားလည်ပါတယ်၊ သား ဒါကြောင့် မာမီ့ကိုပါ မပြောဘူးလို့ လုပ်ထားတာ"

"ကဲ … ကဲ … သားလည်း ခဏနေ အိပ်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... မာမီ"

မာမီ ထွက်သွားတော့ သူ တံခါးထ,ပိတ်လိုက်သည်။ စာကြည့်စားပွဲပေါ်မှာ ပြန့်ကျဲနေတဲ့ စာရွက်စာတမ်းတွေကို သူ စုစည်းပြီး စနစ်တကျ နေရာပြန်ချတုန်း ဖုန်းတစ်ကောဝင်လာသည်။ ထူးအောင်ဆီကဖုန်း။

ထူးအောင်ပြောတဲ့ စကားများအကြားမှာ ခန့်သောကို မျက်နှာမှာ အရောင်အမျိုးမျိုး ပြောင်းလဲနေပါသည်။ "ရဲရဲရင့်" သူမက သူ့အကြောင်းကို ကောင်းကောင်းသိနေခဲ့တာပဲ။ သူမရဲ့ မယုံကြည်ဟန် စိန်ခေါ်စကားများက သူ့ကို မခံချင်မှုတစ်ရပ်ဖြစ်ထွန်းစေ၏။ အေးလေ ... သူမ,မသိလို့ ပြောတာပဲ၊ ကိုယ်က သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ပေးရမှာပေါ့။ ရုတ်တရက်ဖြစ်သွားတဲ့ မခံချင်မှုကို သူ ဆင်ခြင်တုံတရားနဲ့ အလဲထိုးအနိုင်ယူလိုက်ပါသည်။

"ပြောပါစေကွာ၊ သူလို မိန်းမတစ်ယောက်က မယုံကြည်တာ မဆန်းပါဘူး၊ ငါလည်း တကယ် မင်းအတွက် အာရုံမရခဲ့တော့ ပြောစရာကြီး ဖြစ်သွားတာပေါ့ကွာ"





"ခန့်သော ... မင်း နောက်တစ်ကြိမ် ကြိုးစားကြည့်ပေးလို့ မရဘူးလားကွာ၊ ငါ သူ့ကို တကယ်ချစ်နေလို့ပါကွာ"

"ဟူး"

သူ သက်မချရင်း အရိုးသားဆုံး ဝန်ခံလိုက်ပါသည်။

"မင်း သူ့အချစ်ကို ဘယ်နည်းနဲ့မှ ရနိုင်မယ်မထင်ဘူးကွာ၊ ငါလည်း စိတ်မကောင်းပါဘူး"

ထူးအောင် ဖုန်းချသွားတော့ သူလည်း ငေးငေးငိုင်ငိုင် ကျန်ခဲ့ပါသည်။ တကယ်ဆိုတော့ လူတစ်ယောက်နဲ့ တစ်ယောက် အခိုက်အတန့်လေး ဆုံစည်းခွင့်ကိုတောင် ကံကြမ္မာက သတ်မှတ်ပြဋ္ဌာန်းပြီးသားပဲ။ သူက ကံကြမ္မာရဲ့ပြဋ္ဌာန်းမှုကို တစ်ဆင့်ပြန်လို့ ဖောက်သည်ချပေးတဲ့သူ။ အခွင့်မရှိတဲ့ လူနှစ်ယောက်ကို ဆုံစည်းစေဖို့ ဖန်ဆင်းပေးနိုင်သူမှ မဟုတ်ခဲ့တာ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

မှန်တင်ခုံရှေ့မှာထိုင်ပြီး မှန်ထဲကအရိပ်ကိုကြည့်ရင်း ဟိုအရင်အချိန်တွေတုန်းကလို ကျေနပ်နှစ်သက်မှု အစားစိတ်ပျက်အားငယ်မှုတွေက လေပြေ့ရင်ထဲ အလုံးအရင်းနဲ့ကိုချီတက်ဝင်လာသည်။ လှပမှုအပေါင်း သရဖူဆောင်းထားတဲ့မိန်းမတစ်ယောက်အတွက် ဒီနေ့လိုနေ့တွေ ရှိလာလိမ့်မယ်လို့အိပ်မက်တောင် မက်ခဲ့ဖူးတာ မဟုတ်လေ။

လေပြေရဲ့အကြည့်၊ အပြုံး၊ လှုပ်ရှားဟန်လေးတွေကို ချစ်စိတ်မဝင်ရင်တောင်မှ မျက်တောင်ခတ်ဖို့ မေ့လျော့မတတ်ယောက်ျားတိုင်း ငေးမောကြတာပဲနော်။ အခွင့်အရေးပေးရင် ချစ်ရေးဆိုချင်ကြတဲ့ သူတွေချည်း။





အဲဒီထဲမှာမှ ခန့်သော တစ်ယောက်က ထူးထူးခြားခြား ကွဲထွက်နေတာမို့ လေပြေ စိတ်ညစ်ရပါသည်။ ယောက်ျားအထောင်အသောင်း ဘယ်လောက်ပဲ လာကြိုက်ပစေ၊ ကိုယ်စိတ်ဝင်စားတဲ့ တစ်ယောက် လာမကြိုက်တာ ကိုယ့်အတွက်တော့အကြီးမားဆုံး နာကျင်မှုပါ။

တစ်သက်လုံး စင်ပေါ်မှာနေလာတဲ့ လေပြေ့အတွက်သူ့ကို သိသိသာသာကြီး လမ်းခင်းပေးဖို့ ဆိုတာကလည်းလေပြေချိုက သူမရဲ့နှုတ်ခမ်းဖူးဖူးလေးပေါ်ကို ပုစွန်ဆီရောင် lip stick လေး ဆွဲညှိလိုက်သည်။

ဆံပင်တွေကို တစ်ခြမ်းစောင်း စုစည်းပြီး ပုစွန်ဆီရောင် ကော်လာထောင် လက်ပြတ်ရင်ဖုံးလေးနှင့် သူမ ဒီနေ့အလှကြီး လှနေပါသည်။ ဆင်စွယ်လို သွယ်ပျောင်းသော သူမရဲ့လက်မောင်းသား ဝင်းဝင်းလေးမှာ မွေးညင်းနုလေးတွေက ယှက်ဖြာလို့။ သူက ဘာသားနဲ့ ထုထားတဲ့ ယောက်ျားမို့လို့ လေပြေရဲ့အလှကွန်ယက်ထဲ ခြေချော်မလဲခဲ့တာလဲ။ ဘယ်အရာက သူ့ကို လေပြေ့အနား ရောက်မလာအောင် ဟန့်တားထားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာများ ချစ်သူတွေ ဘာတွေရှိလို့ ထိန်းချုပ်နေတာလား။ ဒီအတွေးလေးဝင်တော့ လေပြေ့ရင်ထဲ အပူလုံးလေး ကြွလာပါသည်။ အဲဒါကြောင့်များ သူ ထိန်းနေတာများလား။ သူ့ရုပ်သူ့ရည် သူ့အဆင့်အတန်း သူ့အသက်အရွယ်နဲ့ ရည်းစား ချစ်သူတော့ ရှိလောက်မှာပါ။

ကာတံခါးကို ဆွဲဖွင့်ပြီး လေပြေ ဝင်ထိုင်လိုက်သည်။ အိတ်ထဲကဖုန်းကို ထုတ်ကာလက်နဲ့ဆရင်း သူ့ဆီဖုန်းဆက်သင့် မဆက်သင့် စဉ်းစားခန်းဖွင့်နေမိသည်။ လှပလွန်းတဲ့ သူမမျက်နှာမှာ အလိုမကျဟန် ညိုတိုတိုအရိပ်တွေက ဖြတ်ပြေးလို့ နေသည်။

နောက်ဆုံးတော့ စိတ်အလိုကိုလိုက်ရင်း သူ့ဆီဖုန်းခေါ်မိပါသည်။ သူလည်း ဒီအချိန်လောက်ဆို ကျောင်းသွားတဲ့ လမ်းပေါ်မှာ ရှိလိမ့်မည်။ သူ့ဆီဖုန်းခေါ်တော့ မြည်တဲ့ ring tone က ရဲရင့်အောင်ရဲ့ လွမ်းလွန်းလို့ဆိုတဲ့ သီချင်းလေး။ လေပြေ သိပ်ကြိုက်တဲ့ သီချင်းလေးပါ။

"ဟယ်လို"

"ဟယ်လို ... ခန့်သော၊ ယူ ဘယ်မှာလဲဟင်"





"အိပ်ရာထဲမှာ"

"ဟင် ... ကျောင်းမသွားဘူးလား၊ နေမကောင်းဘူးလား၊ အသံကြီးကလည်း တစ်မျိုးကြီးပဲ"

"ဟုတ်တယ်၊ နေမကောင်းလို့ ဒီနေ့ ကျောင်းမသွားတာ"

"ဟင် ... ဘာဖြစ်တာလဲ၊ ဖျားတာလား"

"ဟုတ်တယ်၊ မနေ့က မိုးရေထဲ ဘောလုံးကန်လိုက်တာ တော်တော်ကြာသွားတယ်"

"ဖြစ်ရမယ်၊ လေပြေ ကျောင်းဆင်းရင် ဝင်လာခဲ့မယ်နော်၊ ခန့်သော ဘာစားချင်လဲပြော၊ ဝယ်လာခဲ့မယ်"

"အားနာစရာ လေပြေရယ်၊ လောလောဆယ်တော့ ကိုယ် ဘာမှမစားချင်ဘူး"

"ရပါတယ် ခန့်သောရယ်၊ အချင်းချင်းတွေပဲဟာ လေပြေ အဆင်ပြေမယ်ထင်တာလေး ဝယ်လာခဲ့မယ်နော်"

လေပြေ့ဆီက ဖုန်းအချနှင့် သူ့သက်ပြင်းငွေ့ငွေ့ အချက တစ်ထပ်တည်း သွားကျသည်။ လေပြေရဲ့မျှော်လင့်ချက် ရောင်ခြည် ကွန့်မြူးနေတဲ့ မျက်ဝန်းလေးတွေကို သူ မသိမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သိပါသည်။ မျက်ဝန်းတွေက စိတ်ရဲ့တံခါးပေါက်မို့ သူမစိတ်ထဲမှာ ဘာတွေရှိနေလဲဆိုတာ သူ အတိုင်းသား မြင်နေရသည်လေ။ ခက်တာက ... ခန့်သော ဆက်မတွေးချင်တော့တာနှင့် အတင်းဖွတ်မှိတ်ပြီး အိပ်ပျော်အောင် ကြိုးစားကြည့်လိုက်သည်။

"ခန့်သော ... ခန့်သော ... သား ... သား"

သူ့ကိုယ်ကို ကိုင်လှုပ်ပြီး ခပ်တိုးတိုးနှိုးသံကြောင့် သူ မျက်လုံးကို အားယူပြီး ဖွင့်ကြည့်တော့ မာမီနဲ့အတူ လေပြေကိုပါ တွေ့လိုက်ရသည်။ မာမီက သူ့နဖူးပေါ် ကိုယ်စမ်းကြည့်ပြီး ခေါင်းရင်းစားပွဲခုံပေါ် တင်ထားတဲ့ ဆေးနဲ့ရေတစ်ခွက်ကို လှမ်းယူပေးသည်။

"ဆေးသောက်လိုက်ဦး သား၊ ကိုယ်ပူတော့ နည်းနည်းကျသွားပါပြီ၊ အခု နေရတာ ဘယ်လိုလဲ။ သက်သာလား"

"ခေါင်းတော့ နည်းနည်းမူတယ် မာမီ"

"အင်း ... ဒီလောက်တော့ ရှိမှာပေါ့ သားရယ်၊ ရော့ ... ဘဲသားဆန်ပြုတ်လေး သောက်လိုက်ပါဦး၊ လေပြေ ဝယ်လာတာလေ"





"အားနာစရာ လေပြေရယ်"

"အန်တီ့ကို လှမ်းမေးပြီးမှ ဝယ်ခဲ့တာ၊ ခန့်သော ဘဲသားဆန်ပြုတ် သောက်ချင်တယ် ပြောလို့လေ"

"ကျေးဇူးပါနော်"

မာမီက သူ့ကို ကလေးငယ်တစ်ယောက်လို ဇွန်းနဲ့ခွံ့တော့ လေပြေ့ရှေ့မှာ သူ နည်းနည်းတော့ ရှက်သွားမိသည်။

"အန်တီရေ ... ဖုန်းလာတယ်၊ ဦးဆီက"

အိမ်ဖော်မလေး အခန်းဝရှေ့ လာရပ်ပြောတော့ မာမီက အလျှာဖးယားနှင့် ထွက်သွားသည်။ လေပြေကတော့ မာမီ့နောက် လိုက်သွားရကောင်းနိုး၊ အခန်းထဲမှာ ကျန်ခဲ့ရကောင်းနိုးနှင့် ဇဝေဇဝါ ဖြစ်နေတဲ့ဟန်လေး။ ဒီနေ့မှ သူမ သိပ်လှနေသလို သူ စိတ်ထဲခံစားရပါသည်။

"လေပြေ"

"ရှင်"

"ကျေးဇူးတင်ပါတယ်နော်"

လေပြေက မာမီ ထိုင်ခဲ့တဲ့ ခုံပုလေးမှာ ဝင်ထိုင်ရင်း ချစ်စဖွယ် ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ အဲဒီစကားပဲ ခန့်သော ပြောနေတော့မှာလား"

"လေပြေ ဒီနေ့ အရမ်းလှတယ်"

သူ့ရဲ့ခပ်တိုးတိုးစကားလေးထဲမှာ လေပြေ ပျော်ဝင်သွားပါသည်။ ရှက်ပြုံးလေးပြုံးရင်း အဖျားရှိန်ကြောင့် နီအမ်းအမ်းဖြစ်နေတဲ့ သူ့မျက်နှာလေးကို ကြင်နာစွာ ကြည့်နေမိလိုက်သည်။

"ဆန်ပြုတ်ခွံ့ကျွေးရမလား"

"လေပြေ ဆန္ဒရှိရင် ကျွေးပေါ့ကွာ"

လေပြေက သူ့မာမီ ချထားခဲ့တဲ့ ဆန်ပြုတ်ပန်းကန်လေးကိုယူပြီး သူ့ကို ဇွန်းလေးနဲ့ ခွံ့ကျွေးသည်။ တကယ်တော့ သူ လေပြေ မကျွေးလောက်ဘူးထင်လို့ ပြောခဲ့မိတာ။ ပါးစပ်ဟပြီး သူမ ခွံ့ကျွေးတဲ့ ဆန်ပြုတ်ကိုသောက်လို့ သူမမျက်နှာလှလှလေးကို သူ ငေးမိပါသည်။

ဖုန်းပြောပြီး ပြန်လာတဲ့ ဒေါ်ဝတ်ရည်ကတော့ အခန်းထဲက မြင်ကွင်းကို လှမ်းတွေ့လိုက်တာမို့ ခြေလှမ်းတုံ့သွားပြီး နောက်ဆုတ်လှည့်ထွက်လာခဲ့သည်။ နောက်ဆယ့်ငါးမိနစ်နာရီဝက်လောက်နေမှ ပြန်ဝင်တော့မည်လေ။





အခု မိန်းမချင်းမို့ လေပြေလေးရင်ထဲက သားပေါ်ထားတဲ့ အချစ်တွေကို သူမ ခံစားသိရှိနေပါသည်။ သူမအနေနဲ့ကတော့ ဘာမှကန့်ကွက်စရာမရှိ။ ကံတရားက လက်ခံဖို့သာ အရေးကြီးသည်။ "ရွှေသင်းမာ"ဆိုတဲ့နာမည် သူမအတွေးထဲရောက်တော့ စိတ်တွေ နောက်ကျိရှုပ်ထွေးသွားရင်း ခန့်သော အခန်းထဲ ပြန်လှည့်ဝင်ဖြစ်လိုက်ပါသည်။

❃ ❖ ❃



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

ဒီနေ့ တနင်္ဂနွေနေ့ မမက သူ့ကားနဲ့ ရင့်နဲ့ထွေးစုကို shopping ထွက်ဖို့ လာခေါ်တာမို့ မနက်တည်းက သုံးယောက်သား လမ်းပေါ်ရောက်နေကြပါသည်။ မမက နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ secretary တစ်ယောက် ဖြစ်သည်။ ရင့်ဖေဖေရဲ့အစ်မကမွေးတာဖြစ်ပြီး တစ်ဦးတည်းသောသမီးမို့ ရင့်တို့ကို ညီအစ်မအရင်းသဖွယ် သဘောထားသူဖြစ်သည်။

သူ အင်္ကျီတစ်ထည်ဆိုရင် တို့ကိုလည်း တစ်ထည်ဝယ်ပေးတတ်သူ။ ငြင်းရင်လည်း မျက်နှာမကောင်းတတ်တာမို့ ရင့်တို့မှာ အားနာနာနဲ့ လက်ခံရပါသည်။ shopping ထွက်ရတာ





ပျော်မွေ့တတ်တဲ့ မိန်းကလေးတို့ရဲ့သဘာဝအတိုင်း သုံးယောက်သား မမောနိုင် မပန်းနိုင် ခြေတိုအောင်လျှောက်ရင်း စိတ်တိုင်းကျကို ရွေးချယ်ဝယ်ယူနေကြပါသည်။

ဂျင်းအင်္ကျီ ဘောင်းဘီဝမ်းဆက်လေး ဝတ်ထားပြီး အပြာရောင်ဖောက်ထားတဲ့ နေကာမျက်မှန်ဝတ်ထားတဲ့ ဆံပင်ငင်းစင်းလေးနဲ့ ရင့်ကို shopping mall ထဲက တွေ့သမျှလူတိုင်းက သမင်လည်ပြန် ကြည့်ကြည့်သွားကြပါသည်။ သွယ်လျသောသူမရဲ့ကိုယ်လုံးလေးနဲ့ သူမဝတ်ထားတဲ့ dressing က အရမ်းလိုက်ဖက်ပြီး style ကျနေခဲ့တာမို့ မသိရင် model တစ်ယောက်လိုဖြစ်နေတာမှလား။

"ဟင်"

Junction square ထဲ ဝင်ဝင်ချင်း ရှေ့တည့်တည့်က ကိုတွဲဆီ မျက်လုံးအရောက် ရင့် နှုတ်ခမ်းလေး ဟ,မတတ်အံ့ဩသွားသည်။ တစ်ယောက်နဲ့တစ်ယောက် ပြုံးကာရယ်ကာနဲ့ တွဲလျှောက်လာတဲ့ လေပြေချိုတို့ စုံတွဲကြောင့်ပါ။ သူမနဲ့တွဲလာတဲ့လူက "ခန့်သောကို"ဖြစ်နေတာကြောင့်လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုဆွား ... အဲ ... ခန့်သောကို"

ထွေးစုက ဝမ်းသာအားရ လှမ်းနှုတ်ဆက်တာမို့ သူက ခြေလှမ်းတုံ့သွားရင်း ပြန်၍နှုတ်ဆက်သည်။

"ခင်ထွေးစု ... shopping ထွက်လာတာလား"

ထွေးစုကို လှမ်းပြောနေတဲ့ သူ့မျက်ဝန်းတွေက ရင့်ဆီမှာသာ လုံးလုံးလျားလျား ကျရောက်လို့နေသည်။ ရင့်က မျက်မှန်ကိုချွတ်ပြီး အင်္ကျီမှာချိတ်ရင်း လေပြေချိုနှင့် သူ့ကိုမရယ် မပြုံး မျက်နှာပေးလေးနှင့် စေ့စေ့ကြည့်လိုက်ပါသည်။

"အင်း ... မိတ်ဆက်ပေးရဦးမယ်၊ ဒါ ထွေးစု အစ်မလေး ရဲရဲရင့်တဲ့၊ ဒါလည်း အစ်မပဲ မေသက်ထားတဲ့"

မလိုအပ်ဘဲ မိတ်ဆက်ပေးနေတဲ့ ထွေးစုကို ရင့် ဆောင့်ဆောင့်ဆွဲချင်နေမိသည်။ လေပြေချိုနဲ့ ရင့် အကြည့်ချင်း ဆုံခိုက်မှာ လေပြေချိုက စတင်မျက်လုံးလွှဲသွားတာမို့ ရင့်နှုတ်ခမ်းဖျားမှာ မဲ့ပြုံးတစ်ခု ခိုကပ်သွားသည်။

မမက အားနာနာနှင့် အသိအမှတ်ပြုစကား ပြော နေပေမင့် ရင့်ကတော့ လှုမှုရေးနားမလည်ဘူးလို့ပဲ ပြောပြော





ရင့်ကြည့်မရတဲ့ လူနှစ်ယောက်ကို ရေလိုက် ငါးလိုက် သဘောမျိုး နဲ့တောင် နှုတ်မဆက်မိပါ။

သူတို့အတွဲကို ဖြတ်ကျော်လျှောက်သွားလို့ အပြီးမှာ ရင့်ရဲ့ထွေးစုကို ကြိမ်းမောင်းတဲ့စကားတွေ ထွက်ကျလို့လာပါသည်။

"နင့် ဘယ်သူက မိတ်ဆက်ခိုင်းလို့ မိတ်ဆက်ပေးတာလဲ ထွေးစုရဲ့"

"ဟမ် ... ဘာဖြစ်လို့လဲ ရင့်ရဲ့"

"အဲဒီ သူနဲ့တွဲလာတဲ့ လေပြေချိုဆိုတာ အေးချမ်းမြင့်မိုရ်ကို ငါ့ဆီက ဖြတ်ခုတ်သွားတဲ့ မိန်းမပေါ့"

"ဩော် ... သူလား၊ ချောတာတော့ တော်တော်ချောတယ် နော်"

အူတူတူ လုပ်နေတဲ့ ထွေးစုကို ရင့် မျက်စောင်းခဲ မိပါသည်။ လေပြေချို ... ဒီမိန်းမ ခြေလှမ်းတွေသွက်လိုက်တာ။ ခန့်သောကိုနဲ့ ဘယ်လိုများ ချိတ်မိသွားပါလိမ့်။ သူတို့နှစ်ယောက် ရဲ့ အခြေအနေက ဘယ်လိုများပါလဲ။ သိချင်စိတ်လေးတစ်ခု ရင့် မှာ ရှန်းကြွလာခဲ့တာ ရာဝေင်ကြွေးကို ဆပ်ချင်လို့ပဲ ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေးစု ... လေပြေချိုနဲ့ သူနဲ့ ပတ်သက်မှု အတိကျကို ငါ သိချင်တယ်၊ နင် ခုံစမ်းပေး"

"အာ ... နင်သိတော့ ဘာလုပ်မလို့လဲ ရင့်"

"စုံစမ်းဆို စုံစမ်းပေးစမ်းပါဟာ"

မမကတော့ ရင့်သဘောထားကို သိထားသူမို့ လေသံအေးလေးနှင့် ဖျောင်းဖျရှာပါသည်။

"စိတ်လျှော့ပါ ရင့်ရယ်၊ ရန်ကိုရန်ချင်း မတုံ့နှင်းစမ်းပါနဲ့ ကိုယ်ပဲ ဒေါသကြောင့် ပူလောင်ရမှာ၊ ပြီးတာတွေလည်း ပြီးသွားပြီပဲ၊ အေးအေးဆေးဆေး နေစမ်းပါ"

အကြီးက ပြောနေလို့သာ ရင့် ငြိမ်နေပါသော်လည်း ရင့်ရင်ထဲမှာတော့ စကားများစွာ ရှိနေပါသည်။ ဘာလိုင်းကြီးကိုယ့်ရည်းစားကို လာလုသွားပြီး သူကိုယ်တိုင်ကလည်း တန်ဖိုးမထား အတည်မတွဲဘဲ ဖျက်လိုဖျက်ဆီး လုပ်သွားတဲ့ကိစ္စ ဘယ်လိုလုပ် ကျေအေးပေးလို့ ရနိုင်မှာလဲ။ သူက ရင့်လက်ထဲက ရင့်ဘဲကို ဆွဲထုတ်နိုင်တဲ့ အရည်အချင်းမျိုး ရှိရမှာပေါ့။

"ခန့်သော"





ကားမောင်းနေရင်းက လေပြေ့ကို သူ ငဲ့ကြည့်လိုက်သည်။ shopping mall ထဲက ထွက်လာပြီးကတည်းက လေပြေ့မျက်နှာ သိပ်မကြည်တာ သူ သတိထားမိပါသည်။ ဒါဘာကြောင့်လဲ ဆိုတာ မေးဖို့မလိုအပ်၊ ရဲရဲရင့်ကြောင့်ပဲ ဖြစ်မည်။ သူတို့နှစ်ယောက်ကြား ကျောင်းတော်ကရန်စ,က ရှိထားခဲ့သည် မဟုတ်လား။

"ဘာလဲ လေပြေ၊ ပြောလေ"

"ခန့်သော လေပြေ့ကို ဘယ်လိုသဘောထားလဲဟင်"

"ဘာကိုလဲ လေပြေ"

သူ့ပြန်မေးဟန်ကြောင့် လေပြေ တော်တော်အသည်းယားသွားပါသည်။ ခေတ်လူငယ် တစ်ယောက်အနေနှင့် သူဒီလောက်မတုံးသင့်ဟု လေပြေ ထင်သည်။ လေပြေ့ဘက်က ဒီလောက် ရေလာမြောင်းပေး လုပ်နေတာတောင် သူ လှုပ်မလာတာကြာတော့ သိပ်စိတ်မရှည်ချင်တော့။ အရောင်တဖျပ်ဖျပ်တောက်ပသော မျက်ဝန်းတွေနှင့် ခန့်သောကို စိုက်ကြည့်နေတဲ့ ရဲရဲရင့် စိတ်ထဲက အတွေးတစ်ခုကို လေပြေ ပုံဖော်မိချိန်မှာ ဘာကယ်ကိုပဲ တုန်လှုပ်သွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မကျေပွဲနဲ့ဖို့ ခန့်သောဆီကို ကပ်လာနိုင်မလား။ ရဲရဲရင့်ဆိုတဲ့ မိန်းမက ပြောရတာမဟုတ်။ ဒီကြားထဲ ရဲရဲရင့်ကို စူးစူးစိုက်စိုက် တစ်ချိန်လုံး ကြည့်နေသည့် ခန့်သောရဲ့အကြည့်တွေကိုလည်း သတိထားမိတာကြောင့် လူက ကတုန်ကယင်တွေ ဖြစ်ပြီး ပူထူလာသည်။ ခန့်သောကို ဘယ်နည်းနဲ့မှ လေပြေအဆုံးအရှုံး မခံနိုင်ပါ။

"ဘာမှ မဟုတ်တော့ပါဘူး"

"ဟင်း"

ခန့်သောက လေပြေ့စကားအကြားမှာ သက်ပြင်းပါးပါးချသည်။ လေပြေ ဘယ်လိုခံစားနေရမှန်း သူ ကောင်းကောင်း သဘောပေါက် နားလည်ပါသည်။ ကိုယ့်ရှေ့မှာ သင်းရနံ့တို့နှင့် မွှေးကြိုင်နေသော ပန်းလေးတစ်ပွင့်ကို မြင်နေပါလျက်နဲ့ မလှမ်းဝံ့တဲ့အကြောင်း သူ လေပြေနားလည်အောင် ဘယ်လိုပြောရမလဲ။ ပြီးတော့ ညို့အားပြင်းတဲ့ မျက်နက်ဝန်းလေးတွေနဲ့ ရဲရဲရင့်ကို သူ ဒီတစ်ကြိမ် မြင်နိုက်မှာ ထိထိရှရှလေး ခံစားမိသွားတာရော ဘာကြောင့်များလဲ။ အာရုံတွေ ထွေပြားပြီး ခံစားချက်





အစစ်အမှန်က ဘာလဲ သူကိုယ်တိုင် မဝေခွဲတတ်တော့။ ဘယ်သူက ပိုပြီးအလေးသာနေခဲ့တာလဲ။ လေပြေချိုလား၊ ရဲရဲရင့်လား၊ နာမည်လေးပဲသိပြီး လူကိုမမြင်ဘူးသေးတဲ့ "ရွှေယင်းမာ"လား။ ကိုယ်ကိုယ်တိုင်တောင် မသေချာတဲ့ ဝေဒနာကို သူ ဘယ်သူ့ရှေ့မှာ ဖွင့်ချပြရမှာလဲ။

❋ ❖ ❋

www.burmeseclassic.com



## ၁၇

"မင်းပညာကို စမ်းတာတော့ မဟုတ်ပါဘူးကွာ၊ မယုံကြည်တာမျိုးလည်း မဟုတ်ဘူး၊ ရင့်ကို စိတ်ဝင်စားနေတဲ့ ငါ့သူငယ်ချင်းတွေစုပြီး ခေါ်ခဲ့တာ၊ ဒီထဲက ဘယ်တစ်ယောက်ယောက်အတွက်များ မင်း ပြောပေးနိုင်မလဲလို့ပါ"

ထူးအောင် စကားကြောင့် သူ အကြီးကြီး ညစ်သွားပါသည်။ ကိုယ်က အပျော်သဘောမျိုးနဲ့ပဲ စိတ်ထဲပေါ်လာရာ ပြောတတ်တာကို သူက အတည်ကြီးမှတ်ယူပြီး အဖြေမရ,ရအောင် တွက်ထုတ်ဖို့ ကြိုးစားနေတာမို့ စိတ်အိုက်စရာပါ။





ဒီနေ့ လေပြေနဲ့ YKKO မှာ တွေ့ဖို့ချိန်းထားတာမို့ ထူးအောင် ဖုန်းဆက်လာတဲ့အခါ သူ့ကို တစ်နာရီစောပြီး ဆိုင်မှာတွေ့ဖို့ ချိန်းလိုက်တာဖြစ်သည်။ အခု သူ့သူငယ်ချင်းသုံးယောက်ကိုပါ ခေါ်ချလာပြီး လူကို အကြားအမြင်ဆရာလိုလို၊ ဘာလိုလိုဖြစ်အောင် လုပ်နေသည့် ဒီကောင့်ကို ဒေါကန်တာတော့ အမှန်။

"ဟေ့ကောင် ... ငါ ဘာကောင်မှ မဟုတ်ပါဘူးကွာ၊ မင်းပြောနေတဲ့ပုံက ငါကပဲ ဘာလိုလို"

"လုပ်စမ်းပါကွာ ခန့်သောရာ၊ ဒီသုံးကောင်ကိုပါ ကြည့်ပေးစမ်းပါ"

ငြင်းမရမယ့် အတူတူမို့ သူ မိတ်ဆက်ပေးတဲ့ သူငယ်ချင်းတစ်ယောက်ချင်းစီနဲ့တွဲပြီး ရဲရဲရင့်နဲ့ ပုံဖော်ကြည့်လိုက်မိသည်။ ထုံးစံအတိုင်း အရာမထင်၊ သုံးယောက်လုံးအတွက် ဗလာချည်းသာ။

"ငါ ဘာမှမမြင်ရဘူး"

တိုတိုတုတ်တုတ် သူ့စကားကြောင့် ထူးအောင် လှစ်ခနဲ ပြုံးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရဲရဲရင့်အတွက် သတို့သားလောင်း မပေါ်သေးဘူးဆိုပါတော့"

"မပြောတတ်ဘူးလေကွာ၊ ငါကိုယ်တိုင်ကိုက မပြောနိုင်တော့တာလည်း ဖြစ်နိုင်တာပဲ"

ထူးအောင် ခေါ်လာတဲ့ သူငယ်ချင်းသုံးယောက်ကလည်း တစ်ယောက်နဲ့တစ်ယောက်နဲ့ အဓိပ္ပာယ်ပါတဲ့ အကြည့်တွေနဲ့ ကြည့်ကြပြီး မယုံသင်္ကာဟန် ပြုံးနေကြပါသည်။ ထူးအောင် ခေါ်လို့သာ လိုက်လာရသည် ယုံကြည်ပုံမရကြတာ သူ သိပါသည်။ ယုံကြည်ချင်စရာလည်း မကောင်းတဲ့ ဖြစ်ရပ်ပဲကိုး။

"အဲဒီလိုတော့ မပြောနဲ့လေကွာ၊ ပြီးခဲ့တဲ့အပတ်ကတင် ကျော်နိုင့်ကို မင်း အခါပေးခဲ့တာ ငါ သတင်းရပြီးသားပါ၊ အခြေအနေကောင်းတယ်လို့လည်း သတင်းကြားထားတယ်၊ ရင်နဲ့ ထာဝရလက်တွဲခွင့် မပြောနဲ့ ရည်းစားဖြစ်ခွင့်တောင် မရတဲ့ ကံတရားကို ငါ တကယ်အသည်းနာမိတယ်"

သူကတော့ ထူးအောင်ကို ခွန်းတုံ့မပြန်မိ။ ကြေးအိုးကိုသာ တူနဲ့ အေးဆေးစားနေမိသည်။ သူက ဖန်ဆင်းရှင်မှမဟုတ်တာပဲလေ။





"မင်းရော အခုအချိန်အထိ တစ်ယောက်တည်းပဲလား၊ လေပြေချိုနဲ့ရော အဆင်ပြေရဲ့လား"

"ငါလား ... အခုထက်ထိတော့ တစ်ယောက်တည်းပါပဲ၊ လေပြေနဲ့က ဘော်ဒါတွေပါ"

သူတို့စကားဝိုင်းက တစ်ဖန်ပြန်လို့တိတ်ဆိတ်သွားပါသည်။ အပေါင်းအသင်းများတဲ့ ထူးအောင်ကို သူ မေးခွန်းတစ်ခု မေးမိလိုက်သည်။

"မင်း အသိထဲမှာ 'ရွှေယင်းမာ'ဆိုတဲ့နာမည် ရှိလား"

" 'ရွှေယင်းမာ' ဟုတ်လား၊ မရှိပါဘူး ဘာလို့လဲ"

"မန္တလေးက သူငယ်ချင်းတစ်ယောက်အတွက်ပေါ့ကွာ၊ ငါလည်း မမြင်ဖူးဘူး၊ သူ့မှာလည်း ပြစရာပုံမရှိဘူး၊ နာမည်ပဲ ပြောလို့"

"ငါတို့ကျောင်းကတဲ့လား"

"အင်း"

"ဘယ်မေဂျာကလဲ၊ မေဂျာသိရင် စုံစမ်းဖို့လွယ်မယ်"

"မေဂျာလည်း မသိဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆိုလည်း ဟိုတစ်မနေ့နဲ့လို့ ပြောလိုက်ကွာ၊ ကောက်ရိုးပုံထဲ အပ်ရှာတာကမှ လွယ်ဦးမယ်"

အမှန်အတိုင်းပြောဖို့ အဆင်မပြေလို့ ညာခဲ့လိုက်တဲ့အတွက် သူ့ကိုယ်သူ မလုံမလဲ ဖြစ်မိပါသည်။ အချိန်တန်ရင် သူမနဲ့ဆုံရမှာ မှန်ပေမင့် အဲဒီအချိန်အထိ သူ မစောင့်စားနိုင်တော့တာ လေပြေချိုနဲ့ ရဲရဲရင့်ကြောင့်ဆိုချင် မှားအံ့မထင်။

"ဟင်"

မှန်တံခါး ဆွဲဖွင့်ဝင်လာတဲ့ ကောင်မလေးတစ်ယောက်ကို အတွေ့မှာ သူဗျာများသွားမိသည်။ ချိန်းထားရင်တောင် လွဲလိမ့်ဦးမည်။ ဒီရက်ပိုင်းအတွင်း ရဲရဲရင့်ဆိုတဲ့ သူမနဲ့ ဆုံဆုံနေရတာ သာမန်တိုက်ဆိုင်မှုမှ ဟုတ်ပါရဲ့လား။ သူမမှာ အဖော်မပါ။ ဘယ်သူ့မှ ဂရုမစိုက်တဲ့ မျက်နှာပေးလေးနှင့် အိတ်ကြီးအိတ်ငယ် အသွယ်သွယ်ကို ကိုင်ဆောင်လာတာကြည့်ရင် shopping ထွက်လာတာပဲ ဖြစ်မည်။ shopping ထွက်ရတာကို တော်တော်ဝါသနာထုံပုံလည်းရ၏။





ဖျတ်ခနဲ သူမအကြည့်က သူတို့ဝိုင်းဆီသို့ ရောက်လာသည်။ အားလုံးကို ဝေ့ကြည့်ပြီး ရင့်မျက်နှာလေး သုန်မှုန်ခက်ထန်လို့သွားသည်။ အဲဒီဝိုင်းထဲက "ခန့်သောက်" ဆိုတဲ့ တစ်ယောက်ကလွဲပြီး ကျန်တဲ့ဘဲမှန်သမျှ ရင့်ကို ချစ်ရေးဆိုဖူးသူတွေချည်း။ ဒီလို တစ်နေရာတည်းမှာ သူတို့ကို စုပြီးတွေ့ပုံထောက်ချင့်ရင် "ခန့်သောက်"ဆီမှာ အခါတော်ပေးခံဖို့ ရောက်နေကြတာပဲ ဖြစ်မည်။

Menu ကိုကြည့်နေတဲ့ ရင့် ရင်ထဲမှာ ဒေါသမုန်တိုင်းတစ်ခု ဝင်မွှေနေပါသည်။ ဒါမျိုး သိပ်ဝါသနာပါရင်လည်း ကျောင်းတွေ ဘာတွေ တက်မနေဘဲ ဇာဒေင်ဟောခန်းဖွင့်ပြီး လုပ်စားပါတော့လား။ ဟုတ်တာလည်း မဟုတ်ဘဲနဲ့ တမင် populor ဖြစ်အောင် လုပ်နေတဲ့ အဲဒီငနဲကို ရင့် သိပ်ကြည့်မရချင်တော့။

"ရဲရဲရင့်ပဲ"

ထူးအောင်က ရဲရဲရင့်ကို လှမ်းတွေ့သွားသည်။ သူမ မျက်နှာက သုန်မှုန်တင်းမာလွန်းလို့ ရှုပ်တဲ့ဘက်တောင် ရောက်လုလု။



www.burmeseclassic.com

www.burmeseclassic.com



"လေပြေချိုနဲ့ မင်း ဘယ်အချိန် ချိန်းထားတာလဲ"

"တော်ကြာနေ သူ ရောက်လာတော့မယ်"

"ဒါဆိုလည်း ငါတို့လစ်တော့မယ် ခန့်သော၊ နောက်မှ တွေ့မယ်"

ထူးအောင်နဲ့ သူ့ဘော်ဒါသုံးယောက်က သူ့ကိုနှုတ်ဆက်ပြီး ထ,ထွက်သွားကြသည်။ ရဲရဲရင့် တစ်ယောက်တည်းထိုင်နေတဲ့ စားပွဲကို ကွက်ကြည့် ကွက်ကြည့် လုပ်ကြသော်လည်း စကားဝင်ပြောဖို့တော့ သူတို့တွန့်ဆုတ်နေကြပါသည်။ ရဲရဲရင့်က သူတို့အားလုံးကို ပြတ်ပြတ်သားသား ငြင်းထားပြီးသားမှလား။

သူတို့အုပ်စု ထွက်သွားပြီး တစ်ယောက်တည်းထိုင်ကျန်နေခဲ့သည့် ခန့်သောကို,ကို တွေ့လိုက်တာနှင့် ရဲရဲရင့် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပြီး ဘေးနားခုံမှာတင်ထားတဲ့ အိတ်တွေကို ကောက်ကိုင်ပြီး သူ့စားပွဲသို့ ထွက်လာခဲ့သည်။

"ဟင်"





သူ့စားပွဲမှာလာပြီး သူ့ရှေ့ခုံမှာ ခပ်တည်တည်ဝင်ထိုင်တဲ့ ရဲရဲရင့်ကြောင့် သူ မျက်လုံးပြူးသွားမိသည်။ သူမ ဘာရည်ရွယ်ချက်နဲ့ သူ့ရှေ့ရောက်လာခဲ့တာလဲ။ အဖြူနဲ့ အနက်စင်းရှပ်လက်တိုနှင့် ဂျင်းအနက် တွဲဖက်ဝတ်ဆင်ထားတဲ့ သူမ style က မိုက်တိမိုက်ကန်းလေး။ စိန်ပွင့်လေးတွေလို လက်လက်ဖြာနေသော သူမမျက်ဝန်းလေးတွေကို အနီးကပ်မြင်တွေ့စဉ်ခဏမှာ သူ့နှလုံးသားထဲ မိုးကြိုးတစ်ချက် ပစ်ချလိုက်သလို ဒိန်းခနဲမြည်ဟည်းသွား၏။

"ရှင့်ကို ပြောစရာရှိလို့ လာခဲ့တာ"

"ပြောစရာ"

အံ့ဩသလိုလို နားမလည်သလိုလို နဝေတိမ်တောင်ဖြစ်နေတဲ့ သူ့ရုပ်ကိုကြည့်ပြီး ရင့်မျက်နှာကို မဲ့ပစ်လိုက်ပါသည်။ တစ်ချိန်လုံး ရဲရဲရင့် ဆိုတဲ့ သူမအတွက် အလုပ်ရှုပ်နေတဲ့ သူကများ ဟန်ဆောင်ကောင်းနေလိုက်တာ။

"ဆရာလိုလို ဘာလိုလိုနဲ့ အခါပေးဖို့ မစဉ်းစားနဲ့ လုံးဝမရဘူးမှတ်၊ တစ်လောကလုံးမှာရှိတဲ့ ယောကျ်ားတွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို အခါပေးပြီး လိုက်ခိုင်းရင်တောင် ရင့်ဆီက အချစ်ကို ဘယ်သူမှ မရဘူးမှတ်"

ဘလိုင်းကြီး လာကောနေတဲ့ သူမကို သူ့စိတ်ထဲ ရုတ်တရက် ခပ်ချဉ်ချဉ် ဖြစ်လာပါသည်။ ဘာကိုမှ အကြောက်အလန့်မရှိ စိတ်ထင်ရာ လုပ်တတ်တဲ့ သူမပုံလေးကို သူအသည်းလည်း တော်တော်ယားမိသည်။

"ဒီမှာ အမိ ... စကားတွေ အကြီးကြီး မပြောစမ်းပါနဲ့၊ ကံကြမ္မာဆိုတာ ကြိုမြင်နိုင်တာ မဟုတ်ဘူး၊ အကြီးကြီးတွေ ပြောမိလို့ ပြန်မျိုချမရမှ ဒုက္ခဖြစ်နေမယ်"

"ဘာရှင့် ... တောက်"

သူ့ကို စားတော့မလို ဝါးတော့မလို မျက်ဝန်းတွေနဲ့ကြည့်ပြီး သူမ တက်တစ်ချက် ပြင်းပြင်းခေါက်သည်။ ဒီလောက်နုးညံ့တဲ့ မိန်းကလေးမျိုး သူ ဒီတစ်ခါပဲ တွေ့ဖူးသေးသည်။

"ရှင် ရင့်နဲ့ လာမနွှယ်ဘဲ ဝေးဝေးနေပါ"

"နေပါတယ်၊ မင်း ကိုယ့်ရှေ့ရောက်လာလို့သာ ပြောနေရတာ"





"ရှင် ... ရှင်"

ဒေါသသွေးလွှမ်းနေတဲ့ သူမမျက်နှာပြင်မှာ နှုတ်ခမ်းသားတွေက တဆတ်ဆတ်တုန်ခိုက်နေ၏။ ရုတ်တရက် ဆိုင်တံခါးဆီ သူ့အကြည့် ရောက်သွားပြီး လီမွှော်ရောင်မြန်မာဝတ်စုံလေးနဲ့ လှချင်တိုင်းလှနေတဲ့ လေပြေကို တွေ့တာမို့ လက်လှမ်းပြလိုက်ပါသည်။

ဆတ်ခနဲ ထ,ထွက်လာတဲ့ ရဲရဲရင့်နဲ့ လေပြေချိုတို့ မျက်နှာချင်းဆိုင် ဆုံကြသည်။ ခန့်သောကို ရှေ့က ထ,ထွက်လာတဲ့ ရဲရဲရင့်အတွက် လေပြေချို့မျက်ဝန်းထဲ မေးခွန်းများစွာရှိနေပါသည်။ question mark တွေနဲ့ ပြည့်နှက်နေတဲ့ လေပြေချို့မျက်ဝန်းတွေကြောင့် ရဲရဲရင့် လှောင်ပြုံး ပြုံးလိုက်မိသည်။ စိုးရိမ်စိတ်တွေ လွှပ်ခတ်နေတဲ့ မျက်လုံးအရိပ်ကို ဖမ်းမိစဉ်မှာ ခန့်သောကိုနဲ့ ပတ်သက်ပြီး သင်းရင်ထဲက သံသယခဉ်တစ်စ,ကို ရင့်ရှာတွေ့လိုက်ပါသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၈ )

အမှတ်မထင် ဆုံတွေ့ခဲ့သည့် မိန်းမချောလေးနှစ်ယောက်က သူ့ဘဝထဲကို ပုံစံတစ်မျိုးစီဖြင့် ချဉ်းနင်းဝင်ရောက်လာပြီး သူကိုယ်တိုင်ကလည်း သူမတို့နှစ်ယောက်ကို စိတ်ထဲအရေးတယူနဲ့ နေရာပေးမိခဲ့သည်။ အဲဒီလိုပဲ "ရွှေယင်းမာ" ဆိုတဲ့ ကောင်မလေးအကြောင်းကိုလည်း သူ လက်လှမ်းမီသလောက် နှစ်မြုပ်ကြည့်ဖြစ်ပြန်ပါသည်။

တစ်နေ့ တစ်နေ့ သူ့အတွေးသံသရာထဲမှာ ထိုမိန်းမသုံးယောက်တို့က တဝဲလည်လည်နှင့်သာ လွှမ်းမိုးလို့နေ၏။

"ဟင်း"



ဒီရက်ထဲ သူ ဒီလိုသက်ပြင်းပေါင်း ဘယ်လောက်များများ ချမိပြီလည်း မပြောတတ်။ သက်ပြင်းတစ်ခါချလို့ တစ်ရက် အသက်တိုကြေးဆို သူ အသက်တောင်ရှိတော့မည် မထင်ပါ။

အခု သူက အမိုးစိမ်းလေးအောက်က သစ်သားတုံးပေါ်မှာ ရှေ့မှာချထားတဲ့ စာအုပ်ကိုဖတ်နေသော်လည်း အာရုံထဲမှာတော့ စာလုံးတွေအစား လေပြေချို့ မျက်နှာနှင့် ရဲရဲရင့်မျက်နှာတို့သာ တစ်လှည့်စီပေါ်လို့ နေပါသည်။

ဘာကတွန်းအားပေးမှန်းမသိ သူ အာရုံပြုမိတာက လေပြေချိုနဲ့ သူနဲ့ကို တွဲပြီးတော့ပါ။ သာယာတဲ့ညနေခင်း တိမ်တောက်တဲ့ နေ့လေးမှာ လေပြေက သူ့ပခုံးမှာ မှီနွဲ့လို့ ကြည်နူးဖွယ်ရာ ဒီမြင်ကွင်းက မကြာတော့မယ့်ကာလကို ရည်ညွှန်းနေပါသည်။ တစ်ဆက်တည်းလိုလိုမှာပင် ရဲရဲရင့်နဲ့ သူ့ကိုတွဲလို့ အာရုံပြုမိပြန်ပါသည်။ စိန်ပွင့်လေးတွေလိုလို၊ ကြယ်ပွင့်လေးတွေလိုလို တလက်လက်တောက်ပသော မျက်ဝန်းလေးတွေနဲ့ သူ့ရင်ခွင်ထဲကနေ မော့ကြည့်လာတဲ့ ရဲရဲရင့်ကို မြင်မိစဉ်ခဏ သူ အကြီးအကျယ်ကို တုန်လှုပ်ချောက်ချားသွားမိသည်။ အချိန်ကာလကို

www.burmeseclassic.com



ပြန်တွက်ကြည့်တော့ နောက်ထပ် အလွန်ဆုံး ခြောက်လလောက်ကို ညွှန်ပြနေပါသည်။

ဒါ ... ဒါ ဘယ်လိုဖြစ်နိုင်မှာလဲ။ လေပြေရျိုရော၊ ရဲရဲရင့်ပါ သူနဲ့ပတ်သက်ဖို့ ဆိုတာ လုံးဝမဖြစ်နိုင်။ သူကိုယ်တိုင်ကလည်း ပွေတာတ်၊ ရှုပ်တာတ်တဲ့ လူစားမျိုး လုံးဝမဟုတ်ခဲ့တာမို့ သူ့အာရုံထဲ မြင်နေရတဲ့ မြင်ကွင်းတွေက သူ့ကို ပြက်ရယ်ပြုနေသည့်အလား။

"မဖြစ်နိုင်ဘူး၊ ငါ ပေါက်ကရ လျှောက်မြင်နေတာပါ ... လျှောက်မြင်နေတာ"

သူ အသံထွက် ရေရွတ်ရင်း ကိုယ့်ကိုယ်ကိုယ် အားပေးနှစ်သိမ့်နေလိုက်သည်။ အခု သူ ဘာကိုမှ မသိချင်တော့။ ဘာကိုမှ ကြိုမမြင်နိုင်တဲ့ သာမန်လူသားတစ်ယောက် သူဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။ အာရုံပြုမိလိုက်တဲ့ ကိုယ့်ကိုယ်ကိုယ်လည်း သူ ဒေါသထွက်မိပြန်သည်။

"မေ့လိုက် ခန့်သောကို ... လေပြေရျိုး၊ ရဲရဲရင့်၊ ရွှေယင်းမာ သုံးယောက်လုံးကို မေ့ပစ်လိုက်"





စာအုပ်ပေါ်ကို သူ မျက်နှာမှောက်ချရင်း ငြိမ်သက်နေမိသည်။ အေးမြသော လေပြေလေးက သူ့ကို တိုးဖွေ့တိုက်ခိုက်လာသော်လည်း သူ့ရင်ထဲမှာတော့ မငြိမ်းချမ်း။ အသိစိတ်က လက်မခံနိုင်တဲ့ ကံကြမ္မာပြကွက်အတွက် သူ သွေးပျက်လို့နေသည်။

"ခန့်သော"

တိုးတိုးပါးပါး လွင့်လာတဲ့ လေသံကြောင့် သူ ဆတ်ခနဲ တုန်သွားသည်။ ခေါင်းထောင်ကြည့်တော့ လေပြေကို ပြုံးလျက်တွေ့ရသည်။

"အိပ်ပျော်သွားတလား စာအုပ်ဖတ်ရင်းနဲ့၊ မေမေနဲ့လေပြေ လမ်းကြုံလို့ ဝင်လည်တာလေ၊ ဒီအချိန် ခန့်သော ခြံထဲမှာ ရှိမယ်ထင်လို့ ခြံထဲပဲ လာခဲ့တာ"

သူ့ဘေးနားက သစ်တုံးခုံမှာ နွဲ့နွဲ့လေး ဝင်ထိုင်ရင်း လေပြေက သူ့ကို စောင်းငဲ့လို့ကြည့်သည်။ သူ့လေပြေကို ရဲရဲကြည့်ဖို့တောင် မဝံ့ဖြစ်နေသည်။ သူ မယုံကြည်နိုင်တဲ့ ကံကြမ္မာကို မသိမသာ အာခံဖို့ သူ ကြိုးစားမိလိုက်သည်။

"ကိုယ်ခြံထဲရောက်နေတာကြာပြီ လေပြေ၊ ခေါင်းတွေအုံလာလို့ အိမ်ထဲဝင်တော့မယ်၊ လေပြေရော"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဝင်မယ်လေ၊ ခန့်သော အကြာကြီး အိပ်ပျော်သွားလို့ ဖြစ်မယ်"

စာအုပ်ကောက်ကိုင်ပြီး ထ,ထွက်လာတဲ့ သူ့နောက်ပါးက လေပြေက ထက်ကြပ်မကွာ လိုက်ပါလာသည်။ သူမဆီက သင်းသင်းလေး မွှေးနေတဲ့ ရနံ့တစ်ခုကို သူ ရနေ၏။

"ဟော့ … ဘောဘီ၊ အရမ်းမတိုးနဲ့လေကွာ၊ ချော်လဲတော့မှာပဲ"

အိမ်ကို မကြာခဏ ရောက်တတ်တဲ့ လေပြေကို ဘောဘီဆိုတဲ့ အမွေးစုတ်ဖွား တယ်ရီယာခွေးလေးက ချစ်သည်။ ချစ်သည် ဆိုတာလည်း အကြောင်းရှိသည်။ လေပြေလာတိုင်း သူ့ကို မုန့်ဝယ်လာတတ်တာကိုး။

အတင်းတိုးဝှေ့နေတဲ့ ဘောဘီကို ရှောင်လျှောက်ရင်းနဲ့ လေပြေ လဲပြိုမတတ် အဖြစ်မှာ သူ လှမ်းထိန်းလိုက်ရပါသည်။ နို့မို့ဆို သူမ ရှေ့ကိုဟတ်ထိုးလဲမှာလေ။ ဖျတ်ခနဲ သူမလက်ကလေးနှစ်ဖက်က သူ့လည်ပင်းကို သိုင်းဖက်လာသည်။ အလန့်တကြား ဖက်တွယ်လိုက်သည် ဆိုသော်လည်း …





အနီးကပ်မြင်နေရသည့် သူမရဲ့ နဖူးဝင်းမွတ်နေတဲ့ မျက်နှာလေးဆီက သူ့အကြည့်ကို ချက်ချင်းလွှဲဖယ်လို့မရသလို၊ သူ့လည်တိုင်ကို သိုင်းဖက်လာတဲ့ သူမလက်ကလေးတွေကလည်း ပြေလျော့မသွားပါ။

"လေပြေ"

"ခန့်သော"

ကိုယ် ဒီနှာမည်ကို ခပ်တိုးတိုး ခေါ်လိုက်မိပြီး ဆုပ်ကိုင်ထားမိတဲ့ လေပြေ့လက်မောင်းပေါ်က သူ့လက်တွေကို သူ လွှတ်ပေးလိုက်မိသည်။ သူ့လည်တိုင်ဆီမှ လေပြေ့ လက်တွေကလည်း ပြေလျော့လို့သွားသည်။ ရှေ့ဆက်လျှောက်မယ့် သူ့ခြေလှမ်းတွေကို လေပြေက ရှေ့ကပိတ်ရပ်လို့ ဟန့်တားလိုက်သည်။

"ခန့်သော"

"လေပြေ"

"လေပြေ့ကို သေချာကြည့်ပါ ခန့်သော၊ လေပြေမလှလို့လား၊ လေပြေ ဆွဲဆောင်မှုမရှိလို့လား၊ ခန့်သော ဘာကြောင့် ဆန္ဒတွေကို ချုပ်တည်းထားခဲ့တာလဲ၊ လေပြေက



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပါ ခန့်သောရယ်၊ လေပြေ ... လေပြေ ...

ဒီလောက်ပြောရင် ခန့်သော နားလည်ပေးပါ”

မျက်ရည်ကြည် ရစ်သိုင်းနေတဲ့ သူမမျက်ဝန်းလေးတွေ၊ တုန်ယင်နေတဲ့ သူမနှုတ်ခမ်းလေးတွေနဲ့ ရဲရဲပြာနေတဲ့ သူမမျက်နှာလေးမှာ ရှက်ရွံ့ခြင်းတွေနဲ့အတူ သူ့ဆီက တစ်စုံတစ်ခုကို မျှော်လင့်တောင့်တရိပ်တွေက အပြည့်လေ။ ဒီလို အခြေအနေမျိုးမှာ သူ ဘာလုပ်သင့်သလဲ။

“လေပြေရယ် ... ကိုယ်လေ ...”

“ချစ်တယ်လို့ ပြောလိုက်ပါ ခန့်သော၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပေးပါ၊ ခန့်သော ဒီထက်ပိုပြီး မထုံတက်တေးလုပ်နေရင် လေပြေ နှလုံးဖောက်ရလိမ့်မယ်”

အခုအချိန်မှာ သူ ငြင်းလိုက်မယ်ဆိုရင် လေပြေကို ရိုက်ချိုးရာ ကျသွားတော့မှာ။

သူ ဝေခွဲရခက်ဟန်နှင့် ကြောင်ငေးနေတုန်း လေပြေ့ မျက်ဝန်းက မျက်ရည်စက် လွင့်ကျလာသည်။

“ဟာ ... လေပြေ ... လေပြေ ဘာလို့ ငိုတာတုန်း”





သူ လေပြေ့လက်ကလေးတစ်ဖက်ကို လှမ်းကိုင်ရင်း မေးမိလိုက်သည်။ အခု သူ သိထားတဲ့ ကံကြမ္မာကို တွန်းလှန်နိုင်တဲ့ အနေအထားမျိုး သူ့မှာမရှိတော့။ သံယောဇဉ်ရှိတဲ့ မိန်းမချောလေးတစ်ယောက်ရဲ့ မျှော်လင့်ချက်နဲ့ မျက်ရည်ကို သူ့နှလုံးသားက တောင့်ခံနိုင်စွမ်း မရှိတော့ပါ။ အချစ်ရဲ့ definition ကို သေချာနားမလည်ပါဘဲနှင့် ရိပ်မှန်း သံမှန်းနှင့် သူလက်တန်းအဓိပ္ပာယ်ဖွင့်မိလိုက်ခဲ့တာ ကံကြမ္မာရဲ့စီရင်မှုအောက်က ရုန်းမထွက်နိုင်တဲ့ လူသားတစ်ဦးမို့ ဖြစ်မည်ထင်ပါ၏။

“ကိုယ် လေပြေ့ကို ချစ်ပါတယ်”

“လေပြေရယ်”

သူ့ပခုံးကို မှီခွဲ့လာတဲ့ သူမကို သူ ငုံ့မိုးကြည့်တုန်း ညနေခင်းရဲ့ ကောင်းကင်မှာ တိမ်ရောင်တွေ တောက်လာခဲ့သည်။ အာရုံထဲက မြင်ကွင်းနဲ့ အခုမြင်ကွင်းက တစ်ထပ်တည်းလာကျချိန်မှာ သူဟာ ပျော်ရွှင်ကြည်နူးနေရမယ့်အစား နောက်ထပ်ရောက်လာဦးမယ့် အဖြစ်အပျက်အတွက် ရင်လေးလို့ သွားပါသည်။ သူ မျက်နှာများတဲ့ ယောကျာ်းသားတစ်ယောက်တော့ မဖြစ်လိုပါ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

လေပြေချိုနဲ့ ခန့်သောကိုတို့ရဲ့ ပတ်သက်မှုတစ်ခုတစ်ရာကို သိခွင့်ရချိန် ခဏမှာ ရင့် မဖြစ်မနေ အလုပ်တစ်ခုကို လုပ်ဆောင်ဖို့ အချိန်ကျပြီမှန်း နားလည်လိုက်မိသည်။ အဲဒါက သူတို့နှစ်ယောက်ကြား ဝင်ခလောက်ဆန်ဖို့။ အနေအထားကို ကြည့်လိုက်တာနဲ့ သူတို့နှစ်ယောက်ထဲမှာ လေပြေချိုရဲ့အချစ်က ပိုအလေးသာနေတာက အသိအသာကြီးပဲလေ။ ဒါကြောင့်လည်း ရင့် ပိုလို့အားတက်မိပါသည်။ အလှည့်ကျ မန္တ စတမ်းပေါ့နော်။

ခန့်သောကိုက လူတစ်မျိုးမို့ ချဉ်းကပ်ဖို့ မလွယ်မှန်း ရင့် သဘောပေါက်ထားသော်လည်း ရာဇဝင်ကြွေးဆပ်ဖို့အတွက်





အတတ်နိုင်ဆုံး ကြိုးစားဖို့ စိတ်ပိုင်းဖြတ်ထားပါသည်။ အရင်ဆုံး လုပ်မိတာက ခန့်သောကို တက်နေတဲ့ ဘာသာစကား သင်တန်းချိန်တွေကို စုံစမ်းမိတာ။ သူက Spanish, Chinese နဲ့ English ဘာသာစကား သုံးမျိုးကို လေ့လာသင်ယူနေသည်။

ရင့် လိုက်တက်လို့ရတဲ့ အချိန်က English Class အချိန်ပဲ ဖြစ်နေခဲ့တာမို့ စိတ်မဝင်စားပါသော်လည်း သူတက်တဲ့ အချိန်ကို လိုက်၍စာရင်းပေးသွင်းဖြစ်ခဲ့သည်။

"သမီး ... နောက် section မှ တက်ပါလား၊ ဒီအတန်းက စ,တာ တစ်လကျော်ပြီ"

စာရေးမရဲ့အကြံပေးစကားကို ရင့် ခေါင်းမာစွာ ငြင်းဆိုပြီး အလုပဆုံးစကားလုံးတွေနဲ့ အကြောင်းပြချက်ပေးလိုက်ပါသည်။

"ရပါတယ်၊ ရောက်တဲ့နေရာကပဲ တက်လိုက်ပါ့မယ် မမ၊ နောက် section ပြန်စရင်လည်း ထပ်တက်ပါ့မယ်"

"အေးလေ ... အဆင်ပြေရင် ပြီးတာပါပဲ၊ ဆရာကတော့ လွတ်သွားတဲ့ lesson တွေ ပြန်သင်ပေးမှာတော့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ရပါတယ် မမ"

စနေ၊ တနင်္ဂနွေ နှစ်ရက်တာ သူနဲ့ဆုံတွေ့ဖို့ ရင့်မှာ အခွင့်အရေး ရှိသွားခဲ့ပြီလေ။ အတင်းလာကပ်တဲ့ ပုံစံမျိုးမဖြစ်ရအောင် နေဖို့က ရင့်တာဝန် မဟုတ်လား။ လေပြွေ ရင်ခွင်ထဲက သင်းကိုဆွဲထုတ်လို့ မရတောင် ကသိကအောက်တော့ ဖြစ်စေချင်ခဲ့ကာ အလှည့်ဆိုတာ ရှိတတ်မှန်း သူမကို ကောင်းကောင်းသဘောပေါက်စေချင်၍ပဲဖြစ်သည်။

ပထဆုံး သင်တန်းစ,တက်တဲ့ရက်မှာ ရင့် ဘာရယ်မဟုတ် ရင်ခုန်လှုပ်ရှားနေမိပါသည်။ ရင့် အကြိုက်ဆုံး colour ဖြစ်သည့် အနီရောင် ဘလောက်စ်တစ်ထည် ရွေးချယ်ဝတ်ဆင်ပြီး confident ဖြစ်အောင် အားမွေးမိလိုက်သည်။

အနီရောင်နှုတ်ခမ်းလေးနှင့် ကြည်လင်ရွှန်းမြသော မျက်ဝန်းပိုင်ရှင် ရဲရဲရင့်ကို class ထဲမှာ တွေ့လိုက်ရသည့်အခါ ခန့်သောကို မျက်မှောင်ကြုတ်မိလိုက်သည်။ ဒီသင်တန်းစ,တာ တစ်လကျော်မှ သူမ ဘာကြောင့် ရောက်လာခဲ့တာလဲ။ သွေးရိုးသားရိုးမှ ဟုတ်ပါလေစ။





သူ့ဆီ တစိုက်မတ်မတ် ချဉ်းကပ်လာတဲ့ ကံကြွမှာကို တစ်ဖက်ကကြောက်လန့်လို့၊ တစ်ဖက်ကတော့ တိတ်တဆိတ်နဲ့ ကျိန်ဆဲမိပြန်သည်။ ကံကြွမှာကို အံတုဖို့ စိတ်ပိုင်းဖြတ်ထားတဲ့သူ ရဲရဲရင့်ကို လျစ်လျူရှုထားမိလိုက်သည်။

"ရှုတ် ... ဟော့ ... ဒီမှာ ... ခန့်သောကို"

သင်တန်းဆင်းတော့ သူ့နောက်ကနေ သူမ လှမ်းခေါ်သည်။ မကောင်းတတ်တာမို့ သူ နောက်လှည့်ပြီး ခေါင်းဆတ်ပြလိုက်သည်။

"ဘာလဲ"

"ရှေ့မှာ သင်ပြီးသွားတဲ့ lesson တွေ copy ကူးချင်လို့ ရှင့်စာအုပ် ဒီနေ့ ခဏငှားလို့ရမလား"

သူက ဘာမှပြောမနေဘဲ ကျောပိုးအိတ်ကိုဖွင့်ပြီး note book ကို ဆွဲထုတ်လို့ ရင့်ကို လှမ်းပေးသည်။ လူကိုစကားမပြောချင်သလိုလို ဘာလိုလိုနှင့် ကုပ်ဆွဲပစ်ချင်စရာ။

အေးချမ်းမြင့်မိုရ်လို လာအီသမှု ပြန်ထွေးတတ်တဲ့ အစားမျိုး မဟုတ်တာတော့ သေချာပါသည်။ သူ့ရဲ့တည်ကြည်တဲ့ အသွင်သဏ္ဌာန်က သက်သေခံနေသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ဆက်ဆက်ပြန်ပေးပါ့မယ်"

"Ok"

ဒီတစ်လုံးပဲပြောပြီး သူ့ရင်ကို ကျောခိုင်းသွားတာမို့ ရင့် နှုတ်ခမ်းလေး ထော်မိသွားသည်။ နေပေါ့။ သူ့ကို ချစ်လွန်းလို့ လာကပ်တာမှ မဟုတ်တာ။ လေပြေချို့ကို ကလိရှုံသက်သက်ပဲဟာ။

"ဒီမှာ ... ရှင် အချိန်ရသေးရင်တော့ ရင့် copy ဆွဲတာ စောင့်ယူလိုက်ပါလား"

ခတ်လေ့ကားထဲ နှစ်ယောက်သား တွေ့ပြန်တော့ ရင့် စကားမရှိ စကားရှာ ပြောမိပြန်ပါသည်။

"မလိုပါဘူး၊ homework မှ မရှိဘဲ မနက်ဖြန်မှပဲပေးပါ"

ပုံမှန်လေသံဖြင့် သူ ပြောနေပြားလည်း သူ့ပုံစံက ရင့်နဲ့ မပတ်သက်ချင်တာ သိပ်ကို သိသာလှပါသည်။ အေးလေ ရင့်ကလည်း သူ့ကိုသွားစွာထားတာကိုး။ ပြီးတော့လည်း လေပြေချို့က ရင့်အကြောင်း သူ့ကို ဘာတွေပြောထားလဲမှ မသိတာ။





သင်တန်းအောက်ကိုရောက်တော့ သူ့ကို အဆင်သင့်လာကြိုနေတဲ့ အဖြူရောင် Killiger ကားထဲ သူဝင်သွားပါသည်။ ရင့်ကတော့ သူ့ note book ကို copy ကူးဖို့ မိတ္တူဆိုင်ရှိရာသို့ ခြေဦးလှည့်သည်။ အခုနေများ သူ့ဘဲတက်နေသည့် သင်တန်းမှာ ရင့် တက်နေတာ လေပြေချို့ သိလိုက်ရရင် ဘယ်လိုများနေမှာပါလိမ့်။

စုံစမ်းထားသည့် သတင်းများအရ လေပြေချို့နှင့် ခန့်သောက်တို့ မိဘချင်းရင်းနှီးကြပြီး တစ်ယောက်အိမ် တစ်ယောက်လည်း အဝင်အထွက် ရှိကြသည်တဲ့။ နှစ်ဖက်စလုံးက ဆွေကြီးမျိုးကြီးတွေဖြစ်ပြီး ချမ်းသာကြတာကြောင့် သူတို့နှစ်ယောက်က နေနဲ့လ၊ ရွှေနဲ့မြပမာပေါ့။ ကြားထဲက ကမောက်ကမဖြစ်အောင် လုပ်မယ့် ရဲရဲရင့်သာ မရှိခဲ့ဘူးဆိုရင် အားလုံးက Ok မှာ စိုပြည်နေလိမ့်မည်။

"ရင့်"

နောက်နားဆီက ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ရည်းစားဟောင်းကြီးကို တွေ့လိုက်တာမို့ ရင့်မျက်နှာလေး တင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... မတွေ့ရတာ ကြာပြီနော်"

သူ့ပုံစံက တကယ့် ဝမ်းသာအားရ ဖြစ်နေတဲ့ပုံ။ ဖန်ခွက်နဲ့ ပိတ်ပေါက်ခံထားရတဲ့ အဖြစ်အပျက်ကို မေ့သွားပြီထင်ပါရဲ့။

"ရှင် နေကောင်းရဲ့လား၊ တူပါတယ်ဆိုပြီး ကြည့်နေတာ၊ အခု ဘာတွေလုပ်နေလဲ"

"ငါလား ... လေပြေချို့ဘဲကို လုဖို့ကြိုးစားနေတယ်"

စိတ်အချဉ်ပေါက်ပေါက်နှင့် ပြောလိုက်တဲ့ ရှင့်စကားကြားတော့ သူ့မျက်နှာ ရှုံ့မဲ့သွားသည်။

"ဟာ ... ရှင့်ကလည်း တော်တော်နောက်တာပဲ၊ ဖြစ်ပြီးတဲ့ ကိစ္စတွေအတွက် ကိုယ် တောင်းပန်ပါတယ် ရှင့်ရယ်။ အရင်လို အခြေအနေမျိုး ပြန်မရနိုင်တောင် သူငယ်ချင်းအဖြစ်နဲ့ ဆက်လက်တည်ရှိပါရစေ"

"နင့်လို အတိတ်မေ့တတ်ရင်လည်း ခပ်ကောင်းကောင်းပေါ့ အေးချမ်းမြင့်မိုရ်၊ ငါက မမေ့တတ်တော့ နင့်လိုလူမျိုးကို သူငယ်ချင်းတောင် မတော်ချင်ဘူး"





"ဟား ဟား ... ရှင့်ရယ်၊ ကိုယ့်ဘက်ကနေလည်း တွေးပေးဦးပေါ့ကွာ၊ ယောကျ်ားတွေနဲ့ မိန်းမတွေနဲ့ သဘာဝကိုက တူတာမှမဟုတ်တာ၊ စိတ်ခံစားမှုချင်းလည်း မတူကြဘူး၊ ကိုယ့်ဆီ အတင်းတိုးဝင်လာတဲ့ ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကို လျစ်လျူရှုပစ်နိုင်တဲ့ ယောကျ်ားမျိုး ဘယ်နှယောက်ရှိမယ်လို့ ရှင့်ထင်လဲ"

"တော်စမ်းပါ အေးချမ်းမြင့်မိုရ်ရယ်၊ ငါနဲ့ ဝေးဝေးနေစမ်းပါ"

သူ့က ရှင့်စကားကြောင့် မဲ့ပြုံးပြုံးရင်း ရှင့်အနားက ထွက်ခွာသွားသည်။ ရမလားလို့ လာပြန်ကပ်ကြည့်တာ ရှင့်သိတာပေါ့။ မရတော့ တပ်ခေါက်လို့ နောက်ဆုတ်၊ ဘယ်ယောကျ်ားများ အထင်ကြီးစရာ ကောင်းလို့လဲ။ ရုတ်တရက် ရှင့်မျက်ဝန်းထဲ "ခန့်သောကို"ရဲ့ရုပ်သွင်ကို မြင်ယောင်လာသည်။ ရှင်ရော ဘယ်လောက်ခံနိုင်ရည်ရှိလဲ စမ်းကြည့်ရသေးတာပေါ့။

❋ ❖ ❋

www.burmeseclassic.com



## ၂၀

ချစ်သူဖြစ်ကြပြီဆိုတော့ ချစ်သူတို့ သဘာဝလေးတွေ ရှိကြရမှာ ထုံးစံတစ်ခုပေမယ့် သူကတော့ လေပြေရဲ့လက်ကလေး တစ်ဖက်ကို တွေးဆုပ်ဖို့တောင် တော်တော်သတ္တိနည်းနေတဲ့ပုံ။ အနမ်းမိုးတို့ ရွာသွန်းဖြိုးဖို့ကတော့ ဟိုအဝေးကြီးမှာ။ တစ်ခါ တလေတော့လည်း လေပြေ တိမ်တောက်တဲ့ နေ့တစ်နေ့ကို ပြန် တွေးမိပါသည်။ သူ လေပြေ့ကို အားနာပြီးများ ချစ်ရေးဆိုခဲ့တာ လား။

ရုပ်ရှင်ကြည့်တဲ့သူက လေပြေဘက်ကို ခေါင်းလေး တောင် စောင်းငဲ့မလာပါ။ ဘယ်မှာလဲ ချစ်သူရဲ့ကြင်နာယုယမှု





ချစ်သူရဲ့ရင်ခွင်ရဲ့နွေးထွေးမှု၊ လေပြေ သူ့ကိုထုရိုက်ပြီး မကျေနပ် ချက်တွေကို ဖွင့်ဟပစ်ချင်စိတ်တောင် ပေါက်မိသည်။

ရုပ်ရှင်ပြီးတော့ သူနဲ့လေပြေ 365 cafe မှာ ထိုင် ဖြစ်ကြသည်။ ဒီနေ့တော့ လေပြေ့ရင်ထဲရှိရာ သူ့ကိုပြောမှဖြစ် တော့မည်။ ဒီထက်ပိုပြီး လေပြေ မခံစားနိုင်တော့။ ခန့်သောကို ဆိုသည့် သူက လေပြေ့အတွက်တော့ တကယ့် လူထူးလူဆန်း တစ်ယောက်ပါ။

"ဒီနေ့တော့ လေပြေတို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှ ဖြစ်တော့မယ် ခန့်သော"

lime juice သောက်နေရင်းက လေပြေ့စကားကို သူ အသာနားစွင့်သည်။ လေပြေ သူ့ကို မကြည့်တာ သူ မသိ မဟုတ် သိသည်။ သူလည်း တအုံ့နွေးနွေးနဲ့ ခံစားချက်တွေကို သိမ်းမထားချင်တော့။ သူမ မေးလာခဲ့ပြီဆိုရင် ဖွင့်ပြောဖို့ ဆုံးဖြတ် ထားပြီးဖြစ်သည်။

"ခန့်သော ... လေပြေ့ကို တကယ်မချစ်ဘူးလားဟင်"

"ကိုယ် ဘယ်လိုပြောရမလဲ လေပြေ့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲရှိရာပြောပေါ့ ခန့်သောရယ်၊ အဲဒီနေ့က လေပြေ ခန့်သောကို အကြပ်ကိုင်သလိုများ ဖြစ်သွားလို့လား"

"လေပြေလို ချောမောလှပတဲ့ မိန်းကလေးကို ယောကျ်ား တစ်ရာမှာ ကိုးဆယ့်ကိုးယောက်က ချစ်ကြမှာပါ"

"မချစ်တဲ့ တစ်ယောက်ကတော့ ခန့်သောပေါ့နော်"

"လေပြေ ... အခု ကိုယ်ပြောတာကို သေချာလေးနား ထောင်ပေးပါ၊ လေပြေ မသိသေးတဲ့ ကိုယ့်အကြောင်းပေါ့၊ နားထောင်ပြီးသွားရင် ကိုယ် အခုလိုနေနေတာ ဘာကြောင့် ဆိုတာ လေပြေ သဘောပေါက်သွားမှာပါ"

သူ့ဆီက ထူးထူးဆန်းဆန်း စကားကြောင့် လေပြေ သိလိုစိတ်တွေ ပြင်းထန်လာသည်။ သူ့မှာ အကြောင်းပြချက် တစ်စုံတစ်ရာ ရှိလိမ့်မယ်လို့တော့ လေပြေ သိပြီးသားပါ။ အဲဒါက ဘာများဖြစ်မလဲ။

"ကိုယ့်ကို မွေးကတည်းက ထူးထူးခြားခြား မွေးလာခဲ့ တယ် ဆိုပါတော့ လေပြေ၊ ကိုယ့်ကို ဖူးစာရေးနတ်က ပေးတာလို့ ကိုယ့်မာမီက ပြောခဲ့တယ်၊ အဲဒါကို တစ်နေ့





မှာ ကိုယ့်အဒေါ်ရဲ့ ဖူးစာဖက်နာမည်ရေးပြီး ကိုယ် သက် သေပြနိုင်ခဲ့တယ်လေ"

ခန့်သော ပြောပြနေတာကို လေပြေ တစ်ယောက် အံ့သြခြင်းကြီးစွာနဲ့ မျက်တောင်မခတ် နားစိုက်ထောင်နေမိသည်။ ခန့်သော နောက်နေတာ မဟုတ်တာတော့ သူမ သေချာပါသည်။

"လေပြေနဲ့မတွေ့ခင် လပြည့်ညမှာ ကိုယ်ဟာ ဟိုးအရင် တစ်ခါတုန်းကလိုပဲ ဖူးစာဖက်နာမည်တစ်ခုကို ရေးခဲ့တယ်။ ကိုယ့်အခန်းထဲက white board ပေါ်မှာနဲ့၊ ကိုယ့်ရဲ့ A4 စာရွက်တွေပေါ်မှာ နာမည်တစ်ခုတည်းကိုပဲ အကြိမ်ကြိမ် အခါခါ အထပ်ထပ် ရေးခဲ့တာ"

"ဟင် ... သူ့နာမည်က ဘယ်သူတဲ့လဲ၊ ဘယ်သူတဲ့လဲ ဟင်"

အမောတကော မေးလာတဲ့ လေပြေ့ကို သူ စိတ် မသက်မသာဟန်နှင့် တစ်ချက်ကြည့်ပြီး တိုးတိုးပြောလိုက်သည်။

"ရွှေယင်းမာတဲ့"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



လေပြေ့ရင်ထဲ နင့်ခနဲ ဖြစ်သွားပါသည်။ သူ ဒါကြောင့် သူ့ကိုယ်သူ ထိန်းချုပ်နေတာပေါ့။

"ဒါကိုသိသိနဲ့ ကိုယ် တခြားကောင်မလေးတစ်ယောက်နဲ့ ပတ်သက်ဖို့ စိတ်မသန့်ဘူး လေပြေ၊ ရွှေယင်းမာသာ ကိုယ့်ဘဝရဲ့ လက်တွဲဖော် ဖြစ်ခဲ့မယ်ဆိုရင် တခြားကောင်မလေးနဲ့ ကိုယ် ပတ်သက်မိရင် ရင်နာစရာတွေပဲ ဖြစ်ရမှာ မဟုတ်လား၊ ဝေးရမှာပဲ မဟုတ်လား၊ ဒါကြောင့် ကိုယ် ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ဖို့ ချုပ်ထိန်းခဲ့တာပါ"

"ခန့်သောရယ်"

"ကိုယ် လက်မတွဲနိုင်တဲ့ လက်တွဲခွင့်မရှိတဲ့ မိန်းကလေး ကိုယ့်ကြောင့် နစ်နာသွားမှာ၊ စွန်းထင်းသွားမှာ ကိုယ် တကယ်ကို မလိုလားဘူး လေပြေရယ်"

"လေပြေ နားလည်ပါပြီ ခန့်သောရယ်၊ ဒါပေမဲ့ လက်ခံနိုင်ဖို့တော့ တော်တော်လေး ခက်နေတယ်"

"ဟုတ်မှာပါ၊ ယုံကြည်ချင်စရာမှ မကောင်းတဲ့ ဖြစ်ရပ်ပဲကိုး၊ ဒါပေမဲ့ ကိုယ့်အဒေါ်ရဲ့ဖူးစာဖက်နာမည်ကို ကိုယ်ကိုယ်တိုင် ရေးခဲ့တာတော့ အသေအချာပါ"





ချောမောလှပတဲ့ လေပြေရဲ့ မျက်နှာလေးပေါ်မှာ သောကရိပ်တွေ ကြီးစိုးလို့နေပါသည်။ မျက်ဝန်းလေးတွေက မှုန်မှိုင်းလို့ မျှော်လင့်ချက်တွေ ပျောက်ဆုံးသွားသည့်ဟန်။ အတန်ကြာ ငြိမ်နေပြီးမှ သူမ တစ်ခုခုကို တွေးတောမိဟန်ဖြင့် လှုပ်ရှားလာသည်။

"အဲဒါတွေ လေပြေ ခေါင်းထဲမထည့်တော့ဘူး ခန့်သော၊ အနာဂတ်ဆိုတာ ဘယ်သူကမှ ကြိုမြင်နိုင်လို့လဲ၊ အနာဂတ်မှာ လေပြေနဲ့ ခန့်သော ပေါင်းချင်လည်း ပေါင်းရမယ်၊ မပေါင်းချင်လည်း မပေါင်းရဘူး၊ ဒါပေမဲ့ အခုလတ်တလောမှာတော့ လေပြေနဲ့ ခန့်သောက ချစ်သူတွေပါ၊ ရောက်မလာသေးတဲ့ အနာဂတ်အတွက် စိုးရိမ်မနေဘဲ ပျော်ပျော်ရွှင်ရွှင် နေရအောင်လား ခန့်သောရယ် ... နော်"

သူ့လက်ကို ဆုပ်ကိုင်လာတဲ့ လေပြေ့လက်လေးတွေကို သူကလည်း ပြန်လည်လို့ ဆုပ်ကိုင်မိလိုက်ပါသည်။ လေပြေ့ မျက်ဝန်းလေးတွေထဲမှာ သူ့ကို ချစ်ခင်စွဲလမ်းစိတ်တွေက အပြည့်အသိပ် ပျော်ဝင်လို့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ အိမ်အပြန်ကားထဲမှာ လေပြေက သူ့ရင်ခွင်ထဲ ဗွတ်တိုးလို့ ဝင်လာသည်။ သူ သူမလေးရဲ့ပါးလေးတစ်ဖက်ကို ခပ်ဖွဖွ နမ်းကြူမိလိုက်ပါသည်။ အနာဂတ်ကို ကြိုတင်သိပြီးသား သူ့အဖို့ အလွမ်းဒဏ်ရာတွေ လေပြေ့ကို မပေးရက်ပါ။ နာကျင်စရာ ခံစားမှုများ လေပြေ့ကို မပေးရက်ပါ။ သူ စိတ်လွှတ်လက်လွှတ် လေပြေ့ကို မချစ်နိုင်ခဲ့တာ အနာဂတ်ကို ကြိုသိထားလို့လား၊ လေပြေ့ပေါ်မှာ လုံးလုံးလျားလျား ချစ်စိတ်မဝင်ခဲ့လို့လား ဆိုတာတော့ သူကိုယ်တိုင် မသိတတ်နိုင်ခဲ့။ သူ့ခေါင်းထဲရော ရင်ထဲမှာပါ "ရွှေယင်းမာ"ဆိုတဲ့နာမည်က သံမှိုစွဲရိုက်ထားသလိုမို့ သူမကို အမြန်ဆုံးသာ သူ တွေ့လိုတော့သည်။

❋ ❖ ❋





# ၉ ၂ ၉

ရှပ်အကျီအကွက် လက်ပြတ်လေးနဲ့ ဒူးသာသာဂျင်းပင်တစ်ထည်ကိုဝတ်ကာ ကြိုးရှည်အိတ်တစ်လုံး စလွယ်သိုင်းလွယ်ရင်း သင်တန်းအောက်မှာ ရပ်နေတဲ့ သူမ style က လွတ်လပ်ပေါ့ပါးနေ၏။ ထိမထင်ဟန် သူမမျက်နှာထားက တစ်လောကလုံးကို ဂရုမစိုက်သလိုလို ဘာလိုလို။

"ဟော့ … ခန့်သောကို"

သူမကို မမြင်ချင်ယောင်ပြုပြီး ကျော်လျှောက်လာတဲ့ သူ့ကို သူမက လှမ်းခေါ်ပါသည်။ လေပြေနဲ့ ပတ်သက်ပြီး စိတ်ရှုပ်နေတဲ့သူ ရဲရဲရင့်ကြောင့် ထပ်ပြီးစိတ်မရှုပ်ချင်ပါ။ တတ်နိုင်သမျှ သူမနဲ့ ဝေးဝေးနေမှဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... စာအုပ်၊ ကျေးဇူးပဲ"

"မလိုပါဘူး ... ရပါတယ်"

"နေပါဦး ... ရှင့်ကြည့်ရတာ ရင့်ကို သိပ်အစာမကြေသလိုပဲ၊ ဟိုတစ်ခါ YKKO မှာ ပြောခဲ့တဲ့စကားတွေ ဗွေမယူပါနဲ့၊ အခုက သင်တန်းတစ်ခုတည်း တက်နေတဲ့ သူငယ်ချင်းတွေပဲ၊ ရှင့် မျက်နှာကြောလေး တစ်ပတ်လောက် လျှော့မှပေါ့"

"sorry ပဲ၊ အဲဒီကိစ္စ ကိုယ့်ခေါင်းထဲမှာတောင် မရှိဘူး၊ ကိုယ်နေတတ်သလို နေတာပါ"

ခတ်လေ့ကားထဲမှာ သူတို့နှစ်ဦးတည်းသာ။ သူကဖြစ်နိုင်ရင် ရဲရဲရင့်ကို တုံ့ပြန်စကားတောင် မပြောချင်ပါ။ သို့ပေမဲ့ သူမကတော့ သူနှင့်ဆန့်ကျင်ဘက်။ သူ့ကို ပြောစရာစကားတွေ ခပ်များများ ရှိနေပုံရသည်။

"ဟင်း ဟင်း ... စပ်ရတယ်လို့ မထင်ပါနဲ့၊ မေးရဦးမယ်၊ ရှင် ရင့်အတွက် ဘယ်တစ်ယောက်ကိုများ အာရုံရထားလဲ၊ ကြိုသိထားအောင်လို့ပါ"





ရိုတိုတိ သူမစကားကြောင့် သူ စိတ်ဆင်းရဲသွားသည်။ ပြောချလိုက်လို့ကတော့ မကောင်းရှိရော့မည်။ သူနဲ့တွဲတွေ့ထားလို့ ရှောင်နေတာလို့ ပြောလိုက်ရင် ထ,များရိုက်မည်လားမသိ။

"တစ်နေ့နေ့တော့ ပြောဖြစ်မှာပါ ရဲရဲရင့်"

"ဟား ဟား"

ခေါင်းမော့ပြီး သူမရယ်တော့ သူမရဲ့ဆံပင်အိစင်းစင်းတွေက တုန်ခါဝဲသွားသည်။ ရှည်ရှည်မည်းမည်း စင်းစင်းစိပ်စိပ် မျက်တောင်မွေးလေးတွေက သူမမျက်လုံးအပိတ်မှာ လှပစွာပေါ်လွင်လာ၏။ သူမရဲ့အပူအပင်ကင်းကင်း ရယ်မောနေပုံလေးကို သူ ကြည့်မိစဉ်ခဏမှာ သူ့ရင်ထဲ တစ်နေရာက တီးလုံးသံတချို့ကို သူ ပြန်ကြားလိုက်ရသည်။ သူမနဲ့ အနီးကပ်ဆုံလေတိုင်း သူ့ရင်မှာ တစ်စုံတစ်ခုတော့ ဖြစ်စမြဲပဲလေ။

သက်ပြင်းတစ်ခုနဲ့ လုံးလားရစ်ပတ်ရင်း သူစဉ်းစားမိတာက မနက်ဖြန်ကစ,ပြီး ဒီသင်တန်းကို သူ ဖျက်လိုက်ဖို့။ အဲဒါဆို သူနဲ့ ရဲရဲရင့်ကြားက ဆက်ဆံရေးလည်း ပျက်သုန်းသွားလောက်ပါသည်။ သူ ကံကြမ္မာကို အံတုဖို့ ထပ်မံကြိုးစားလိုက်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းမှာ သူ့ကိုမတွေ့ရတော့ ပထမတော့ သူ နေမကောင်းဘူးလားလို့ အတွေးဝင်မိပေမင့် တစ်ပတ်ကနေ နှစ်ပတ်၊ နှစ်ပတ်ကနေ သုံးပတ်ထဲ ရောက်လာတဲ့အခါ သူ သင်တန်းကနေ တိတ်တဆိတ် နှုတ်ထွက်သွားမှန်း ရင့် သဘောပေါက်လိုက်ပါသည်။

လွယ်လွယ်ကူကူနဲ့ အလျှော့မပေးတတ်တဲ့ ရင့်ရဲ့ ဉာဉ်အတိုင်း သူရဲ့သင်တန်း နောက်တစ်ခုကို ခြေရာခံပြီး လိုက်ဖြစ်ခဲ့သည်။ အဲဒါက သူ တနင်္ဂနွေနေ့တိုင်း တက်နေတဲ့ တရုတ်ဘုံကျောင်းတစ်ခု ဖြစ်သည်။

မချိုမချဉ် ပြုံးပြီးကြည့်လာတဲ့ ပုံရိပ်လွှာလေး သူ့မျက်ဝန်းထဲ အရိပ်လာထင်တဲ့ အချိန်မှာ သူ စိတ်လည်ညစ်မိသလို၊ ပျော်လည်း ပျော်မိခဲ့သည်။ ဘာလို့လဲဆိုတော့ ရဲရဲရင့်ကို သူ့အသိစိတ်က မေ့ဖျောက်လို့မှ မရခဲ့တာလေ။ ကံကြမ္မာဆိုတာ ရှောင်လွှဲလို့ရကောင်းတဲ့အရာ မဟုတ်ခဲ့တာ သူ အခုတော့ ဖြည်းဖြည်းချင်း ရိပ်စားမိခဲ့သည်။

"တွေ့ပြန်ပြီနော် ခန့်သော"





"တွေ့ဖို့ အကြောင်းတွေလုပ်တော့ တွေ့မှာပေါ့ ရဲရဲရင့်"

"ဟား ဟား … ရှင်ဆိုလိုတာက ရင့်က ရှင်တက်နေတဲ့ သင်တန်းတွေ စုံစမ်းပြီး လိုက်တက်နေသလိုလို၊ ဘာလိုလို ပါလား"

ခပ်ရွှဲ့ရွှဲ့ ပြောလာတဲ့ သူမစကားကို သူကလည်း စိတ်ထဲရှိတဲ့အတိုင်း ချေပမိလိုက်သည်။

"ဖြစ်နိုင်တာပဲလေ၊ ရန်ကုန်မြို့ အကျယ်ကြီးထဲမှာ သင်တန်းပေါင်းစုံ ရှိတဲ့ကြားထဲမှာ ကိုယ်တက်နေတဲ့ သင်တန်းတိုင်းကို မင်း ရောက်လာခဲ့တာ၊ တော်ရုံတိုက်ဆိုင်မှုတော့ မဖြစ်နိုင်ဘူး"

"ကိုယ့်ကိုယ်ကိုယ် အဲဒီလောက်လည်း အထင်မကြီးစမ်းပါနဲ့ ခန့်သောကိုရယ်၊ ရင့်က နံပါတ်ချိတ်ပြီးသားဘဲတွေကို စိတ်ဝင်စားရိုးထုံးစံ မရှိဘူး"

"ဟုတ်လား … ဒါဆို ကိုယ့်မှာ နံပါတ်ရှိမဟန်း မင်းသိပြီးသားပေါ့"

"ဒါပေါ့၊ ဒါကြောင့် ရှင့်ကို ရင့် မကြိုက်စည်ပါဘူးလို့ ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် ရဲရဲရင့်ဆိုတဲ့ အတိုင်းပဲ၊ မင်းစကားတွေက လည်း ရင့်တယ်နော်၊ ပုံပန်းသဏ္ဌာန်ကြောင့်သာ မင်းကို မိန်းကလေးလို့ သတ်မှတ်ထားရတာ၊ မင်းရဲ့အပြောအဆို၊ လုပ်ပုံကိုင်ပုံတွေက မိန်မ မဆန်တာတော့ အသေအချာပဲ"

"အဲဒီတော့ ဘာဖြစ်တတ်လဲ"

မျက်လုံးလေးဝင့်ပြီး သူ့ကိုမော့ကြည့်ဟန်ကြောင့် သူ့ရင်ထဲ ကလိကလိ ဖြစ်သွားမိသည်။ သူမနဲ့ဝေးရာ ထွက်ပြေးခဲ့တဲ့ သူ့ခြေလှမ်းတွေဟာ အချိန်တန်တော့လည်း သူမအနီးအနားသို့သာ ခြေချမိပြန်သည်။ သူ မညာပါ။ ဝန်ခံပါသည်။ သူမနဲ့ စကားပြောရတာကို သူ့မသိစိတ်တစ်နေရာက လိုလားနှစ်ခြိုက်နေမိသည်။

"သူငယ်ချင်းတစ်ယောက်လို့ပဲ စိတ်ဒုန်းဒုန်းချ သတ်မှတ်ရတော့မှာပေါ့"

"အဲဒါဆိုလည်း ကျေးဇူးတင်ရတော့မှာပေါ့၊ ပုဏ္ဏားကြီးနဲ့ ခင်မင်ချင်တာ ကြာလှပါပြီ။ တွေးစ ပြောပြကတည်းက စိတ်ဝင်စားခဲ့တာ၊ အပန်းမကြီးဘူးဆိုရင် ရင့်အတွက်လည်း အခါများ ပေးနိုင်မလား"





"ဟား ဟား ... တော်ပါကွာ၊ မင်း အယုံအကြည်မရှိတာ ငါ သိပြီးသားပါ"

"ဟင်း ဟင်း ... ရှင်ကလည်း ရုပ်တည်ကြီးနဲ့ လိမ်စားခဲ့တာပဲလေ၊ ယုံစရာလား"

မယုံနိုင်စရာ ကောင်းလောက်အောင်ကိုပဲ သူနဲ့သူမကြားက ခင်မင်ရင်းနှီးမှုက အချိန်တိုလေးအတွင်းမှာပဲ သိပ်သည်းကျစ်လျစ်သွားခဲ့ပါသည်။ ကံကြမ္မာက သူ့ကို အခုလောက်ဆိုလှောင်ရယ် ရယ်နေမည်လား။ ဒီတစ်ခါလည်း သူ ကံကြမ္မာကို အရှုံးပေးရဦးမည်ထင့်။ ရွှေယင်းမာ ... မင်း ဘယ်မှာလဲ။ ဘယ်တော့မှ ငါ့ဘဝထဲကို ရောက်လာမှာလဲ။ မြန်မြန်လာပါတော့ကွာ။ ငါ မိန်းကလေးနှစ်ယောက်ကို မရည်ရွယ်ပါဘဲ ဒဏ်ရာတွေပေးမိတော့မယ်။ ငါ ကိုယ်တိုင်လည်း တစ်ယောက်ယောက်ကြောင့် ဒဏ်ရာရဖို့ ကြုံတော့မယ် ထင်ပါရဲ့။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ အတည်တကျ မတွဲခဲ့ဘူးသည့် လေပြေ။ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ မချစ်ခဲ့ဘူးတဲ့ လေပြေ။ အခု ယောက်ျားတစ်ယောက်ကို တကယ်ချစ်မိသွားပြီး အတည်တကျ တွဲမိတဲ့အခါ စိတ်ကူးယဉ်ခဲ့ဖူးသလို ပျော်ရွှင် ကြည်နူးရမယ့်အစား သောကတစ်ပွေ့တစ်ပိုက်နဲ့သာ ပူလောင်နာကျင်နေရပါသည်။ ဘယ်အချိန်မှာ ပေါ်လာမယ်မှန်း မသိတဲ့ "ရွှေယင်းမာ"ဆိုတဲ့ မိန်းကလေးတစ်ယောက်က လေပြေ့အတွေးထဲမှာ အမြဲဝင်နှိပ်စက်နေခဲ့သည်လေ။





ဒီကြားထဲ ခိုဝင်ခဲ့ဖူးတဲ့သူ့ရင်ခွင်၊ ရခဲ့ဖူးတဲ့ အနမ်းနွေးနွေးတွေမှာ ချစ်ခြင်းရသ, အပြည့်အဝ မပါဝင်ခဲ့တာ လေပြေ့နှလုံးသားက နားလည်ခံစားနေရတာ ပိုပြီးရင်မောရပါသည်။ လေပြေ ဒီပုံအတိုင်း ဘယ်လောက်ကြာအောင် ဆက်လျှောက်နိုင်မလဲ။

"လေပြေ ... ကိုယ် latraine ခဏသွားချင်လို့"

ချစ်စကား ကြိုက်စကားတွေ မဟုတ်ဘဲ၊ ရှေးဟောင်းနှောင်းဖြစ်တွေ မျက်နှာချင်းဆိုင်ထိုင်ပြီး ပြောနေရာက ခန့်သောက လေပြေကို ခွင့်ပန်သည်။ သူပေါင်ပေါ်တွင် တင်ထားသော ကျောပိုးအိတ်ကို ခုံပေါ်မှာတင်လို့ သူ လေပြေ့ရှေ့က ထွက်ခွာသွားသည်။

အအေးခွက်ထဲ ပိုက်ထိုးမွှေလို့ လေပြေ တစ်ယောက်တည်း ထိုင်ကျန်နေခဲ့သည်။ ခေါင်းထဲမှာ တွေးစရာ တသီတတန်းကြီးနဲ့ပေါ့။ ရုတ်တရက် ဖုန်း ring tone မြည်သံကြောင့် လေပြေ သူ့ကျောပိုးအိတ်ဆီ အကြည့်တစ်ချက် ပို့မိသည်။ သူ့ကိုလှမ်းမျှော်ကြည့်တော့လည်း အရိပ်အယောင်တောင် မမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲထ,ပြီး သူ့ကျောပိုးအိတ်ဇစ်ကို ဆွဲဖွင့်ပြီး ဖုန်းကို ထုတ်ယူလိုက်သည်။ ဖုန်း screen မှာ ပေါ်နေတဲ့ နာမည်ကို အတွေ့မှာ လေပြေ ရုတ်တရက် shock ဖြစ်သွားမိသည်။

"ရင့်"

တစ်လုံးတည်းသော ဒီနာမည်ကိုမြင်ခိုက် လေပြေ ရင်ဝကို ဓားနဲ့ဆောင့်ထိုးခံလိုက်သည့်နှယ်။ ဖုန်းကိုင်လိုက်ပြီး အသံတိတ်၍ သူမဆီကစကားအစကို လေပြေ နားစိုက်ထောင်မိသည်။

"ဟယ်လို ... ခန့်သော ... ရှင် အခု ဘယ်မှာလဲ"

တရင်းတနှီး သူမရဲ့နှုတ်ခွန်းဆက်သ,သံ အကြားမှာ လေပြေ အံတင်းတင်းကြိတ်မိလျက်သားပါ။ သူတို့နှစ်ယောက် ဘယ်လိုပတ်သက်မိသွားကြတာလဲ။ သူတို့နှစ်ယောက်ရဲ့အခြေအနေက ဘာလဲ။ လူက တွေးရင်း တွေးရင်းနဲ့ အသားဆတ်ဆတ်တုန်တဲ့အထိ ဒေါသထွက်လာမိသည်။

"ခန့်သော စကားလေး ဘာလေး ပြန်ပါဦး။ ရှင် ဘာဖြစ်နေတာလဲ"





"ရဲရဲရင့်"

ဟိုတစ်ဖက်ဆီမှ ထွက်လာတဲ့ အသံကြောင့် ရင့် သိလိုက်ပါပြီ။ ဒါ လေပြေချိုရဲ့အသံ။

"အင်း ... လေပြေချိုလား၊ ခန့်သောရှိရင် ဖုန်းပေးလိုက်ပါ"

"ဟား ဟား ... သူ မကိုင်ချင်လို့ ငါကိုကိုင်ခိုင်းတာ၊ နင် သဘောမပေါက်ဘူးလား"

"ဟင်း ... သော်ဒါတွေပဲ မကိုင်စရာ ဘာအကြောင်းရှိလဲ၊ ကဲပါ ... သူ့ကို ဖုန်းပေးလိုက်ပါ လေပြေချိုရယ်၊ သင်တန်းကိစ္စအကြောင်း မေးချင်လို့ပါ"

ရိုးသားယောင်ယောင် ဘာယောင်ယောင်နဲ့ ခန့်သောကိုချည်း ဖုန်းအတင်းပေးခိုင်းတဲ့ သူမကို လေပြေ ဒေါသအမျက်ချောင်းချောင်းထွက်လာသည်။ ဒီမိန်းမ လွန်သွားပြီ။

"နင် မေးချင်ရင် ဒို့ပြင်လူကို သွားမေး၊ တစ်ခါတည်းပြောလိုက်မယ်၊ ငါ့ဘဲနဲ့ ဝေးဝေးနေပေးပါ ရဲရဲရင့်"

လေပြေချို့ စကားကြောင့် ရင့် အသံလေးထွက်အောင် ရယ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောတာ ငါနားမလည်ဘူး လေပြေချို၊ ဘာလဲ ... နင့်လက်ထဲက နင့်ဘဲကို ငါ လုယူမယ် ထင်နေလို့လား၊ နင် အတွေးတွေ များနေပြီ လေပြေချို၊ ကိုယ့်စိတ်နဲ့နှိုင်းမရှိင်းတဲ့၊ အေးလေ ... နင်က လုယူဖူးခဲ့တဲ့သူ ဆိုတော့လည်း စိုးရိမ်မယ်ဆိုလည်း စိုးရိမ်လောက်ပါတယ်လေ"

"တောက်"

ရဲရဲရင့်ရဲ့ ခနိုးခနဲ့ စကားအကြားမှာ လေပြေချို တက်ခေါက်ပစ်လိုက်သည်။ ရဲရဲရင့်ဆီက လှောင်ရယ်သံကို နားမခံနိုင်တော့တာနှင့် ဖုန်းကို end call လုပ်ပစ်လိုက်သည်။ ဒီဖုန်းကသာ လေပြေ့ဖုန်း ဖြစ်ခဲ့ရင် ပေါက်ခွဲပစ်လိုက်မိမှာ။

ဖုန်းကို သူ့အိတ်ထဲ ပြန်ထည့်ပြီး အလှည့်မှာ လေပြေ့ကို စူးစူးစိုက်စိုက် ကြည့်နေတဲ့ သူ့ကို လေပြေ တွေ့တော့ သူ့နည်းနှင်နှင်ပင် တန်ပြန်စိုက်ကြည့်ပစ်လိုက်ပါသည်။

"ဘယ်ကဖုန်းလဲ လေပြေ"

"ရဲရဲရင့်ဆီကဖုန်း၊ ရှင်တို့ တော်တော်ရင်းနှီးကြတယ်လား၊ ဘယ်တုန်းကလဲ၊ ဘာလို့ သူနဲ့ခင်တဲ့အကြောင်း လေပြေ့ကို မပြောပြရတာလဲ"





ကိုယ့်ထိုင်ခုံရှိရာ ပြန်ထိုင်လိုက်ပြီ ဆိုတာနဲ့ ရှေ့မှာဝင်ထိုင်တဲ့ ခန့်သောကို လေပြေ တရစပ် မေးခွန်းထုတ်မိသည်။

"ရှိုးရှိုးခင်တဲ့ သူငယ်ချင်းပဲကွာ၊ ဘာပြောစရာလိုလို့လဲ၊ ဒါနဲ့ သူ ဘာပြောသွားတာလဲ"

ကိုယ့်ရဲ့မေးခွန်းတွေကို သူက အဖြေမလုပ်ဘဲ ရဲရဲရင့် ဖုန်းဆက်တဲ့ကိစ္စကိုသာ အာရုံသားနေတဲ့ ပုံမျိုးမို့ လေပြေ့ရဲ့နှာကျင်မှုတို့က အထွတ်အထိပ်တောင် ရောက်သွားခဲ့သည်။

"သိချင်တယ်မှလား၊ သိချင်ရင် ဖုန်းပြန်ခေါ်လိုက်လေ"

အေးစက်စက်လေသံနဲ့ ဒေါမာန်ကြွနေတဲ့ လေပြေ့မျက်ဝန်းတွေထဲမှာ အမုန်းရိပ်တို့ပါ ခိုအောင်းနေတာ သူ မြင်နေရသည်လေ။ အခုနေ ဖုန်းဆက်မိရင် မိုးမီးလောင်မှာလည်း သူ သိသည်။ ရင့် ဘာလို့ ဖုန်းဆက်မှန်းလဲ သူ တအားသိချင်နေတာမို့ မျက်လုံးဒေါက်ထောက်ကြည့်နေတဲ့ လေပြေ့ရှေ့မှာ သူအကြီးအကျယ် စိတ်အိုက်မိသည်။

"ပြန်တော့မယ် ခန့်သော"



www.burmeseclassic.com

www.burmeseclassic.com



သတ်ခနဲ ထရပ်လိုက်တဲ့ လေပြေကို တွေ့တော့ သူလည်း bill ရှင်းပြီးတဲ့အချိန်မှာ လေပြေရဲ့အရိပ်တောင် သူ မမြင်ရတော့။ သူမ သူ့ကို အတော်ကြီးကို ဒေါကန်သွားပြီ။

တကယ်ဆို သူ လုပ်သင့်တာက သူမကို ဖုန်းခေါ်ပြီး ချော့ဖို့၊ သူမနောက် လိုက်ဖို့။ တကယ်တမ်း သူလုပ်မိတာက ရဲရဲရင့်ကို ဖုန်းခေါ်မိလိုက်တာဖြစ်သည်။

"ဟယ်လို"

"ရင့် ... ခုနက ဖုန်းဆက်တယ်ဆို"

"ဪ ... ခန့်သော ဘယ်မှာလဲ အဲဒီတုန်းက"

"လေပြေနဲ့ ကော်ဖီသောက်ရင်းက latraine ခဏသွားတာ၊ သူ ရင့်ကို ဘာတွေပြောသေးလဲ"

"သူလား ... ဘာမှမပြောပါဘူး"

"တစ်ခုခုတော့ ပြောမှာပါ၊ ဘာပဲဖြစ်ဖြစ် ကိုယ်တောင်းပန်ပါတယ် ရင့်၊ ရင့်တို့နှစ်ယောက်ကြားမှာ ဓာတ်လမ်းက ရှိထားတာဆိုတော့လေ"





"ဓာတ်လမ်း ... ဘာဓာတ်လမ်းလဲ၊ ခန့်သောကို သူပြောပြတာလား"

"ဟင့်အင်း ... ကိုယ့်မျက်စိရှေ့မှာတင် ဖြစ်သွားခဲ့တာပဲလေ၊ အဲဒီတုန်းက ice berry ထဲမှာ ကိုယ်ရှိနေခဲ့တယ်"

"ဪ"

သူ့ဆီက မထင်မှတ်တဲ့ စကားအကြားမှာ ရင့် တအံ့တဩ ဖြစ်ရ၏။ သူများ ရင့် ဘာကြောင့် သူ့အနားရောက်လာခဲ့လဲဆိုတာ ရိပ်မိသိရှိသွားပြီလား။ ရင်မလုံမလဲတွေ ဖြစ်မိတာမို့ စကားဆက်မပြောနိုင်အောင်ကို ဆွံ့အသွားမိသည်။

"ရင့် ... ဘာကိစ္စရှိလို့လဲဟင် ... ပြောလေ"

သူ့ဆီ မေးခွန်းထပ်ထွက်လာတော့မှ ရင့်စိတ်ကို ထိန်းပြီး တရုတ်စာသင်တန်းသစ်ရဲ့ အချိန်တွေကို သူ့ကို မေးမြန်းလိုက်သည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ လေပြေချို့ကို ကလိလိုက်ရလို့ ရင့် ပျော်ပါသည်။ အခုလောက်ဆို သူ တနုံ့နုံ့နဲ့ ခံစားနေမှာ။ ကိုယ့်ရည်းစားကို သူများလုယူသွားခံရတဲ့ အရသာလေးကို သူ့ကို ရင့်က စတိသဘောမျိုးလေးနဲ့ပဲ မြည်းကြည့်ခိုင်းခဲ့တာပါ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



# ၂၄

ထင်သည့်အတိုင်းပဲ လေပြေချို ငြိမ်မနေဘဲ ကျောင်းကကန်တင်းမှာ ရင့်နဲ့ နှစ်ယောက်တည်းဆုံဖို့ ချိန်းလာသည်။ ယောကျ်ားတစ်ယောက်ကြောင့် ရန်ဖြစ်ရမှာ သိပ်ကြောက်၊ သိပ်ရှက်ပါသည်ဟု ပြောခဲ့ဖူးသော လေပြေချိုက အခုတော့ သူ သိပ်ချစ်ရတဲ့ ယောကျ်ားတစ်ယောက်အတွက် ရန်ဖြစ်ဖို့ အဆင်သင့်ဖြစ်နေတဲ့ပုံ။

"နင့်ခြေလှမ်းတွေကို ရောက်တဲ့နေရာမှာပဲ ရပ်တန့်ထားလိုက်ပါ ရဲရဲရင့်"

"အကြောင်းပြချက်က"





မထိမဲ့မြင်လေသံနှင့် မခန့်လေးစားနိုင်တဲ့ ရဲရဲရင့်ကို လေပြေ တူးတူးခါးခါးကို မုန်းမိသည်။

"နင်လျှောက်နေတဲ့လမ်းက အသုံးမရှိဘူးလေ၊ ဒီတော့ နင် ဆက်လျှောက်နေလည်း ခရီးမရောက်မယ့် အတူတူ ရပ်နားနိုင်းရတာပါ"

"အသုံးမရှိဘူးဆိုတာ နင် ဘာနဲ့ သက်သေပြနိုင်လို့လဲ လေပြေချို"

"မကြာခင် ငါတို့ စေ့စပ်ကြတော့မှာ"

"စေ့စပ်ပွဲ ရောက်ပြီလား"

တစ်စက်လေးမှတောင် မျက်နှာမပျက်ဘဲ ရဲရဲရင့်က တစ်ခွန်းမကျန် ရွှတ်တုံ့ပြန်ရင်း အအေးပုလင်းကို ပိုက်နှင့်စုပ်၍ သောက်နေသည်။ သူ့မျက်နှာပေးနဲ့အပြုံးက ဆွဲဆောက်ကုတ်ပစ်ချင်စရာ။

"ခန့်သောကိုက အေးချမ်းမြင့်မိုရ် မဟုတ်တာ နင် ကောင်းကောင်းသဘောပေါက်မှာပါ၊ နင်မြူဆွယ်တိုင်း ပါတတ်တဲ့ ယောကျ်ားမျိုး သူ မဟုတ်ဘူး ရဲရဲရင့်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချရင် ငါ့ကို လာမရမ်းနဲ့လေ"

"တောက်"

"ကိုယ့်လူကိုယ် နိုင်အောင် ထိန်းဘားပေါ့ လေပြေချို"

"နင် ... နင်"

ဒေါသထွက်လွန်းလို့ လေပြေချို့ မျက်လုံးအေးက သွေးကြောလေးတွေတောင် တဆတ်ဆတ် လှုပ်လို့လာသည်။ တစ်ခုခု ပေါက်ကွဲမိတော့မလိုဖြစ်ပြီး ဆားဘီဝဲယာကို ကြည့်ရင်း လေပြေချို မနည်းကြီးကို ထိန်းသိမ်းလိုက်ရသည်။

"အရှက်မရှိတဲ့ မိန်းမ၊ ခန့်သောကို နင် ဘယ်တော့မှမပိုင်ဆိုင်ရဘူးမှတ်"

လေပြေချို ထ,ထွက်သွားတော့ ရင့် ပခုံးတစ်ချက် တွန့်ပြီး အပြုံးမပျက် ကျန်နေခဲ့သည်။ ဒီလောက်ဆို ရပါပြီ။ ဒီမျှလောက်လေး ခလောက်ဆန်လိုက်ရရုံနဲ့ ရင့် ကျေနပ်ပစ်လိုက်ပါသည်။ သူများရည်းစားကို အတည်ကြီး လုယူရလောက်အောင်တော့ ရင့် အောက်တန်းမကျသေး။ ရင့်က လေပြေချို့ရင်ထဲ ခဲတစ်လုံးပစ်ချရုံသက်သက်ပါ။ အချိန်ကြောင့် ဂယက်ထပြီးရင် အားလုံး ပုံမှန်အတိုင်း ပြန်ဖြစ်သွားမှာပါ။





နောက်ပိုင်းနေ့ရက်တွေမှာ ရင့် ဘုံကျောင်းမသွားဖြစ်။ အကြောင်းမရှိ အကြောင်းရှာ တစ်နေ့တစ်ခါ ဆက်ဖြစ်တဲ့ ခန့်သောကိုရဲ့ ဖုန်းနံပါတ်ကိုလည်း delete လုပ်ထားမိလိုက်သည်။ ခင်မင်မိတာ မှန်ပေမင့် ရင့်ကြောင့် သူတို့နှစ်ဦးကို မကွဲကွာစေလိုပါ။ လေပြေချို့ကို ချစ်လွန်း၍တော့ မဟုတ်။ စိတ်ထားပြည့်ပြီး ခင့်မင်ဖွယ်ကောင်းတဲ့ "ခန့်သောကို"ကို အားနာ၍ပဲဖြစ်သည်။

"ရင့် ... ဟိုမိန်းမလက်ထဲကနေ ပုဏ္ဏားကို နင် ရအောင်ယူနိုင်ပြီလား"

အထင်တကြီး မေးလာတဲ့ ထွေးစုစကားကြောင့် ရင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရင်း ...

"သူများချစ်သူကို စိတ်နဲ့တောင် မပြစ်မှားပါဘူးဟယ်၊ ငါက အဲဒီမိန်းမကို ပါးပါးလေး ပညာပြရုံလောက်ပါပဲ၊ သူ မခံချင်အောင် ဆွပေးပြီး ဇာတ်လမ်းထပ်မဆက်တော့ဘူး၊ ဒါပါပဲ"

"ဟုတ်ပါတယ်၊ အဲဒီလိုလုပ်တာပဲ ကောင်းတယ်၊ တကယ်တော့လေ ငါက နင့်ကို ပုဏ္ဏားနဲ့အဆင်ပြေစေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ... မဟုတ်တာ ပြောရောမယ်၊ သုတနဲ့ နင့်ကို အဆင်ပြေအောင် လုပ်ပေးလိုက်တာနဲ့ နင်က တစ်ခါတည်း ငါနဲ့ သဘောတူလိုက်ရောလာ"

မေမေလေး လာချပေးတဲ့ လက်ဖက်သုပ်ပန်းကန်ကို နှစ်ယောက်သား အလုအယက်တွေစားရင်း စကားတွေ ဖောင်ဖွဲ့နေကြသည်မှာ ညဆယ့်တစ်နာရီနီးနီးရှိပြီမို့ နာရီကို တစ်ချက်ကြည့်ရင့် ထွေးစုက ရင့်အခန်းထဲက ထွက်ခွာဖို့ တာဆူနေ၏။

"ဒီနေ့ ငါတို့ လေပန်းနေတာ တော်တော်ကြာသွားတယ်"

"အေးပေါ့ ... တစ်ခါတလေမှ တွေ့ရတဲ့သူတွေဆိုတော့လေ"

ထွေးစု သူ့အခန်းပြန်သွားရင်တော့ တစ်ယောက်တည်း မီးတွေအားလုံးမှိတ်ပြီး အခန်းပြတင်းကနေ ခပ်ရေးရေးလေး သာနေတဲ့လကို ငေးမောကြည့်နေမိပါသည်။ ရင့်စိတ်တွေကတော့ ဟိုဟိုဒီဒီ ပြေးကစားလို့နေ၏။ တော်ကြာ အေးချမ်းမြင့်မိုရ် အကြောင်း ရောက်သွားလိုက်၊ တော်ကြာ လေပြေချို့နဲ့ စကားနိုင်လုတဲ့မြင်ကွင်းဆီ ရောက်သွားလိုက်နှင့် နောက်ဆုံးတော့ ပါးခွက်လေးပေါ်အောင် ပြုံးလိုက်တိုင်း သိပ်ချောမွေ့ပြီး နှစ်လိုဖွယ်ရာကောင်းသည့် ခန့်သောကိုဆီ စိတ်ရောက်သွားမိသည်။





"အံမယ်လေးဟဲ့"

ရုတ်တရက် ထ,မြည်လာတဲ့ phone ring tone သံကြောင့် ရင်တုန်သွားသည်။ အတွေးတွေ နက်နေတာကိုး။ phone screen မှာပေါ်နေတဲ့ နံပါတ်က ခန့်သောကိုရဲ့ ဖုန်းနံပါတ်။ delete လုပ်ထားပေမယ့် ရင့် memory ထဲ အလွတ်ရနေတော့လည်း ခက်သားလား။

မကိုင်ဘူး လုပ်ပြီးကာမှ ထပ်တစ်ကြိမ် သူခေါ်ဆိုနေတာမို့အားနာသမှုနဲ့ ကိုင်ဖြစ်လိုက်ပါသည်။

"ရင့် ... နေမကောင်းလို့ သင်တန်းမလာတာလား"

"ဟုတ်ဘူး ... မအားတော့လို့၊ ကျောင်းက ကျူးရှင်ချိန်နဲ့ တိုက်သွားလို့"

"ဪ ... ကိုယ်စိတ်ပူနေမိတာ၊ ရင့် တစ်ခုခုများ ဖြစ်နေသလားလို့၊ အရင်နေ့တွေကလည်း ဖုန်းခေါ်သေးတယ်၊ မအားတာနဲ့၊ စက်ပိတ်ထားတာနဲ့၊ တစ်ခုမဟုတ် တစ်ခုနဲ့ ကြုံကြုံနေလို့"

"ကျေးဇူးတင်ပါတယ် ခန့်သော။ သတိတရနဲ့ ဖုန်းဆက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သတိရပါတယ် ရှင့်ရယ်၊ ရှင့် အခု ဘာလုပ်နေလဲဟင်"

"အခန်းကို အမှောင်ချပြီး ပြတင်းပေါက်နားမှာ ရပ်ပြီး လမင်းကို ကြည့်နေတယ်"

"ဟင် ... တကယ်၊ ကိုယ်လည်း ပြတင်းပေါက်နားရပ်ပြီး လမင်းကိုကြည့်ပြီး ရှင့်ဆီ ဖုန်းပြောနေတာ"

သူ့အဖြေကြောင့် ရှင့် အသာအယာလေး ပြုံးမိရပါသည်။ ရှင်တို့ ဘာလို့ အနေအထားချင်း တိုက်တိုက်ဆိုင်ဆိုင် လာတူနေရပါလိမ့်။

"ရှင့်က ခံစားတတ်တဲ့နှလုံးသား ရှိလို့လား၊ လမင်းကို တမေ့တမော ငေးမောနေတတ်သူတွေဟာ စိတ်ကူးယဉ်ဆန်ပြီး စိတ်နှလုံး နူးညံ့တဲ့ သူတွေမှ မဟုတ်တာ"

"ခနဲ့သောနော် ... [illegible]န်လာမစ,နဲ့၊ လူပဲ ခံစားတတ်တဲ့ နှလုံးသား ရှိကြသူတွေချည်းပဲ၊ သူ့ပြောပုံအရဆို ရှင့်ကပဲ ဂျမ်းဒေါ်မကျလို့"

"မဟုတ်လို့လား ... ဟား ဟား"

မကြားရတာ ကြာပြီဖြစ်တဲ့ သူ့ရယ်သံရှိုးရှိုးလေးကို လရောင်အောက်မှာ နားထောင်မိစဉ်ခဏ ရှင့်ရင်တွေ လှုပ်ခါသွား





လို့ ခံစားလိုက်ရသည်။ ရှင့် အခု ဘာဖြစ်နေတာလဲ၊ သူ့အပေါ် သာယာမိနေတာလား။

"ကိုယ်ကတော့ ကိုယ့်ရဲ့ဖူးစာဖက် ကောင်မလေးအကြောင်း လမင်းကိုကြည့်ပြီး တွေးနေမိတာ"

"ဟုတ်လား ... ဒါဆို ခနဲ့သော ဖုန်းဆက်တာ လူမှားနေပြီ၊ လေပြေချို့ကို ဖုန်းဆက်ရမှာလေ"

"လေပြေလား ... ကိုယ့်ဖူးစာဖက် ကောင်မလေးက သူမှ မဟုတ်တာပဲ ရှင်ရယ်"

"ဘာယ်လို"

သူ့ရဲ့တုံ့ပြန်စကားကြောင့် ရှင့် တကယ်ကြီးကို အံ့အားသင့်ရပါသည်။ လေပြေချိုက သူ့ရဲ့ဖူးစာဖက် မဟုတ်ရင် ဘယ်သူက သူ့ရဲ့ဖူးစာဖက်များလဲ။ သိချင်စိတ်တွေ ရှန်းကြွလာတုန်း သူက နှုတ်ဆက်ပြီး ဖုန်းချသွားတာမို့ စပ်စုဖို့အချိန် မရလိုက်။

"Good night ရှင့် ... ဒါပဲနော်၊ သတိရလို့ ဖုန်းဆက်လိုက်တာ၊ အိပ်မက်လှလှ မက်ပါစေ"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာတာနဲ့အမျှ သူ့စိတ်ထဲမှာ လေပြေ့ကို ဖုန်းဆက်ရတာ၊ တစ်ခါတစ်ရံ ကျောင်းဝင်ကြိုပေးရတာ၊ အနည်းဆုံး တစ်ပတ်တစ်ခါလောက် တွေ့ဖို့ကြိုးစားရတာ တာဝန်ဝတ္တရားကြီးတစ်ခုလို ခံစားနေရပါသည်။ တစ်နေ့တခြား သူ လေပြေ့ကို တကယ်မချစ်တာ သိပ်ကို သိသာထင်ရှားလာသည်မို့ သူ့စိတ်တွေက လေးလံထိုင်းမှိုင်းလို့နေသည်။

ဒီအတိုင်း ရှေ့ဆက်သွားရင် သူ့စိတ်တွေ ပင်ပန်းရမှာဖြစ်သလို လေပြေလည်း ခံပြင်းလွန်းလို့ ရူးသွားလောက်ပါသည်။ အခု သူ့စိတ်တွေက ရင့်ဆီမှာ။ တစ်မျိုးမြင်မှာစိုးလို့





ခဏတာလေးပဲ ဖုန်းနဲ့စကားပြောရတာကို သူ့မှာ စမြုံ့ပြန်ပြီး ပီတိဖြစ်လို့ မဆုံးလေ။ သူ မြင်ယောင်မိတဲ့ နိမိတ်ပုံတစ်ခု ပြန်လည်အမှတ်ရတိုင်း သူ့ရင်ထဲ ပြီးပြည့်စုံပြီး နွေးထွေးနေခဲ့တာ အချိန်နီးလာလို့များလား။ ဒီလိုနဲ့ ရင့်နဲ့ပတ်သက်ပြီး ရင်ရော "ရွှေယင်းမာ"နဲ့ဆုံဖို့အတွက် ရင့်ကို သူ စိတ်ကုန်ပြီး ခွဲခွာသွားရမှာလား။

ဒါမှမဟုတ် ...

"ခန့်သော ... လေပြေ လုံးဝသည်းမခံနိုင်တော့ဘူးနော်... ပြော။ ဘာဖြစ်နေတာလဲ။ ခန့်သောစိတ်တွေ ဘယ်ရောက်နေတာလဲ၊ လေပြေ့ကို စိတ်မပါ့တာပါ ဆက်ဆံနေတာ လေပြေ သိတယ်နော်"

သူ့ပခုံးကိုလှုပ်ပြီး လေပြေ ပေါက်ကွဲသည်။ သူမလို အလှဖုရားမလေးအတွက် ဒီလိုအေးစက်စက် ဆက်ဆံခံရတာကို နာကြည်းမည်မှန်း သူသိသည်။ သူမရဲ့မာနကို ထိပါးမည်မှန်း သူ နားလည်သည်။ သူမ အလွန်လှပါသည်။ အလှအပကို ခုံမင်တဲ့စိတ်လည်း သူ့ဆီမှာရှိသည်။ သို့သော် အလှတရားပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ခံစားမှုက ယာယီသာဖြစ်ပြီး နက်ရှိုင်းစွာနဲ့ နှလုံးသားထဲ ကြာရှည်မခွဲ မြဲခဲ့တာ သူမနဲ့သူ ရေစက်မပါလို့ပဲ ဖြစ်ပါလိမ့်မည်။

"လေပြေ ... ကိုယ်တို့ ပွင့်ပွင့်လင်းလင်းပဲ ပြောကြရအောင်"

လေပြေက သူ့ကို တစ်ချက်ကြည့်ပြီး သူပြောလာမယ့် စကားတွေကို ရိုပ်မိဟန်ဖြင့် မျက်နှာပျက်သွားသည်။ သူ့ဆီက အကြည့်ကိုလွှဲဖယ်ပြီး ခပ်ဝေးဝေး တစ်နေရာဆီ အကြည့်ပို့ရင်း နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ထားသည်။

"ကိုယ်တို့ လမ်းခွဲကြတာ ကောင်းမယ်ထင်တယ် လေပြေ၊ နှစ်ယောက်လုံးအတွက် အကောင်းဆုံးဖြစ်လိမ့်မယ်"

"ဘာကြောင့်လဲ ... ရဲရဲကြောင့်လား၊ ဟင်း ဟင်း ... ထင်ပါတယ်၊ ယောကျ်ားဆိုတာမျိုးဟာ ကိုယ့်လက်ထဲက စားစရာကိုကိုင်ပြီး ဆိုင်ပေါ်တင်ထားတဲ့ စားစရာကို မျှော်တတ်တဲ့လူစားမျိုးတွေပဲ"

"လေပြေ ကြိုက်ရာပြောပါ၊ ပြောနိုင်ပါတယ်၊ ဒါပေမဲ့ ခုထက်ထိ ရင့်နဲ့ကိုယ် ဘာမှမဟုတ်ကြသေးပါဘူး"





"တစ်နေ့တော့ ဟုတ်မယ်ပေါ့။ ကောင်းပါတယ်၊ ရှင့်ရဲ့ ရှေ့ယှဉ်းမှာ ပေါ်မလာသေးခင်အထိတော့ ရဲရဲရင့်နဲ့ဆက်တွဲဦးပေါ့"

"ကိုယ် တောင်းပန်ပါတယ် လေပြေ၊ တကယ်တော့ ကိုယ်တို့အားလုံးဟာ ကံကြမ္မာရဲ့ ဇာတ်ကောင်တွေပါ၊ ရေးပြီးသားဇာတ်ညွှန်းထဲမှာ ကျရာအခန်းက ပါဝင်သရုပ်ဆောင်ကြရတာမို့ တစ်သမတ်တည်း ရပ်တည်လို့ မရကြပါဘူး၊ အလှည့်အပြောင်းတွေကြားထဲ ဇာတ်လမ်းမပြီးခင်အထိ ခံစားချက်မျိုးစုံ ပုံစံမျိုးစုံနဲ့ ကပြကြရတယ်"

သူ့စကားအပြီးမှာ လေပြေက ခပ်လွင်လွင်လေး ရယ်သည်။ သူမရဲ့မျက်ဝန်းတွေကတော့ နီရဲစိုစွတ်နေ၏။

"သိပ်နားထောင်ကောင်းတဲ့ စာသားတွေပါပဲ။ ဖောက်ပြန်မှုတစ်ခုကို ကံကြမ္မာလို့ လွှဲချတတ်တဲ့ သူတွေကို လေပြေ သိပ်မုန်းတတ်တာ"

"လေပြေ ကိုယ်နဲ့ဆက်တွဲနေတော့ရော ပျော်မှာတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် လေပြေ့ကိုယ်လေး ဆတ်ခနဲဖြစ်သွားသည်။ သူမရဲ့မျက်နှာတစ်ပြင်လုံး မာနရိပ်တွေ တစ်ခဏအတွင်းမှာပဲ ကြီးစိုးလို့လာသည်။

"ခု ပြောနေတာ ရှင်နဲ့ မပြတ်ချင်လို့ ပြောနေတယ်လို့များ ထင်နေလား ခန့်သော"

သူ လေပြေ့မေးခွန်းကို ခွန်းတုံ့မပြန်မိ။ လေပြေ့မှာ မာန်လေးတွေရှိတာ သူ နားလည်ထားပါသည်။

"good bye" ခန့်သော လေပြေတို့ ဒီလောက်ပဲ ရေစက်ပါတယ်လို့ မှတ်ယူလိုက်ကြတာပေါ့"

ပြောပြောဆိုဆိုနဲ့ သူမက ကားတံခါးဖွင့်ဆင်းပြီး ထွက်သွားသည်။ သူလည်း မတားမိခဲ့ပါ။ ခန့်သော ကားပေါ်က လေပြေ မြေကြီးပေါ် ခြေအချမှာ မျက်ရည်တစ်စ,လည်း လွင့်ကြွေသွားခဲ့သည်။ လေပြေ သူ့ကို တကယ်လက်လွှတ်ဆုံးရှုံးခဲ့ရပြီလေ။ တစ်ပြိုင်နက်တည်းလိုလိုမှာပဲ ရဲရဲရင့်ကို ရှုံးပြီဆိုတဲ့အသိက လေပြေ့ကို အကြီးအကျယ် နှိပ်စက်တော့သည်။



"အေးလေ ... နင်လည်း ခဏပါ ရဲရဲရင့်၊ သူ့ဘေးနားမှာ ငါ့လိုပဲ ခဏတာပဲ နေခွင့်ရမယ် မိန်းမပါ၊ ဒါကို နင်မသိသေးတော့ ငါ့ကို အနိုင်ရလိုက်ပြီဆိုပြီး နင် မော်ကြွားနေမှာပေါ့"

ရဲရဲရင့် တစ်ယောက်တည်းမှ မဟုတ်တာ၊ လေပြေရဲ့အသိုင်းအဝိုင်း အကုန်လုံးကလည်း လေပြေ့လက်ထဲကနေ ရဲရဲရင့်က ခန့်သောကို ရယူနိုင်ခဲ့တယ်လို့ ထင်ကမှာ။ ရှက်စရာ... ရှက်စရာ ကောင်းလိုက်တာ။

လေပြေက မျက်ရည်ကို အသာတို့သုတ်ရင်း အောက်နှုတ်ခမ်းကို အပေါ်သွားနဲ့ ပြတ်ထွက်မတတ် ဖိကိုက်ထားမိသည်။ သူမရင်ထဲမှာ အမုန်းမီးတောက်တစ်ခုကြောင့် ပြင်းပြင်းပြပြကို ပူလောင်နေပါ၏။ သူမလို အစစအရာရာ ပြည့်စုံနေတဲ့ မိန်းမတစ်ယောက်ကို ကံကြမ္မာက မလိုတမာဖြစ်ပြီး အရှက်ရအောင် တမင်ဖန်တီးခဲ့လေသလား။

ရှတ်တရက် လေပြေ ဖုန်းကိုထုတ်ပြီး ခန့်သောဆီက မှတ်ထားတဲ့ ရဲရဲရင့်ရဲ့ ဖုန်းနံပါတ်ကို လှမ်းခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ရဲရဲရင့်လား ... ငါပါ ... လေပြေချို"

"ဪ"

မဆက်စဖူး အဆက်ထူးလာပုံထောက်တော့ ခန့်သော နဲ့ ပြဿနာတက်လာတာပဲ ဖြစ်ရမည်။ ပြီးတော့လည်း သူမလေသံ က တစ်မျိုးကြီးလေ။

"ဒီနေ့ပဲ ငါနဲ့ ခန့်သော ပြတ်သွားကြပြီ၊ နင် သိပ်ဝမ်းသာမနေပါနဲ့ ရဲရဲရင့်၊ တစ်နေ့မှာ နင်လည်းပဲ ငါနဲ့ထပ်တူ ခံစားရမှာပါ၊ ငါပြောတဲ့ ဒီစကား နင် သေသေချာချာ မှတ်ထားလိုက်ပါ ... ဒါပဲ"

ရင့် ဘာမှမပြောလိုက်ရသေးခင်မှာ သူက ဖုန်းချသွားပါသည်။ ရင့်လည်း ပြန်ခေါ်ဖို့ အစီအစဉ် လုံးဝမရှိပါ။ သူ့ကို မုန်းပေမင့် ကိုယ်ချင်းတော့ စာမိပါသည်။ သူ အကြီးကြီး ခံစားနေရတာ သူ့လေသံက သက်သေလေ။ ခန့်သော သူ ဘာလို့ လေပြေနဲ့ လမ်းခွဲလိုက်ရတာလဲ။ ရင့်ကြောင့်များလား။





တစ်နေ့တစ်ခါ ပုံမှန်ဖုန်းဆက်တဲ့ သူ့လေသံ၊ သူ့စကားတွေထဲမှာ နွေးထွေးနဲ့ အငွေ့အသက်တွေ ကိန်းနေခဲ့တာ ရင့်လည်း သတိထားမိခဲ့တာပဲ။ ရင့် ကိုယ်တိုင်ကရော လေပြေ့ရဲ့ ဘဲမှန်း သိသိနဲ့ သူ ဖုန်းဆက်တိုင်း ရင်ခုန်လှုပ်ရှားပျော်ရွှင်မိတာပဲလေ။ မဖြစ်သင့်ဘူးဆိုတဲ့ အသိတစ်ခုနဲ့ ထိန်းချုပ်လို့ ဖုန်းချပစ်လိုက်ရတဲ့အခါတိုင်း ရင်ဘတ်ဟိုးအတွင်းပိုင်း တစ်နေရာက ခပ်စူးစူးလေး နာကျင်သွားတာ ရိပ်မိခဲ့တာလည်း အကြိမ်ကြိမ်ရယ်ပါ။

"ရဲရဲရင့် ... သူ နင့်ကို propose လုပ်လာခဲ့ရင် နင် လက်ခံမှာလား"

သေချာနေတဲ့ အဖြစ်အပျက်တစ်ခုအတွက် ရင့်ကိုယ့်ကိုယ်ကိုယ် မေးခွန်းတစ်ခုတည်းကိုသာ အပြန်ပြန်အလှန်လှန် မေးမြန်းလို့နေပါသည်။ အဖြေကတော့ ...။

❃ ❖ ❃



www.burmeseclassic.com

www.burmeseclassic.com



## ၂၅

အချစ်စိတ်ဆိုသည်မှာ တားဆီးဖို့ ထိန်းချုပ်ဖို့မလွယ်မှန်း ကိုယ်တိုင်ကြုံဖူးမှပဲ ရင့် သဘောပေါက် လက်ခံလိုက်ရပါသည်။ သူ ဖုန်းခေါ်တိုင်း လျစ်လျူရှုရတာ၊ သူ ထွေးစုကို စာပေးခိုင်းတိုင်း ပေးသမျှစာတွေကို ဖတ်ချင်ရက်နဲ့ မဖတ်ဖို့အားထုတ်ခဲ့ရတာ ရင့်ဘဝမှာ အပင်ပန်းဆုံးသော အရာတွေပါ။

"ရင့်"

ထွေးစုရဲ့ ခပ်တိုးတိုးခေါ်သံကြောင့် ရင့် လှည့်ကြည့်မိလိုက်သည်။ သူလာရင် ခန့်သောဆီက တစ်ခုမဟုတ် တစ်ခု အမှာစကား ကြားရမည်မှာမလွဲ။ ခါတိုင်းဆို ထွေးစုကိုနိုင်သည့်





ရင့်က အော်အော်ထုတ်တတ်သော်လည်း အခုတော့ သူပေးလာမည့် သတင်းစကားတို့ကို ရင်တလှပ်လှပ်နဲ့ စောင့်နားထောင်ချင်နေမိပြန်သည်။

"ရင့် ... ငါတို့ ဆယ်စုနှစ် တစ်ခုလောက် အတူတူ နေလာခဲ့ကြတာပါ၊ နင်နဲ့ငါ တကယ့် ညီအစ်မအရင်းတွေလိုပါပဲ၊ နင့်ရင်ထဲမှာ ဘာတွေဖြစ်နေလဲ၊ ဘာတွေရှိနေလဲ၊ ငါ မြင်ပါတယ် ရင့်ရယ်"

ထွေးစုက ရင့်ပခုံးလေးကို သိုင်းဖက်လာသည်။ ခေါင်းအုံးတစ်လုံးကို ရင်ခွင်ပိုက်ထားတဲ့ ရဲရဲရင့်ကတော့ ခပ်ငြိမ်ငြိမ်ရယ်ပါ။

"ဘာအတွက်ကြောင့် နင် မျိုသိပ်နေရတာလဲ ရင့်ရယ်၊ ခန့်သောသူလည်း အရမ်းခံစားနေရတယ်၊ နင် ဘာလို့ ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်ထားရတာလဲ၊ နင် အခုဖြစ်နေတာ လေပြေချိုရဲ့ အပြောအဆို ခံရမှာစိုးလို့လား၊ နင် ဘာကိုကြောက်နေတာလဲ ရင့်"

"ငါ ... ..."



www.burmeseclassic.com

www.burmeseclassic.com



ရင့်မှာ တိကျတဲ့ အဖြေတစ်ခု ရှိမနေပါ။ ဘာရယ်ကြောင့်ဆိုတာ ကိုယ့်ကိုယ်ကိုယ် မဝေခွဲတတ်နိုင်လို့ပဲ ဖြစ်ခဲ့သည်။

"နှစ်ယောက်လုံးအတွက် အကျိုးမရှိတာမျိုး မလုပ်ပါနဲ့ ရင့်ရာ၊ နင့်မာနတွေကို နင့်အချစ်အတွက် လျှော့သင့်ရင် လျှော့ပါ ရင့်၊ သူ နင့်ဆီကို ဒီည ဖုန်းဆက်ဦးမယ်တဲ့၊ ဒီနေ့တော့ နင် ကိုင်လိုက်ပါ ရင့်၊ နင်တို့နှစ်ယောက် ဆွေးနွေးသင့်တယ်လို့ ငါထင်တယ်"

ထွေးစု ပြန်သွားတော့ ရင့်စာကြည့်စားပွဲ အံဆွဲထဲမှာ ထည့်သိမ်းထားတဲ့ သူပေးတဲ့စာတွေ ထုတ်ဖတ်မိပါသည်။ နှလုံးသားကို အကျဉ်းချထားတဲ့ ရင့်ရဲ့မာနနဲ့ အတ္တတို့ကို မောင်းထုတ်ပြီးတော့ပေါ့။

"ရင့် ...

ကိုယ် ရင့်ကို နားလည်ပါတယ်၊ လေပြေနဲ့ပြတ်ပြီး ရင့်ဆီလှမ်းချင်လာတဲ့ ကိုယ့်ခြေလှမ်းတွေကို ရပ်တန့်ပစ်ဖို့ ရင့် ကြိုးစားနေတာမှလား။ လေပြေနဲ့ ပြတ်ပြီးတဲ့ ယောက်ျားတစ်ယောက်ကို ရင့် လက်ခံဖို့ စိုးရွံ့နေတာ





မဟုတ်လား။ ကိုယ် တကယ် ကိုယ်ချင်းစာပေးလို့ ရပါတယ်၊ ဒါပေမဲ့ ရင့်ရယ် ... အချစ်ဆိုတဲ့ ခံစားချက်က မျိုသိပ်လို့ရကောင်းတဲ့ အရာမှ မဟုတ်ခဲ့တာ၊ ကိုယ် ရင့်ကို အရမ်းချစ်ပါတယ် ရင့်၊ မျက်နှာလည်း မမြင်ရ၊ အသံလည်းမကြားရနဲ့ ကိုယ် ဘယ်လောက်အထိ ခံစားနေရမလဲဆိုတာ ရင့်လည်း ကိုယ်ချင်းစာပေးပါ၊ ကိုယ့်ကို ပြန်မချစ်နိုင်ရင်တောင် ပုံမှန်အတိုင်းတော့ ရင်းနှီးခွင့်လေး ပြန်ပေးပါ ရင့်ရယ်၊ ကိုယ် တောင်းပန်ပါတယ်။

ခန့်သော"

စာတစ်စောင်ဖတ်ပြီးတိုင်း ရင့်မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝေဝေလာခဲ့သည်။ ယောက်ျားတစ်ယောက်အတွက် မကျခဲ့ဖူးတဲ့ ရင့်မျက်ရည် အခုတော့ ခန့်သောကြောင့် ကျတတ်လာခဲ့ပြီ။ မာကျောလွန်းတဲ့ ရင့်စိတ်တွေ အခုတော့ ခန့်သောကြောင့် ပျော့ညံ့လာခဲ့ပြီ။

သူ စာတစ်စောင်ကို ဖတ်နေဆဲမှာပဲ ဖုန်းဝင်လာတာမို့ ရင် ကြည့်တော့ သူ့ရဲ့ဖုန်း ဖြစ်နေခဲ့သည်။ ကိုင်သင့်



www.burmeseclassic.com

www.burmeseclassic.com



မကိုင်သင့် ဆေခွဲရခက်နေတုန်း လွမ်းစိတ်လေးတစ်ခုက ရင့်ကို ခပ်တိုးတိုး တောင်းပန်စကား ဆိုနေတာမို့ သူ့ဖုန်းကို ရင့်ကိုင်လိုက်ပါသည်။

"ဟယ်လို"

"ရင့် ... နေကောင်းရဲ့လားဟင်"

ပထမဆုံး သူ့ရဲ့နှုတ်ခွန်းဆက်စကားမှာ ရင့်ရဲ့ အလွမ်းမီးတောက်တို့က ငြိမ်းလိုနီးပါးပါ။

"ကောင်းပါတယ် ... ခန့်သောရော"

"လူကတော့ ကောင်းပါတယ်၊ စိတ်တော့ မကောင်းဘူးလေ၊ ဒါပေမဲ့ အခု ရင့်နဲ့ စကားပြောခွင့်ရလို့ ကောင်းသွားပါပြီ"

"........."

"ရင့် ... ကိုယ် ထွေးစုကို ပေးခိုင်းတဲ့စာတွေ မဖတ်ဖြစ်ဘူး မဟုတ်လားဟင်"

"ဖတ်ဖြစ်ပါတယ်၊ ရင့်ကို နားလည်ပေးပါ၊ လေပြေနဲ့ပြတ်ပြီးတဲ့ လူတစ်ယောက်ကို ရင့်လက်တွဲဖို့ဆိုတာ ရင့်အတွက် ..."





"ကိုယ် နားလည်ပါတယ် ရင့်ရယ်၊ ကိုယ်ပြောပြီးသားပဲ၊ ပုံမှန်အတိုင်း ရင်းနှီးခွင့်လေးပဲ ပြန်ပေးပါ ရင့်၊ အဖြေမပေးနိုင်ဘူးဆိုလည်း ကိုယ် ကျေနပ်ပါတယ် ... နော် ... ရင့်"

သူ့စကားကြောင့် ရင့် တိုးဖွဖွလေး ပြုံးမိသွားတာ သူတော့ မြင်နိုင်မည်မဟုတ်။ သူ ရင့်နား ဘယ်လိုပုံစံမျိုးနဲ့ပဲ ပြန်ရောက်လာလာ အဆုံးတစ်နေ့တော့ ချစ်ရင်းစွဲ ရင့်တစ်ယောက် အချိန်ကာလ တစ်ခုမှာ သူ့ကို ချစ်တယ်လို့ အဖြေပေးမိမှာပဲ မဟုတ်လား။

"ရင့် မပြောတော့ဘူးလား၊ မပြောချင်တော့ဘူးလားဟင်၊ အဲဒါဆို ကိုယ် ဖုန်းချလိုက်တော့မယ်နော်"

"ရင့်လည်း ဒီရက်တွေထဲ ခန့်သောကို သတိရနေပါတယ်၊ တကယ် ပြောတာပါ"

"ဟား ... ပျော်လိုက်တာ ရင့်ရယ်၊ ဒီညတော့ ကိုယ် ကောင်းကောင်းမွန်မွန် အိပ်ပျော်ပြီ၊ ရင့်အသံ မကြားရလို့ ကိုယ် အိပ်မပျော်တာကြာပြီ ရင့်၊ တကယ်ပြောတာပါကွာ ဘုရားစူး"



www.burmeseclassic.com

www.burmeseclassic.com



ရင့် ရင်ထဲမှာရော လမင်း သာသွားတာ ရှင်မသိလေရော့လား ခန့်သောရယ်၊ ရှင်နဲ့ ဝေးနေတဲ့ ရက်တွေက ရင့်ရင်ထဲမှာ လမိုက်ညတွေပါ။ ဒွိဟသံသရာထဲမှာ မွန်းကျပ်ပိတ်လှောင်ပြီး တဝဲလည်လည် ဖြစ်ခဲ့ရတဲ့ ရင့်အဖြစ်တွေ ရှင် မသိနိုင်ပါဘူး။ ပြောပြဖို့လည်း စောသေးတယ်လို့ ရင့် ထင်တယ်လေ။

နှစ်ဦးသား အတူတူ နှုတ်ဆက်ပြီး ဖုန်းချတော့ ရင့်ရင်ထဲမှာ အေးမြမှုတစ်ခုကို သိသိသာသာ ခံစားလိုက်ရသည်။ သူလည်း ရင့်ခံစားမှုနှင့် ထပ်တူတကျ ခံစားရပါလိမ့်မည်။ အချစ်ဆိုတာ ဒီလိုပဲ ကြည်နူးခြင်း၊ ကြေကွဲခြင်းတွေကို မျက်လှည့်ဆန်ဆန် ဖန်တီးတတ်ပါသလား။

❋ ❖ ❋



၉ ၂၆ ၅

"ရင့်"

ဆံပင်လေးတွေကို စုစည်းလို့ ဆံချည်မျှင်လေးတွေ ဟိုတစ်စ ဒီတစ်စ ကျနေတဲ့ ရင့်မျက်နှာလေးမှာ သိမ်မွေ့မှုတစ်ခု ထင်ဟပ်နေပါသည်။ မျက်လွှာချထားတဲ့ သူမရင်တွင်းတစ်နေရာမှာ ရင်ခုန်သံတွေများ ပလုံစီနေမလား။ အခု သူ့ရှေ့မှာထိုင်နေတဲ့ ရဲရဲရင့်ဆိုတဲ့ ကောင်မလေးဟာ ပထမဆုံး သူတွေ့ခဲ့တဲ့ ဒေါမာန်ကြီးကြီး ခပ်ရင့်ရင့် ကောင်မလေး ပုံစံမျိုး ပျောက်ဆုံးနေခဲ့တာ အချစ်က ပုံသွင်းလိုက်လို့များလား။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်ကိုယ်ယက် တွေးမိသော သူ့အတွေးတို့ကို သူ သူ့ဘာသာကျဲဟန်ဖြင့် တိုးဖွဖွ ပြုံးမိလိုက်သည်။ သူထင်တာ မမှားလောက်ဘူးလေ။ "ရင့်"လို့ သူခေါ်တာတောင် သူမ ခေါင်းမော့မလာခဲ့ဘူးလေ။ ရဲရဲရင့်ဆိုတာ ဘယ်ယောကျ်ားလေးကိုမဆို ပြိုင်ကြည့်ဆက်ဆံရဲတဲ့ မိန်းကလေးတစ်ယောက်မဟုတ်လား။

"ရင့်"

"ဘာလဲ ... ပြောစရာရှိ ပြောပါလား၊ ဘာလို့ နာမည်ကိုပဲ ထပ်ထပ်ခေါ်နေတာလဲ"

သူ ခဏ ခဏ ခေါ်နေတာကို စိတ်မရှည်ဟန်ဖြင့် သူမ မော့ကြည့်ပြီး ခပ်စွာစွာလေး ပြောပါ၏။ သို့ပါသော်လည်း ရန်လိုခြင်းမျိုး မပါဝင်ဘဲ ဂျစ်တစ်တစ် ပုံစံမျိုးလေးပါ။

"အာ ... ရင့်ကလည်းလွှာ၊ attention လိုချင်လို့ ခေါ်တာလေကွာ၊ ကိုယ့်ကို မကြည့်ဘဲ ကိုယ်ပြောတဲ့စကား ရင့်နားထောင်,မထောင် ကိုယ် ဘယ်လိုလုပ် သိနိုင်မလဲကွာ"

"ဟွန်း"





နှုတ်ခမ်းလေးစူပြီး သူမ မျက်စောင်းလေးထိုးဟန်လေးက သူ့ရင်ထဲကို ယားကျိကျိ ဖြစ်စေသည်။ အကြည်ရောင်လက်သည်းဆိုးဆေး ဆိုးထားသည့် သူမရဲ့လက်ချောင်းသွယ်သွယ်လေးတွေကို ချစ်မြတ်နိုးစွာ သူ ငိုက်ကြည့်နေမိသည်။

"ရင့် လက်ကလေးတွေက ချစ်စရာလေးတွေနော်"

သူ ပြောလိုက်မှ ရင့်က စားပွဲပေါ်တင်ထားတဲ့ သူမရဲ့လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ သူမ၏ပေါင်ပေါ်ကို နေရာပြောင်း၏။

"ကပ်စေးနည်းလိုက်တာ လွန်ပါရောကွာ၊ သူ့လက် ဘာလုပ်မှာမို့လို့"

"ကိုင်မှာစိုးလို့လေ"

"ဟာ ... ရင့်ကလည်းကွာ"

"ဒီမှာ ... အဖြေတောင်းချင်နေတာမှလား၊ မှန်မှန်ပြောစမ်း၊ ရင့်ကို ဘယ်လိုအဖြေတောင်းရင် ရမလဲ ရှင် သိနေတယ် မဟုတ်လား"

ရင့်က သူ့မျက်ဝန်းတွေထဲ စေ့စေ့ကြည့်ပြီး လာစပ်စုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟ ... ဘာလဲ၊ အခု ရင့်စိတ်ထဲ ကိုယ့်ကို အဖြေပေးချင်စိတ်တွေ ပေါက်နေလို့လား၊ ဟင် ... ပြောလေ၊ မလိမ်မညာဘဲနဲ့ ပွင့်ပွင့်လင်းလင်းပြော"

ရင့်က သူ့ကို အဖြေပြန်မပေးဘဲ ခပ်ဆိတ်ဆိတ်သာ နေနေတာမို့ သူ မချင့်မရဲ ဖြစ်သွားမိသည်။

"ချစ်နေရင်လည်း ချစ်တယ်ပြောပါတော့ ရင့်ရာ၊ ညည်းမထားပါနဲ့တော့၊ တစ်နေ့ ကိုယ်နဲ့ရင့် ချစ်သူတွေဖြစ်ကြမှာ ကိုယ်သိပြီးသားပါ။ အချိန်တွေက တန်ဖိုးရှိတယ်ကွ၊ မနက်ဖြန်များစွာကို ရင့်နဲ့အတူ ကိုယ်ဖြတ်သန်းချင်လှပြီ"

"အပြောကတော့ တော်တော်ကောင်း"

"အပြောကောင်းတာ မဟုတ်ပါဘူးကွာ၊ အကောင်းပြောတာပါ၊ ကိုယ့်ကို ယုံကြည်ပါ ရင့်ရယ်၊ ရင့်ကို ကိုယ်တကယ်မြတ်မြတ်နိုးနိုး ချစ်မိတာပါ"

"တစ်ခဏတာလား ဘဝတစ်ခုလုံးအတွက် ရည်ရွယ်တာလား"



အမှတ်မထင် ရင့်စကားကြောင့် သူ အာစေးမိသွားသလို ခံစားလိုက်ရသည်။ ဒီမေးခွန်းကို သူ ဘယ်လိုပြန်ဖြေပေးရမလဲ။ လေပြေနဲ့တုန်းက သူ့ရဲ့ဖူးစာဖက်နာမည်ကို ပြောခဲ့တာလေပြေပေါ် သူ ချစ်စိတ်အပြည့်အဝ မရှိခဲ့လို့ပါ။ ရင့်ကိုတော့ သူ ဖွင့်ပြောပြဖို့ နှုတ်တွန့်နေမိပါသည်။ သူ့ရင်ကို ဘဝတစ်ခုလုံးစာအတွက် လက်တွဲဖို့ ရည်ရွယ်ပါသည်။ သို့ပါသော်လည်း ...

"ဒီမေးခွန်းဖြေဖို့ အရမ်းခက်နေတယ် ဆိုရင်လည်း မဖြေပါနဲ့ ခန့်သော"

လေသံရော မျက်နှာထားပါ အနည်းငယ် ကြွပ်ဆတ်ဆတ်နိုင်သွားသော ရင့်ကို သူ ကမန်းကတန်းပဲ ဖြေရှင်းချက်ပေးလိုက်မိပါသည်။

"ရင့်ကို ကိုယ် ဘဝတစ်ခုလုံးအတွက် ရည်ရွယ်ပြီး ချစ်တာပါ၊ ကံကြမ္မာက ကိုယ်တို့နှစ်ယောက်ကို ပေးမပေါင်းခဲ့ရင်တောင် ကိုယ် တတ်အားသရွေ့တော့ ကံကြမ္မာနဲ့ယှဉ်ပြိုင်ပြီး ရင့်ကို ရယူဖို့ ကြိုးစားမှာပါ ရင့်၊ ကိုယ် ကတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြားတော့ ရင့် ပြုံးသည်။ ပြီးတော့ ခေါင်းလေးမော့ပြီး ဟက်ဟက်ပက်ပက် ရယ်၏။ သူပြောတဲ့ စကားမှာ လေးနက်မှု အပြည့်အဝ ပျော်ဝင်နေတာမို့ သူမ ရယ်ဖို့ ဘာအကြောင်းမှ မရှိပါ။ အရယ်ရပ်ရင်း သူမ သူ့မျက်ဝန်းတွေထဲကို စိုက်ကြည့်လို့ တီးတိုးပြောသည်။

"ရင့် ... ရင့်ကို ချစ်တယ် ခန့်သော"

"ဟာ"

"ရင့်ရဲ့ဒီစကားကြောင့် ရင့် ရင့်ကို ယုံကြည်သွားပြီ၊ မရေရာတဲ့ အနာဂတ်၊ မမြင်နိုင်တဲ့ ကံကြမ္မာ၊ မလာသေးတဲ့ အဖြစ်အပျက်တွေအတွက် ရင် ကြိုတင်စဉ်းစားထားတာကို ရင့် သဘောကျတယ်"

သူ ပျော်လွန်းလို့ဘာစကားမှတောင် မပြောနိုင်ခဲ့။ တောက်ပတဲ့ သူမမျက်ဝန်း၊ နွေးထွေးတဲ့ သူမအပြုံး၊ အချစ်တု မဟုတ်ခဲ့တာ သူ့နှလုံးသားက သိနားလည်နေပါသည်။ ဒီအချိန်မှာ သူ့ဦးနှောက်ထဲမှာ လေပြေရှူ ဆိုတာ မရှိ။ ရွှေယင်းမာဆိုတာလည်းမရှိ။ သူ့ဦးနှောက်နဲ့ နှလုံးပိုင်နက်ကို ရဲရဲရင့် တစ်ယောက်ကိုသာ ရွေးချယ်ပြီး သူ အပိုင်စား ပေးတားလို့ပဲဖြစ်သည်။





အိမ်ပြန်ရောက်တော့ သူ ပထမဦးဆုံး လုပ်မိတာက အမှတ်တရအဖြစ် သိမ်းထားခဲ့တဲ့ သူရေးခဲ့တဲ့ ဖူးစာရှင်နာမည်ပါတဲ့ A4 စာရွက်တစ်ထပ်ကို မီးရှို့ပြီး အမှိုက်ပုံးထဲ ထည့်ခဲ့တာပါ။

"ကျွန်တော် ကံကြမ္မာနဲ့ ယှဉ်ပြိုင်ပါ့မယ်၊ ရွှေယင်းမာဆိုတာ ကျွန်တော့်ဘဝထဲ ဘယ်တော့မှ ရောက်မလာအောင် ကျွန်တော် အပြင်းအထန် ကြိုးစားမယ်၊ ခင်ဗျား ခွင့်ပြုသည်ဖြစ်စေ ခွင့်မပြုသည်ဖြစ်စေ ကျွန်တော်ချစ်တဲ့ ရဲရဲရင့်ကိုပဲ လက်တွဲနိုင်ဖို့ ကြိုးစားသွားမယ်၊ ဒါ ကျွန်တော့်ရဲ့ နိုင်မာတဲ့ ဆုံးဖြတ်ချက်ပဲ"

"ဩော်"

"အို"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၂၇

စာအုပ်တစ်အုပ်တည်းပေါ် လက်နှစ်ခု ပြိုင်တူရောက်သွားကြတာမို့ နှစ်ယောက်သား အာမေဋိတ်သံ သံပြိုင်ထွက်သွားရင်း တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်း ဆုံသွားကြပါသည်။ စိမ်းမြသော မျက်ခုံးတန်းတန်းလေးရဲ့ အလယ်မှာ မှဲ့နက်လေးတစ်လုံးနှင့် ဝင်းဖန့်သော ဘဲဥပုံမျက်နှာလေးနှင့် ကောင်မလေးက သူ့ကို ဖျတ်ခနဲ ပြုံးပြသည်။ ယဉ်ကျေးမှုအရ သူလည်း ပြန်ပြုံးပြရင်း သူမနဲ့ ဆန့်ကျင်ရာဘက်ဆီသို့လှည့်ပြီး ကောင်းနိုးရာရာ စာအုပ်တွေကို လိုက်လံကြည့်ရှုနေမိသည်။

"ဟိတ် ... ရွှေယင်းမာ"





စာအုပ်ဆိုင်ထဲ ကောင်မလေးနှစ်ယောက် ရောက်လာပြီး ခေါ်လိုက်သံကြောင့် သူ ခေါင်းနပန်းကြီးသွားရင်း မရဲတရဲ လှည့်ကြည့်လိုက်တော့ သူနဲ့ လက်ချင်းဆုံဖူးတဲ့ ကောင်မလေး မှန်း သိလိုက်ရသည်။

"နင် ဘယ်တုန်းက ပြန်ရောက်တာလဲ"

"တစ်ပတ်လောက်ပဲ ရှိသေးတယ်"

"နင် ပိုချောလာတယ်နော်"

အခု ပြန်တွေ့ကြတဲ့ သူငယ်ချင်းသုံးယောက်ရဲ့ အသံစီစီညံနေတဲ့ အချိန်မှာ သူ ခေါင်းထဲက အချက်ပေးခေါင်းလောင်းသံလည်း ဆူညံလို့နေသည်။ သူနဲ့ ကံကြမ္မာတို့ရဲ့ပြိုင်ပွဲက စ,ပြီထင်ပါ၏။

သူ စာအုပ်ဆက်မကြည့်တော့ဘဲ ဆိုင်ထဲက ကသောကမျော ထွက်လာခဲ့သည်။ မင်းကျန်ခဲ့တော့ ရွှေယင်းမာ။ ငါ မင်းကို လက်တွဲမခေါ်ယူလိုဘူး။ အရိပ်ပမာလိုက်လာခဲ့ရင်တောင် အရိပ်မထွက်တဲ့ အခန်းထဲမှာပဲ ငါနေတော့မယ်။ ရင်ကလွဲပြီး ငါ့ဘဝထဲ ဘယ်သူ့ကိုမှ အဝင်မခံနိုင်တော့ဘူး။ အနတ္တလောကကြီးကို ဆန့်ကျင်ပြီး အတ္တလုပ်မိတာ မဟုတ်ပေမယ့်လည်း ...။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်းက သူ့ရင်တွေ နာကျင်ရှုးရှလာသည်။ တစ်ခါက အန်တီလေးဖူးစာဖက်ကို ရေးပေးခဲ့တဲ့ အဖြစ်အပျက်တွေ၊ သူငယ်ချင်းတွေအတွက် အခါပေးပေးတဲ့ အဖြစ်အပျက်တွေ၊ လေပြေနဲ့ ရင့်တို့နဲ့ ချစ်သူဖြစ်ရမယ့် အာရုံတွေ၊ လပြည့်နေ့ညမှာ ရေးခဲ့ဖူးတဲ့ နာမည်တစ်ခုဆီ သူ့အတွေးအရောက် သူ အရာအားလုံးကို မေ့လျော့ချင်စိတ်တောင် ပေါက်နေမိသည်။

အဲဒီအချိန်မှာပဲ သူ့ရဲ့အသိစိတ်တစ်ခုက တွေ့ခဲ့ဖူးတဲ့ ရွှေယင်းမာနဲ့ သူ့ကို ယှဉ်တွဲအာရုံယူဖို့ တိုက်တွန်းလာ၏။ သူ မလုပ်မိပါ။ ဘာကြီးပဲဖြစ်ဖြစ် သူ မမြင်ချင်၊ မတွေ့ချင်။

စိတ်တွေ တအားရှုပ်ယှက်ခတ်လာတာမို့ သူ ရင့်ဆီကို ဖုန်းခေါ်မိလိုက်သည်။ ဒီအချိန် သူမ အသံလေး သူကြားလိုက်ရရင် စိတ်သက်သာရာရမှာ ကျိန်းသေနေလို့ပဲဖြစ်သည်။

"ဟယ်လို"

"ဟယ်လို … ရင့် အခု ဘယ်မှာလဲဟင်"

"ဟင် … မနေ့တည်းက ပြောထားပြီးသားလေ ကိုရယ်၊ အဝတ်လျှော်စရာတွေ ပုံနေလို့၊ ဒီနေ့ စုလျှော်ရမယ်လို့"





"ရင့် … ကိုကို့ ထာဝရအတွက် ရည်ရွယ်ထားတာလားဟင်"

"ဟော့ … ကိုကို … ရှင် ဘာဖြစ်နေရောလဲ၊ ဒီစကားတွေ ပြောရလွန်းလို့ ရင့် အတွေးလည်း ပေါက်လှပြီ၊ ထာဝရရဲ့ ဟိုဘက်တောင် လွန်နေသေးတယ်၊ ကဲ … ကျေနပ်ပြီလား"

ခပ်ရွှဲရွှဲလေး ပြောပေးမယ့် ရင့် စကားကြောင့် သူ့ရင်ထဲ ငြိမ်းချမ်းသွားပါသည်။

"ညနေ ရင့်နဲ့ တွေ့ခွင့်ရမလားဟင်၊ ရင့် အဆင်ပြေအောင် ရင်တို့လိမ်းဆီပိက လက်ဖက်ရည်ဆိုင်ကို လာခဲ့မယ်လေ၊ ရင့် ကိုကို အဲဒီဆိုင်မှာ လာတွေ့ရဲ့ပါ့မလားဟင်၊ လာမတွေ့ရဲ့ဘူး ဆိုရင်လည်း …"

"ရင့် လာတွေ့ပါ့မယ်၊ ကို ဘယ်အချိန်ရောက်မလဲသာ ပြောလိုက်ပါ"

"လေးနာရီအထိလောက် ကို စောင့်နေမယ် ရင့်၊ ရောက်တာနဲ့ ဖုန်းဆက်လိုက်မယ်၊ ဖုန်းဆက်မှ ထွက်လာခဲ့နော် ရင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတိ ... ကို ... bye bye နော်"

ကို့ဖုန်း ချသွားတော့ ရင် လုပ်စရာရှိတဲ့ အလုပ်တွေ ဖယ်ဆက်သလို လုပ်မိသည်။ မေမေလေးက အချက်အပြုတ်တွေ နဲ့တင် ပင်ပန်းလှပြီမို့ ရင်နဲ့ထွေးစုတို့နှစ်ယောက် ကျောင်းအားရက်ဆိုရင် လျှော်ဖို့ ဖွပ်ဖို့တွေ မေမေလေးကို ကူလုပ်ပေးနေကျလေ။

ကို ... သူ တစ်စုံတစ်ရာကို စိုးရိမ်ထိတ်လန့်နေသလိုမျိုးဖြစ်နေတာ ဘာကြောင့်များလဲ။

ရင့် မတောင်းဆိုပါဘဲလျက်နှင့် "ရင့်ကိုပဲ ထာဝရ ချစ်သွားမှာပါ"၊ "ကိုယ် အင်အားရှိသရွေ့ ရင့်လက်လေးကို ဆွဲထားမှာပါ"ဆိုတဲ့ စကားတို့ကို "ကို"တဖွဖွ ကတိပေးတတ်ပါသည်။ ရင့်အတွက်တော့ ကို့အသံလေး ကြားလိုက်ရရင် ကို့မျက်နှာလေး မြင်လိုက်ရရင် အရာရာအားလုံးက ပြီးပြည့်စုံသွားပါပြီ။ အဲဒီလောက်အထိ ရင့် "ကို့"ကို ချစ်ပါသည်။

ညနေ "ကို"နဲ့တွေ့ပြီး ညရောက်ပြန်တော့လည်း "ကို"က ဖုန်းခေါ်ပြန်ပါသည်။ ကိုနဲ့ ရင့်နဲ့ကြားမှာ စကားတွေက





မဆုံးနိုင်အောင် များပြားလှပါ၏။ ကိုနဲ့ ရင့်နဲ့ကြားမှာ အချစ်တွေက တိုင်းတာမရအောင် နက်ရှိုင်းလှပါ၏။ ကိုနဲ့ ရင့်နဲ့ကြားမှာ သံယောဇဉ်နှောင်ကြိုးတွေဟာ ဖျက်လို့မရအောင် ခိုင်မာလှပါ၏။ တကယ်တော့ အချစ်ဆိုတာ အချိန်ကာလ သတ်မှတ်ချက်မရှိ။ အကြောင်းပြချက်မရှိ။ အတွက်အချက်မရှိဘဲ လူနှစ်ယောက်ရဲ့ အဟာရကောင်းရင် ကောင်းသလို ကြီးမားဖွံ့ထွားတတ်တဲ့ အရာမျိုးရယ်ပါ။

"ရင့်"

"ဟင်"

"အခု ရင့် ဘယ်မှာလဲဟင်"

"မေးနေဖို့လိုလား ကိုရယ်၊ ပြတင်းပေါက်ကနေ လမင်းကို ကြည့်နေတာပေါ့ရှင်"

"ဟင် ... ကြည့်ပြန်ပြီလား"

"အင်း ... အဲဒါ ရင့် ငယ်ငယ်တည်းက အကျင့်ပဲ ကိုရဲ့၊ ရင့် ငယ်ငယ်ကတည်းက လာသာတဲ့ညတိုင်း ပြတင်းပေါက်ကနေ လ,ကိုငေးတတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ... ကိုလည်း ဒီလိုပါပဲ၊ လသာတဲ့ညတွေဆို လမင်းကို ငေးတတ်တယ်၊ အရင်ကတော့ ဒီလိုငေးပြီး တွေးချင်ရာတွေးတတ်တာ အခုပေ့ာ 'ရင့်'ဆိုတဲ့ ကောင်မလေးတစ်ယောက်အကြောင်း တွေးနေတတ်ခဲ့ပြီ"

"ရင့်လည်း ဒီလိုပါပဲ ကိုရယ်၊ 'ကို'က ရင့်ရဲ့ခက်မာတဲ့ စိတ်တွေကို ပျော့ပျောင်းသွားစေတယ်၊ 'ကို'က ရင့်ရဲ့ ပူလောင်တဲ့ ဒေါသတွေကို အေးငြိမ်းသွားစေတယ်၊ ကို့မျက်နှာလေး မြင်ရတိုင်း ရင့်ရင်ထဲ ပြည့်စုံမှုတစ်ခု ဖြစ်ထွန်းရတာ ရင့် မညာပါဘူး ကိုရယ်"

"ကျေးဇူးပါ ရင့်ရယ်၊ ရင့်ကို စ,တွေ့တုန်းက ကို နည်းနည်းတော့ လန့်မိတယ်၊ ပြီးတော့ ရင့်ရဲ့အပြုအမူကို နည်းနည်းလည်း မကြိုက်မိဘူး၊ အဲဒီတုန်းက တစ်နေ့မှာ အဲဒီကောင်မလေးက ကို့ချစ်သူလေး ဖြစ်လာလိမ့်မယ်လို့ ဘယ်တွေးမိပါ့မလဲ"

"ကို ... ကို့က အခါပေးတဲ့နေရာမှာတော့လို့ ပုဏ္ဏားလို့တောင် အခေါ်ခံရတာ မဟုတ်လား၊ ရင့်နဲ့ ကိုတို့ တာဝရ





ပေါင်းဖက်ရဖို့ အကြောင်းရှိမရှိ 'ကို'မသိနိုင်ဘူးလားဟင်၊ 'ကို'မမြင်နိုင်ဘူးလားဟင်"

ရင့်မေးခွန်းကြောင့် သူ ဘောကျပ်နံ့ကျပ် ဖြစ်သွားမိသည်။ လိမ်ညာပြီးလည်း သူ မဖြေချင်ပါ။ အမှန်တိုင်းဖြေဖို့ဆိုတာလည်း ...

"အော် ... ရင့် ... မာမီခေါ်နေလို့ ရောက်မှ 'ကို'ဖုန်းပြန်ခေါ်မယ်နော်၊ bye ... သိပ်အကြာကြီးလည်း နေမနေနဲ့ဦး အိပ်ရေးပျက်မခံဘဲ စောစောအိပ်၊ မနက်'ကို'နိုးတာနဲ့ ဖုန်းဆက်မယ်နော်၊ အိပ်မက်လှလှ မက်ပါစေ၊ my sweet heart"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

မှတ်မှတ်ရရ ရွှေယင်းမာကိုတွေ့ပြီး တစ်ပတ်တိတိ အကြာမှာ သူမနဲ့ နောက်တစ်ကြိမ် ထပ်ဆုံဖို့ အကြောင်းဖန်လာပါသည်။ အဲဒါက ထူးအောင်ရဲ့မွေးနေ့မှာပဲ ဖြစ်သည်။

"ဟော့ကောင် … ခန့်သော၊ နောက်ကျလိုက်တာကွာ၊ birthday cake တောင် လှီးပြီးသွားပြီ"

ထူးအောင်ကို birthday present ပေးတော့ ထူးအောင်က လှမ်းယူရင်းနဲ့ သူ့နောက်ကို ကျော်ကြည့်ရင်း …

"ရင့် မပါဘူးလားကွ"

"အေးကွာ … သူ မအားလို့ လိုက်မလာနိုင်ဘူး"





"အတော်ပဲ … မင်းရှာနိုင်းတဲ့ ရွှေယင်းမာကို တွေ့ပြီ"

ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်တဲ့ သူ့စကားကြောင့် ခန့်သောကို မျက်နှာ ဆီးရွက်လောက်ကို ငယ်သွားသည်။ ထူးအောင် … သူ ဒီနာမည်ကို မှတ်မိနေတုန်းပဲကိုး။

"ရွှေယင်းမာ"

ထူးအောင် လှမ်းခေါ်သည့်နေရာကို သူ့အကြည့် အရောက် အနက်ရောင်ဂါဝန်ရှည်တစ်ထည် ဝတ်ထားတဲ့ သူမကို လှမ်းတွေ့လိုက်ရသည်။ မျက်ခုံးနှစ်ခုရဲ့အလယ်မှာ မှဲ့နက်လေး တစ်လုံးနှင့် သူနှင့် စာအုပ်ဆိုင်မှာ ဆုံခဲ့ဖူးတဲ့ ကောင်မလေးပေါ့။

"မိတ်ဆက်ပေးရဦးမယ်၊ သူက ခန့်သောကို တဲ့၊ ငါ့သူငယ်ချင်းပါ၊ ခန့်သော … သူက ရွှေယင်းမာ၊ ငါ့ကာစင်နွယ်နီရဲ့သူငယ်ချင်း၊ နိုင်ငံခြားက ပြန်ရောက်လာတာ မကြာသေးဘူး"

ခေါင်းဆတ်ပြီး အသိအမှတ်ပြုတဲ့ သူမမျက်ဝန်းတွေက သူ့ကို ဟိုးအရင်ကတည်းက သိထားသူတစ်ယောက်လိုမျိုး။ ဝိုင်ဖန်ခွက်ကိုင်ထားတဲ့ သူမရဲ့မျက်ဝန်းတွေမှာ သူ့ကို ပြောစရာစကားတွေ အပြည့်အသိပ် ရှိနေကြသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောနှင့်ကြဦးနော်"

နောက်ရောက်လာတဲ့ သူငယ်ချင်းအုပ်စုဖက် ထူးအောင် မျက်နှာလှည့်သွားတော့ သူနဲ့ ရွှေယင်းမာ မျက်လုံးချင်းဆုံမိကြသည်။

"ရှင် ကျွန်မကို လိုက်ရှာနေတယ်လို့ ကိုထူးအောင်ဆီက ကြားထားတယ်၊ အဲဒါ ဘာကြောင့်လဲ"

သူမဘာက်က ပွင့်ပွင့်လင်းလင်း မေးလာတော့ သူ့မှာ ဖြေစရာအဖြေ အဆင်သင့်မရှိသေးတာမို့ သက်ပြင်းတစ်ခုကိုပဲ ကျိတ်ပြီးချလိုက်မိသည်။

"ကျွန်မမေးတာ ရှင် ကြားပါတယ်နော်၊ ကိုခန့်သောကို"

"ကြားပါတယ် မရွှေယင်းမာ"

"မာလို့ပဲခေါ်ပါ၊ ရှင် တစ်စုံတစ်ရာကို လျှို့ဝှက်ထားသလိုပဲ၊ မာကတော့ ပွင့်လင်းတယ်နော်၊ ကြို့ပြောထားတာ၊ မာ ရှင့်ကို အိပ်မက်တွေထဲမှာ တွေ့ဖူးထားတယ်ဆိုရင် ရှင် ယုံမလား"

"ဗျာ"





တအံ့တသြ ဖြစ်သွားတဲ့ သူ့မျက်နှာကိုကြည့်ရင်း ရွှေယင်းမာက တခစ်ခစ် ရယ်နေသည်။ ဝိုင်တစ်ခွက်ကို အရသာခံသောက်နေတဲ့ သူမ မျက်ဝန်းတွေက သူ့ဆီက တစ်စုံတစ်ရာကို အဖြေရှာနေသည့်နှယ်။

"ကဲ ... ပြောလို့ရပြီလား၊ ရှင်ရော မာ့ကို ဘာအတွက် ရှာနေတာလဲ၊ တစ်ယောက်ယောက်အတွက် အခါပေးပေးဖို့ လို့ ပြောရင်တော့ မာ စိတ်ဆိုးမှာနော်၊ ဘာလို့ဆိုတော့ အဲဒါ လိမ်ဆင်ကြီးမှန်း မာ သိနေလို့ပဲ"

သူ မပြောလို့မဖြစ်တဲ့ အခြေအနေမျိုး မရောက်ရောက်အောင် သူမကပဲ ဖန်တီးတာလား၊ ကံကြမ္မာကပဲ ဖန်တီးတာလားတော့ မသိ။ ဒီအခြေအနေရောက်တော့မှတော့ ရှောင်ဖယ်ဖို့ သူ မစဉ်းစားတော့ဘဲ တည့်တည့်ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

tray ထဲကို ကင်ပြီးစ အပူခံစာရွက်နဲ့ ပတ်ထားတဲ့ ငါးကင်တစ်ကောင်ကို သူ ယူထည့်တော့ ရွှေယင်းမာက ကြာစွယ်၊ ငါးဖယ်နဲ့ ငါးရှဉ့်ကင်ချောင်းတို့ကိုယူပြီး tray တစ်ခုထဲထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နှစ်ဦးသား မတိုင်ပင်ဘဲ စားပွဲတစ်ခုမှာ နေရာယူမိကြသည်။

"ရှင် ပြောဖို့အဆင်သင့် ဖြစ်ပြီလား ကိုခန့်သော်ကို"

"ပြောမှာပါ မာ၊ ကျွန်တော် ပြောမှာပါ၊ မညာပါဘူး၊ ရွှေယင်းမာဆိုတာ ကျွန်တော့်ရဲ့ဖူးစာဖက်အဖြစ် ကျွန်တော် သိထားခဲ့ပါတယ်"

"လောကကြီးက အရမ်းဆန်းကြယ်တာပဲနော်၊ ကိုခန့်သော ကို၊ အင်း ... ရှည်ပါတယ်၊ 'ကို'လို့ပဲ ခေါ်မယ်နော်"

"ခန့်သောလို့ပဲ ခေါ်ပါ"

"အင်း... ကောင်းပြီလေ ခန့်သော၊ မာကလည်း ခန့်သော ကို အိပ်မက်တွေထဲမှာ မြင်ဖူးထားတယ်၊ ခန့်သောကလည်း မာ့ကို ဖူးစာဖက်အဖြစ် သိထားခဲ့တယ်၊ ဒါနဲ့ မာက ခန့်သောရဲ့ ဖူးစာဆိုတာ ခန့်သော ဘယ်လိုသိလဲဟင်"

"ဒါတွေ ထားလိုက်ပါ မာ၊ ကျွန်တော် တစ်ခုပြောချင်ပါ တယ်"

"ပြောပါ"





ကြာစွယ်တစ်ခုကို sauce နဲ့ တို့စားရင်းက သူ့ဆီ ကစကားကိုရွှေယင်းမာ နားစွင့်နေသည်။

"ကျွန်တော့်မှာ ချစ်သူရှိတယ် မာ။ သူ့ကို ကျွန်တော်အရမ်း ချစ်တယ်၊ အခုအချိန် ကျွန်တော် ဖူးစာဖက် ဘာညာဆိုတာ တွေ မေ့ထားတယ်၊ ဘယ်လိုအကြောင်းပြချက်နဲ့မှ ကျွန် တော် သူ့ကို စွန့်လွှတ်မှာ မဟုတ်ဘူး"

"အရာရာအားလုံးက ကံကြမ္မာက သတ်မှတ်ပြီးသားပါ ခန့်သောရယ်၊ တကယ်ဆို ဒီစကားတွေ မာ့ကို မပြောသင့် ဘူးလို့ ထင်တာပဲ၊ ဘာလို့ဆိုတော့ တစ်နေ့မှာ မာနဲ့ခန့်သော ရှောင်လွှဲလို့မရအောင် ဆုံစည်းကြရမှာ သေချာနေလို့လေ။ အဲဒီအခါ မျက်နှာပူစရာတွေ ဖြစ်ရရင် ဘယ်ကောင်းပါ့ မလဲ"

ခပ်အေးအေး သူမစကားက သူ့စိတ်တွေကို နောက်ကျိရှုပ်ထွေးစေပါသည်။ သူမကို သူ ဘယ်လိုမှ ရင်မခုန်၊ ချစ်စိတ်ဝင်ဖို့ဆိုတာလည်း ဝေလာဝေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကျွန်တော် ကံကြမ္မာကို တွန်းလှန်ကြည့်ချင်တယ် မာ၊ သေချာတာတစ်ခုက အခြေအနေတစ်ခုကြောင့် မာနဲ့ ကျွန်တော် ဆုံစည်းရမယ် ဆိုရင်တောင် 'အချစ်'ကြောင့် တော့ ဖြစ်နိုင်မယ် မထင်ဘူး၊ ဘာလို့လဲဆိုတော့ ကျွန်တော့် ရဲ့အချစ်တွေ အကုန်လုံးကို ကျွန်တော့်ချစ်သူကို အပ်နှင်း ထားပြီးပြီမို့ပဲ"

"ဟင်း ဟင်း ဟင်း ဟင်း"

ခရမ်းနီရောင်ဖျော့ဖျော့ ဆိုးထားတဲ့ ပွယောင်းယောင်း ဆံသားတွေကို လက်နဲ့အသာသပ်ရင်းက ရွှေယင်းမာ ခပ်သဲ့သဲ့ လေး ရယ်နေ၏။

"ကောင်းပြီလေ ... ရှင် တွန်းလှန်ပါ၊ မာကတော့ အပင် ပန်းမခံပါဘူး၊ ရှင်နဲ့ဆုံမယ့်နေ့ကိုပဲ စောင့်နေပါ့မယ်"

သူတို့နှစ်ယောက်ရဲ့စကားဝိုင်းက ဒီမှာတင်ပဲ နိဂုံး တံခဲ့ပါသည်။ ဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် လကွယ်နေ့တစ်နေ့ ဖြစ်သည်။ သူ့ရင်ထဲက ဝရန်းသုန်းကား ဖြစ်နေတဲ့ ခံစားမှုတွေ ကို လမင်းကို တိုင်တည်လို့ မရသလို ရင်ဆိုမှာလည်း ရင်ဖွင့်ခွင့်





မရတာမို့ တစ်ညလုံး မွန်းကျပ်နေတဲ့ ဝေဒနာတွေနဲ့ သူ တလူး လူး တလိမ့်လိမ့်နဲ့ မနက်မိုးသောက် အလင်းရောက်တဲ့ အထိ တစ်မှေးမှတောင် အိပ်စက်ခွင့်မရရှာခဲ့။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၂၉

နောက်ကျိရှုပ်ထွေးနေတဲ့ စိတ်တွေကြောင့် သူ မနက်ခင်းကို ခါတိုင်းလို hi မလုပ်နိုင်ခဲ့။ ညက ပိတ်ထားတဲ့ဖုန်းကိုဖွင့်ပြီး ရင့်ဆီ ဖုန်းခေါ်ဖို့ ကြိုးစည်နေတုန်း ဖုန်းတစ်ခုဝင်လာတာမို့ သူ ကိုင်လိုက်မိပါသည်။

"hi … morning ခန့်သော"

"ဘယ်သူလဲ မသိဘူးနော်"

"မာပါ … ခန့်သော"

"ဪ"





လူမှုရေးအရ မကောင်းတတ်လို့သာပါ။ နို့မို့ဆို သူ ဖုန်းချပြီးလောက်ပြီ။ သူမ ဘာလို့ စောစောစီးစီး သူ့ဆီ ဖုန်းခေါ်ရတာပါလိမ့်။

"သတိပေးစရာလေး တစ်ခုရှိလို့ပါ"

"ပြောပါ … ဘာများလဲ"

"ကံကြမ္မာကို အံတုဖို့ စဉ်းစားပြီး ခန့်သော့ရဲ့ကောင်မလေးကို ရယူဖို့ မကြိုးစားစေချင်ဘူး။ တော်ကြာ တစ်စုံတစ်ခုကြောင့် ခန့်သော ကောင်မလေး တစ်ခုခုဖြစ်သွားရင် မခက်ပါလား၊ ပေါင်းဖို့ အကြောင်းမရှိရင် ဒီလိုပဲ ဖြစ်တတ်တာ ခန့်သောလည်း ကြားဖူးမှာပါ၊ မာက စိုးရိမ်လို့ သတိပေးတာပါနော်၊ တစ်မျိုးမထင်ပါနဲ့"

"ကျေးဇူးတင်ပါတယ် မာ"

သူ ဖုန်းချပစ်လိုက်ပါသည်။ အခု သူ စိတ်ရှိလက်ရှိ အော်ဟစ်ပစ်လိုက်ချင်ပါသည်။ ဒါမှ သူ့စိတ်ထဲက မွန်းကျပ်မှုတွေ ပြေလျော့သွားမှာလေ။ အရင်ကတော့ ရွှေယင်းမာ ဆိုတဲ့ ကောင်မလေးကို သူ မျှော်လင့်စောင့်စားမိသည်။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ရွှေယင်းမာဆိုတဲ့ မိန်းကလေး သူ့ဘဝမှာ လုံးဝကို ပေါ်မလာစေချင်တော့ပါ။ အခိုးအငွေ့အဖြစ် ပျောက်ကွယ်သွားစေချင်ပါသည်။

ဖုန်းမြည်သံကြောင့် သူ ကြည့်လိုက်တော့ ရင့်ဆီက ဖုန်း၊ ပြင်းထန်တဲ့ စိတ်ခံစားမှုကြောင့် သူ့လေသံတွေပါ မတည်ငြိမ်မှာစိုးလို့ သူ အသက်ကို ဖြည်းဖြည်းမှန်မှန် ရှူသွင်းရှူထုတ်လုပ်ပြီး ဖုန်းကိုင်လိုက်ပါသည်။

ရင့်ကို နာကျင်မှုတွေ သူ မပေးလိုပါ။ ရင့်ကို စိတ်ရှုပ်မှုတွေလည်း မဝေမျှချင်ပါ။

"ဟယ်လို"

"ကို ... မနေ့ညက ဘာလို့ဖုန်းပိတ်ထားတာလဲ၊ ရင့်စိတ်ပူလိုက်ရတာ အရမ်းပဲ၊ ထူးအောင်မွေးနေ့ကို ရင့်မလိုက်မိတာ မှားတာပဲ၊ မှန်မှန်ပြောစမ်း 'ကို'၊ 'ကို'ညက အရမ်းမူးသွားတယ်မှလား"

"မဟုတ်ပါဘူး ရင့်ရာ၊ 'ကို'မသောက်တတ်ဘူးဆိုတာ ရင့် သိသားပဲဟာ"

"အဲဒါဆို ဘာကြောင့်လဲ ... ပြော"





"ခေါင်းတွေ တအားကိုက်နေလို့ ဖုန်းပိတ်ပြီး စောစောအိပ်ဖြစ်တာ"

"ဟင် ... ဟုတ်လား၊ ခု ဘယ်လိုနေသေးလဲဟင်၊ ကျောင်းသွားနိုင်ရဲ့လား၊ အရေးမကြီးရင် ဒီနေ့ ကျောင်းမတက်ပါနဲ့လားဟင်၊ ရင့် စိတ်ပူလို့ပါ"

သည်းသည်းလှုပ်မတတ် အစိုးရိမ်ပိုနေတဲ့ သူမစကားအကြားမှာ သူ မျက်ရည်ဝဲသွားမိပါသည်။ ဟင့်အင်း ... ရင့်ရယ်၊ ဘယ်လိုနည်းနဲ့မှ ကိုယ်တို့ မဝေးပါရစေနဲ့၊ သူ မျက်လုံးမှိတ်လိုက်စဉ်ခဏမှာ သူ့မျက်ဝန်းက မျက်ရည်သီးတွေက သူ့ပါးပြင်ပေါ် လိမ့်ဆင်းလာခဲ့သည်။ မင်းကတော့ သိမှာမဟုတ်ဘူး ရင့်။ ကိုယ်လေ မင်းလိုပဲ ဘာကိုမှ ကြိုမသိတဲ့ သာမန်လူတစ်ယောက်ဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။ အခု ကိုယ့်မှာ သေချာနေတဲ့ အနာဂတ်ကတစ်ဖက်။ မခွဲနိုင်မခွာရက်အောင် စူးနစ်စွာ ချစ်နေမိတဲ့ အချစ်ကတစ်ဖက်နဲ့။ ဘာပဲဖြစ်ဖြစ် ရင့်၊ ကိုယ် ကတိပေးခဲ့သလိုပဲ၊ မင်းလက်ကို ဆွဲထားနိုင်သရွေ့ ကိုယ်ဆွဲထားမှာပါ ရင့်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကို ... ကို ... ကို ... ဘာလို့ ငြိမ်သွားတာလဲဟင်"

"ဟင် ... ဘာမှမဟုတ်တော့ပါဘူး ရှင့်ရယ်၊ ကိုရေချိုးဦး မယ်နော် ရှင့်၊ နေ့လယ်တစ်ခေါက် ဖုန်းဆက်လိုက်မယ်"

"ဟုတ်ကဲ့ ... ကို၊ ဂရုစိုက်ပါနော်၊ ရှင့် စိတ်ချမယ်နော်"

"စိတ်ချပါ ရှင့်၊ ကို ဘာမှမဖြစ်ပါဘူး၊ ဘိုင်နော်"

သူ ရေမိုးချိုးပြီး အဝတ်အစားလဲပြီး ထမင်းစားခန်း ဘက် ထွက်လာခဲ့သည်။ ထမင်းစားခန်းထဲမှာ မာမီက breakfast စားဖို့ သူ့ကို ထိုင်စောင့်နေသည်။ ဒက်ဒီက overseas သွားတာ နှစ်ရက်ရှိပြီမို့ ဒီထမင်းစားခန်းထဲမှာ မာမီနဲ့သူ နှစ်ယောက်တည်း ခြောက်ကပ်ကပ် နိုင်သွားသလို သူ ခံစားလိုက်ရသည်။

"သား နေမကောင်းဘူးလား၊ မျက်နှာလည်း မကောင်းပါ လား"

"အရမ်းစိတ်ညစ်နေတယ် မာမီ"

"ဟမ် ... ဘာဖြစ်လို့လဲ သားရယ်၊ မာမီ ရင်ထိတ်လိုက်တာ ဘာများဖြစ်လို့လဲ ပြောပါဦး"

"ရွှေယင်းမာနဲ့ တွေ့ပြီ မာမီ"





"ဟင် ... တကယ်လား၊ သူ ဘယ်ကလဲ၊ ဘယ်မှာတွေ့ တာလဲ"

"စာအုပ်ဆိုင်မှာတွေ့တာ မာမီ၊ ပြီးတော့ မနေ့က ထူးအောင် မွေးနေ့မှာည်း သူနဲ့တွေ့ခဲ့တယ်၊ စကားလည်း ပြောဖြစ်ပါ တယ် မာမီ"

"ဒါ ဝမ်းသာစရာ မဟုတ်လား သား"

"သားတော့ ဝမ်းမသာဘူး မာမီ၊ သား ရှင့်ကိုချစ်တယ်၊ မခွဲနိုင်လောက်အောင် ချစ်တာပါ မာမီ၊ သား ဘယ်လိုခံစား ရမလဲ မာမီ စဉ်းစားကြည့်ပါ"

တစ်ဦးတည်းသောသားဖြစ်သည့် သူနဲ့မာမီက သား အမိလိုသာမက ဘော်ဒါတွေလိုပါ ပေါင်းတတ်တာမို့ မာမီ့ကို လျှို့ဝှက်ထိမ်ချန်ထားသည့် ကိစ္စဆိုတာ သူ့ဆီမှာ မရှိခဲ့။ ရှိခဲ့ရင် တောင် အနေးနဲ့အမြန် သူ ဖွင့်ပြောမိသည်ချည်း။

"ဒါပေမဲ့ သားရယ် ..."

သက်ပြင်းရှိုက်သံနဲ့အတူ မာမီ့စကား တစ်ဝက်တစ် ပျက်မှာပင် ရပ်တန့်လို့သွားသည်။ မာမီ ဆက်ပြောမယ့်စကား ကို သူရော မာမီပါ နှစ်ဦးစလုံး သိထားပြီးသားပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"သား စိတ်တွေ အရမ်းပူလောင်နေသလိုပဲ၊ စိတ်ကိုလျှော့ပြီး ခေါင်းအေးအေးထားပါ သား၊ အချိန်က စကားပြောသွားမှာပါ"

ကော်ဖီတစ်ခွက်နဲ့ ကိတ်တစ်ချပ်ကို ဖျစ်ညှစ်မျှောချနေတဲ့ သူ့မှာ အစားအသောက်ရဲ့ ရသတို့ ပျောက်ရှနေသည်။ ဒီကိစ္စကြီးကို သူ ဘယ်လိုရင်ဆိုင်ရမလဲဆိုတဲ့ အတွေးတစ်ခုတည်းသာ သူ့ကို စိုးမိုးခြယ်လှယ်နေတာမို့ သူ ဘယ်ပေါ်ကိုမှ အာရုံမရခဲ့။

တစ်ခါ တစ်ခါ အရာရာကို ဝေမျှခံစားပေးတတ်တဲ့ ရင့်ကို ဖွင့်ပြောချင်စိတ် ပေါက်မိပေမင့် သူ့ရဲ့အပူမီးတို့က ရင့်ကိုပါ ကူးစက်လောင်ကျွမ်းသွားမှာ သူ စိုးရွံ့လို့နေသည်။ သို့ပေမင့် ရင့်သာ ဒီအကြောင်းတွေ သိခဲ့မယ်ဆိုရင် ဘယ်လိုဆုံးဖြတ်မလဲဆိုသည့် အဖြေကိုတော့ သူ သိချင်မိပါသည်။

"ရဲရဲရင့် ဒီအကြောင်း သိပြီးပြီလား သား"

"ဟင့်အင်း ... မာမီ၊ သား မပြောပြတာပါ၊ မပြောရက်တာဆိုရင် ပိုမှန်မှာပေါ့ မာမီ"





မာမီက ခေါင်းတညိတ်ညိတ်လုပ်ပြီး သူ့ကိုငေးစိုက်ကြည့်နေပါသည်။

"အသက်ရှင်လျက်နဲ့တော့ ရင့်နဲ့သား ဝေးကွာသွားမှာမဟုတ်တာ သေချာပါတယ်၊ မာမီ အဲဒီလိုတွေးမိတိုင်း ရင့်များ တစ်ခုခု ဖြစ်သွားမှာမို့လို့လားဆိုတဲ့ စိုးရိမ်စိတ်ဝင်ဝင်လာလို့သား ရူးမတတ်ပါပဲ"

မာမီက နေရာကထ,လို့ သူ့ပခုံးလေးကို ကြင်နာစွာသိုင်းဖက်ရင်း ...

"သား ဘယ်လိုခံစားနေရတယ်ဆိုတာ မာမီ နားလည်ပါတယ်၊ အနတ္တလောကကြီးကို အတ္တလုပ်နေမယ်ဆိုရင် အဲဒီလူဟာ စိုးရိမ်ပူပန်မှုတွေနဲ့ပဲ လုံးပန်းနေရလိမ့်မယ်၊ အချိန်တန်ရင် အဖြေတစ်ခုတော့ ရလာမှာပါ သားရယ်၊ သိပ်လည်း စိတ်ပူပန်မနေပါနဲ့"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၃၀

သူ့လက်မောင်းတစ်ဖက်ကို ရင့်လက်လေးလျှိုသွင်းလို့ စကားတွေ ဖောင်ဖွဲ့လို့ လာတာကို သူက ပုတ်သင်ညိုတစ်ကောင်လို ခေါင်းညိတ်လိုက်ပါလာရင်း United living mall ထဲက အထွက်မှာ ကောင်မလေးတစ်ယောက်ကို မြင်လိုက်တာမို့ သူ့မျက်နှာ ပျက်ထွက်သွားသည်။

"Hi … ခန့်သော"

မမြင်ချင်ယောင် ဆောင်လိုက်တဲ့ သူ့ရှေ့ သူမဝိတ်ရပ်ပြီး တရင်းတနှီး လာနှုတ်ဆက်တော့ ရင့်ရဲ့မျက်နက်ဝန်းလေးတွေက သူ့ဆီ ရွေ့လျားရောက်ရှိလို့လာသည်။





"မိတ်ဆက်ပေးဦးလေ"

"အင်း … ဒါ ကျွန်တော့်ရဲ့ချစ်သူ ရဲရဲရင့်တဲ့၊ ရင့် … ဒါ ကိုရဲ့မိတ်ဆွေ 'ရွှေယင်းမာ'တဲ့"

"ရွှေယင်းမာ"

ရင့်က သူ့နောက်ကနေ သံယောင်လိုက်ခေါ်ရင်း ရေညှိစိမ်းရောင်စပို့ရှပ်နှင့် ပေါင်တစ်ဝက်လောက်ပဲရှိသည့် short pant အဖြစ်လေး ဝတ်ထားသည့် မိန်းမကို ခြေဆုံးခေါင်းဆုံး အကဲခတ်နေ၏။ ရင့်ကသာ သူ့ကို အာရုံတစိုက် အကဲခတ်နေသော်လည်း သူကတော့ ရင့်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် ထင်မှတ်မထားဘဲ 'ကို'ဆိုပေါ်မှာသာ အကြည့်တို့ဝဲနေတာမို့ ရင့် စိတ်တိုသွားမိသည်။

"bye … ခန့်သော၊ တစ်ရက်လောက် ကော်ဖီသောက်ရအောင်နော် မာ ဖုန်းဆက်လိုက်ပါ့မယ်၊ ရဲရဲရင့် … သွားလိုက်ပါဦးမယ်နော်"

မကောင်းတတ်လို့ ရင့်ဘက်လှည့်ပြီး နှုတ်ဆက်သွားတဲ့ သူမမျက်ဝန်းနဲ့ နှုတ်ခမ်းတွေမှာ စိန်ခေါ်မှုတစ်ရပ်ကို ရင့်ရှာတွေ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင့်တစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲ ချစ်သူလို့ ယုံကြည်ထားခဲ့တဲ့ 'ကို့'ရဲ့မျက်နှာ ပျက်ယွင်းမှုနဲ့၊ ရဲရဲတင်းတင်းပြောဆိုဆက်ဆံသွားတဲ့ သူမရဲ့အပြုအမူ အပြောအဆိုတွေက ရင့်ကို သံသယဆိုးတို့ကို မွေးဖွားစေ၏။

ကားပေါ်ရောက်တဲ့အထိ 'ကို့'ဆီက စကားတစ်ခွန်းမှ ထွက်မလာခဲ့တာ ရင့်ကိုပို၍ မတင်မကျ ဖြစ်စေသည်။ တကယ်ဆို သူ ရင့်ကို ဖြေရှင်းချက် တစ်စုံတစ်ရာတော့ ပေးသင့်ပါသည်။

"သူ ဘယ်သူလဲ 'ကို'၊ 'ကို'နဲ့ ဘယ်လိုပတ်သက်နေလဲ၊ ရင့်ကို အမှန်ဆုံးနဲ့ အရှင်းဆုံး ပြောပါ"

မပြောမဖြစ် ပြောရမည့်နေ့ကို ရောက်လာပြီမှန်း သူ သဘောပေါက်မိစဉ် ခဏမှာ သူ့ရင်ထဲ ထိတ်လန့်မှုကြောင့် တုန်လှုပ်သွားသည်ဆိုရင် မှားအံ့မထင်။ ဘယ်လိုပဲဖြစ်ဖြစ် ရင့် သူ့ကို အယုံအကြည်မရှိပါစေနဲ့လို့ သူ ဆုတောင်းပါသည်။ တတ်နိုင်သမျှ နေခွင့်ရသမျှ ရင့်ကို သူ့အနားမှာ ရှိစေချင်၍ပဲ ဖြစ်ခဲ့သည်။





အင်းယားက ဆိုင်တစ်ဆိုင်မှာ သူနဲ့ရင့် တိတ်တဆိတ် ထိုင်နေကြပါသည်။ ရင့်ရင်ထဲမှာ ဒေါသကြောင့် ဗလောင်ဆူနေမှာ သူသိသည်။ ရွှေယင်းမာကလည်း 'ရင့်'ရဲ့ဒေါသကို ဆွပေးခဲ့တာကိုး။

"ပြောပါ ... ကို၊ ရင့် ရိပ်မိပါတယ်၊ 'ကို'ခုရက်ပိုင်းအတွင်း မျက်နှာမကောင်းဘူး။ တစ်ခုခုကို အတင်းကြိုးမျိုသိပ်ထားနေသလိုပဲ၊ 'ကို'ဘာဖြစ်သလဲပြော၊ ရင့်ကို 'ကို' စိတ်ထဲရှိသမျှ အကုန်ဖွင့်ဟပါ 'ကို' "

သူ ရင့်လက်ကလေးတွေကို ဘာစကားမှ မပြောသေးခင်မှာ ထွေးဆုပ်ထားမိပါသည်။ ရင့်က ငြိမ်သက်စွာနဲ့ပဲ သူမရဲ့ တောက်ပစူးရှတဲ့ မျက်နက်ဝန်းလေးတွေနဲ့ သူ့ကို ငေးလို့ကြည့်သည်။

" 'ကို'ပြောတဲ့ စကားတွေ သေချာနားထောင်ပါ ရင့်ရယ်၊ 'ကို'လည်း ရင့်ကို ပြောပြချင်ခဲ့တာ ကြာပါပြီ၊ အစအဆုံး နားထောင်ပြီးရင် ရင့် 'ကို့'ကို နားလည်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ်အစအဆုံး ပြန်ပြောင်းပြောနေတဲ့ ချစ်ရတဲ့ 'ကို့'ရဲ့မျက်နှာကို ရင့် မျက်တောင်မခတ်တမ်း ကြည့်နေမိပါသည်။ ရယ်လိုက်ရင် ပိုချိုမြပြီး ချောမွေ့ချစ်စဖွယ်ကောင်းတဲ့ ချစ်သူ့မျက်နှာမှာ အပြုံးတစ်စ,တောင် ထင်မကျန်နေဘဲ နွမ်းဖတ်ဖတ်ရယ်ပါ။

"ဒီတော့ 'ရွှေယင်းမာ'ဆိုတာ 'ကို့'ဘဝရဲ့ ဖူးစာဖက်အစစ်အမှန်လို့ 'ကို'ဆိုလိုတာလား"

"အလားတူဖြစ်ရပ်မျိုး မရှိခဲ့ဘူး ဆိုရင်တော့ 'ကို'မယုံချင်ပါဘူး"

"အရမ်းကို ဆန်းကြယ်တဲ့ ဖြစ်ရပ်ပါပဲ 'ကို'၊ ဘာပဲဖြစ်ဖြစ်တစ်နေ့ 'ကို' 'ရွှေယင်းမာ'ကိုပဲ လက်တွဲရမှာ သေချာပါတယ်၊ ဒါနဲ့ အဲဒီအကြောင်းကို ကိုနဲ့ 'ကို့'မိသားစုအပြင်ဘယ်သူသိသေးလဲဟင်"

"လေပြေ ... သူလည်း သိတယ်၊ ဒါပေမဲ့ သိပ်ယုံပုံတော့မရပါဘူး၊ ရင့်လည်း မယုံဘူး မဟုတ်လား"





"ရင့်ကတော့ ယုံပါတယ်၊ လယ်တီပဏ္ဍိတဦးမောင်ကြီးအကြောင်း ရင့် ဖတ်ဖူးတယ်လေ၊ လယ်တီပဏ္ဍိတဦးမောင်ကြီး ရဟန်းဘဝတုန်းက 'ကို့'အမေ အိပ်မက်ထဲကလူရဲ့ပုံစံနဲ့တူတဲ့ လူတစ်ယောက် ဆရာတော့်ကျောင်းကိုရောက်လာခဲ့တယ်"

"အင်း"

သူက ရင့်ဆက်ပြောမယ့် စကားကို စိတ်ဝင်တစားနဲ့ နားစွင့်နေမိပါသည်။

"သူက ညဘက်ဆို ပျောက်ပျောက်သွားပြီး ပြန်လာရင်အခန်းထဲ ရွှေငွေပစ္စည်းတွေ ရောက်ရောက်လာတော့ဆရာတော်က သူ ယူလာမှန်းသိလို့ ဆူပူတာနဲ့ပဲ နောက်တော့ ယူမလာတော့ဘူးတဲ့၊ ဆရာတော်နဲ့ မန္တလေးကအပျိုကြီး သူဌေးမကြီးဒေါ်မမကြီးကို သူက ကြားထဲကနေ အောင်သွယ်ပေးခဲ့တယ်၊ ဆရာတော် လူဝတ်လဲပြီးဒေါ်မမကြီးနဲ့ အိမ်ထောင်ကျတော့မှပဲ၊ သူလည်း ပျောက်သွားတယ်တဲ့၊ အံ့ဩစရာ မကောင်းဘူးလား၊ ဖူးစာရေး



www.burmeseclassic.com

www.burmeseclassic.com



နတ်ကိုယ်တိုင် ရောက်လာပြီး သူတို့ကို အောင်သွယ်ပေးခဲ့တာ”

“ဒါဆို ရင့်က တကယ်ယုံတယ်ပေါ့”

“အင်း ... အရင်က ဂယနဏ မသိခဲ့လို့ပါ ကိုရယ်၊ ‘ကို’ ကလည်း ဖူးစာဖက်နာမည်ကို ရေးထားတယ်၊ အခုလည်း အဲဒီမိန်းကလေးနဲ့ အပြင်မှာတွေ့ရပြီဆိုတော့ ပေါင်းဖက်ရဖို့က သေချာနေပြီလေ”

ဒီစကား ပြောနေတဲ့ ရင့်မျက်နှာပေါ်မှာ ဝမ်းနည်းကြေကွဲမှုအစား ပြုံးရိပ်ထင်နေတာမို့ သူ ဆတ်ဆတ်ခါအောင် နာသွားမိသည်။

“ရင့် ... မင်း ‘ကို့’ကို ရွဲ့နေတာလား၊ မင်း ... မင်း ... နည်းနည်းလေးမှ ‘ကို’နဲ့ဝေးရမှာကို မကြောက်ဘူးပေါ့ ... ရင့် ... ဟင်”

သူ စိတ်မထိန်းနိုင်တော့တဲ့အဆုံးမှာ သူမ ပခုံးနှစ်ဖက်ကို ဆွဲလှုပ်ခါပစ်လိုက်သည်။ သူ့မှာတော့ သူမနဲ့ဝေးမှာစိုးလို့ အရူးတစ်ပိုင်းကို ဖြစ်လိုက်ရတာ။ သူမကတော့ ခပ်သာသာ





ရယ်ပါ။ သူ မျှော်လင့်ထားတာနှင့် တခြားစီ ဖြစ်နေတာမို့ မချင့်မရဲနှင့် ပေါက်ကွဲမိလိုက်တာဖြစ်သည်။

“ကိုရယ် ... စိတ်အေးအေး ထားစမ်းပါ”

“မထားနိုင်ဘူးကွာ၊ ငါ သိပြီ၊ အခုတော့ သဘောပေါက်ပြီ၊ မင်း ငါချစ်သလို ငါ့ကိုမချစ်ဘူး။ မင်းအတွက် ငါနဲ့ဝေးရလည်း ပြဿနာမရှိဘူးဆိုတာ ငါ သိသွားပြီ၊ ရင့် ... ရင့် ... ငါ အရမ်းဝမ်းနည်းတယ်ကွာ၊ sorry ပဲ ... ငါ့ကို အရင်ပြန်ခွင့်ပြုပါ ရင့်”

“ကို ... ကို ... ကို”

ခြေလှမ်းကျဲကျဲနှင့် ထွက်ခွာသွားတဲ့ သူ့နောက်က ရင့်ရဲ့ခေါ်သံတွေကို သူ ကြားနေရပါသော်လည်း တစ်ချက်မှ လှည့်မကြည့်ခဲ့မိတာ သူမကို စိတ်နာမုန်းတီးသွားလို့တော့ မဟုတ်ရပါ။ သူ့အပေါ် သိမ်းတွယ်ငြိနေသော သူမ အချစ်နံ့ရဲက ခပ်ပါးပါးလေးမှန်း သူ သိခွင့်ရလိုက်လို့ပဲ ဖြစ်ခဲ့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၃၁

ကို့ကို ဖုန်းဆက်မရ၊ ထွေးစုကို မေးကြည့်တော့လည်း ကျောင်းမတက်ပါဆိုတဲ့ အဖြေစကားကြောင့် ရင့်ရဲ့ပူပန်စိတ်တွေ တိုးတိုးလာ၏။ ဒီဖြစ်ရပ်ကြီးကို ရင့် ဝင်ရှင်းမှ ဖြစ်တော့မှာမို့ မျက်နှာချင်း မဆိုင်ချင်တဲ့ လေပြေနိုးနှင့် ထိပ်တိုက်တွေ့ဖို့ ကြိုးစားအားထုတ်လိုက်ရပါသည်။ ပြောချင်ရာမှန်သမျှလွတ်လွတ်လပ်လပ် ပြောဆိုခွင့်ရအောင် ကျောင်းပရဝုဏ်အပြင်ဘက်က ကော်ဖီဆိုင်တစ်ဆိုင်ကို ချိန်းလိုက်ပါသည်။

ရင့်က တစ်ယောက်တည်းပေမင့် သူကတော့ ရွှေယင်းမာဆိုတဲ့ အမျိုးသမီးကို ခေါ်လာ၍ ရင့်ကို အပြုတ်တိုက်ဖို့





တာဆူနေသည့်ပုံ။ သူတို့နှစ်ယောက်ရဲ့ မျက်ဝန်းတွေထဲမှာ ရင့်ကို အားပါးတရ လှောင်ရယ်ချင်စိတ်တွေက အထင်းသားပါ။

"လောကကြီးက အရမ်းဆန်းကြယ်တ်နော် ရဲရဲရင့်၊ နင်ရယ် ... ငါရယ် ... ရွှေယင်းမာရယ် သုံးယောက်လုံးကခန့်တစ်ယောက်တည်းနဲ့ ပတ်သက်နေကြတယ်၊ မိတ်တော့မဆက်ပေးတော့ပါဘူးနော်။ နင်တို့နှစ်ယောက် တွေ့ပြီးကြပြီ မဟုတ်လား"

အထက်စီးလေသံနဲ့ လေပြေနိုးက ပြောပြီး ခပ်သောသော ရယ်နေ၏။

"အဲဒါကြောင့် ငါ အစကတည်းက နင့်ကို ပြောခဲ့ပါတယ်၊ နင်လည်း တစ်နေ့ ငါ့လို ခံစားရမယ်လို့"

"မာလည်း ရှင်တို့နှစ်ယောက်အတွက် စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ကံကြမ္မာက ဖန်လာတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ မာလည်း ရှင်တို့ထက် မပိုတောင် ရှင်တို့နဲ့တစ်ထပ်တည်း နီးပါးလောက် ခန့်သောကို ချစ်နေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမရဲ့ အရှက်မရှိ အပြောမှာ ရင့် မျက်နှာလေး မဲ့ကျသွား သည်။ 'ကို့'ကို ရင့်လောက် ဘယ်သူကပိုလို့ ချစ်နိုင်မှာ တဲ့လဲ။

"ဒါနဲ့ ပြောပါဦး၊ ငါ့ကိုချိန်းတဲ့ကိစ္စ"

ရင့် သူတို့နှစ်ယောက် ခပ်တင်းတင်း မျက်နှာပေးနဲ့ အတန်ကြာ စိုက်လို့ကြည့်လိုက်ရင်း ...

"နင်တို့ရဲ့ အလိမ်အညာဇာတ်လမ်းကို ရပ်တန်းကရပ် လိုက်ဖို့ လာသတိပေးတာ"

"ဟားဟ ... အလိမ်အညာ ဟုတ်လား ... ရဲရဲရင့်၊ လူ နားလည်အောင် ပြောစမ်းပါ၊ ငါတို့က ဘာတွေများလိမ် ညာနေလို့လဲ"

မျက်နှာတစ်ချက်မပျက် ပြန်မေးတဲ့ လေပြေရဲ့ မျက်နှာကို ရင့် ဖြတ်ရိုက်ချင်စိတ်တွေ တဖွားဖွား ပေါက်လာတာ မို့ မနည်းကြီးကို မျိုသိပ်ထားရသည်။ သူမဘေးက ရွှေယင်းမာ ကလည်း ရင့်ကို သနားစရာ သတ္တဝါတစ်ကောင်အလား ခပ်သဲ့သဲ့ ပြုံးလို့ ကြည့်လာ၏။





"ကောင်းပြီလေ ... သူ ရွှေယင်းမာဆိုတာ ငါ ယုံကြည်အောင် နင် သက်သေပြနိုင်မလား"

"ဘာရယ်"

"ကြားတဲ့အတိုင်းပဲလေ၊ သူ ရွှေယင်းမာဆိုတာ ငါလုံးလုံး အယုံအကြည် မရှိဘူး"

"ဟော ... ယူက ဘာလဲ၊ ဘလိုင်းကြီး လာစွပ်စွဲနေတာပဲ"

ရွှေယင်းမာဆိုတဲ့ အမျိုးသမီးရဲ့မျက်နှာက နီမြန်း လာပြီး တရှူးရှူးတရှဲရှဲ ဖြစ်လာသည်။

"အဲဒါဆိုလည်း မှတ်ပုံတင်လေး တစ်ချက်လောက်"

"ဘာလဲ ... နင်က စစ်ဆေးရေး ဝင်ချင်နေတာလား၊ နင့် ကို ပြရအောင် နင်က ဘာအဆင့်မို့လို့လဲ၊ ကယောင် ချောက်ချားတွေ ဖြစ်မနေပါနဲ့ ရဲရဲရင့်၊ တစ်နေ့ ခန့်သော လက်တွဲရမယ့်သူဟာ ရွှေယင်းမာ ဆိုတာ နင် လက်ခံလိုက် စမ်းပါ"

"လက်ခံတယ်လေ ... လက်ခံပါတယ်၊ အဲဒါကြောင့်လည်း နင်တို့နဲ့ လာစာရင်းရှင်းရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ"

ရင့်က အိတ်ထဲက ကျောင်းသားကတ်လေးတစ်ကတ်ကို သူတို့နှစ်ယောက်ရှေ့ ချပြလိုက်သည်။

"ဘာဆိုင်လို့လဲဆိုတော့ ရွှေယင်းမာ ဆိုတာ ငါ့နာမည်မို့ပဲ၊ မွေးစာရင်းမှာလည်း ရွှေယင်းမာပဲ၊ လေးတန်းနှစ်အထိ ငါ့နာမည်က ရွှေယင်းမာပဲ၊ နင်တို့ ဘာပြောချင်သေးလဲ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့ အသံတိတ်မျက်ဝန်းတွေနဲ့ စကားဆိုနေကြတဲ့ သူတို့နှစ်ယောက်ကို ရင့် မဲ့ပြုံး,ပြုံးကြည့်ရင်း ကျောင်းသားကဒ်လေးကို လှစ်ခနဲဆွဲယူပြီး အိတ်ထဲ ပြန်ထည့်လိုက်သည်။

"ထူးအောင်နဲ့အရင် ငါတွေ့ပြီးသွားပြီ၊ သူ ဝန်ခံပြီးသွားပြီ၊ နင်တို့ အခု ဘာငြင်းချင်သေးလဲ၊ ငါသာ ရွှေယင်းမာ မဟုတ်ခဲ့ဘူးဆိုရင်တော့ နင်တို့ရဲ့လုပ်ရပ်က အောင်မြင်ကောင်း အောင်မြင်ပါလိမ့်မယ်၊ ငါက 'ကို့'ရဲ့ဖူးစာဖက် အစစ်အမှန် ဖြစ်နေတော့လည်း နင်တို့ ဘယ်လိုပဲနောက်နောက် အရာရောက်မှာ မဟုတ်ဘူး"





ပျက်မည်းနေတဲ့ မျက်နှာနှစ်ခုကို ရင့် နောက်ဆုံးအနေနဲ့ တစ်ချက်ကြည့်လိုက်ပြီး နှုတ်မဆက်ပဲ ထ,ထွက်လာခဲ့သည်။ ဒါတွေအားလုံး တကယ်တော့ 'ကို'အစိုးအရိမ်ပိုလို့ ဖြစ်ခဲ့ရတာလေ။ ဟိုးအစောကြီးကတည်းကသာ ဖွင့်ပြောခဲ့မယ်ဆိုရင် "ရွှေယင်းမာ"ပုံစံနဲ့ အကြောင်းလာရှိက်တဲ့ မိန်းမကို ပြန်တောင် လှောင်ပြောင်ပစ်လို့ ရပါသည်။

✱ ❖ ✱



www.burmeseclassic.com

www.burmeseclassic.com



## ( ၃၂ )

သူ ကျောင်းမတက်တာ လေးရက်ရှိပြီ။ စာမေးပွဲနားလည်း နီးပြီမို့ ဖုန်းပိတ်၊ အိမ်တွင်းအောင်းပြီး လောကကြီးနဲ့ အဆက်အသွယ်ဖြတ်လို့ အာရုံမှန်သမျှကို စာထဲမှာပဲ စုစည်းထားမိပါသည်။ သို့ပါသော်လည်း စိတ်ဆင်ရိုင်းက နည်းနည်းလေး လွတ်သွားပြီ ဆိုတာနှင့် ရင့်ဆီကိုပဲ ပြေးပြေးသွားနေတာမို့ သတိချွန်းနဲ့ အခါခါ အုပ်ပေးနေရပါသည်။

အမိုးစိမ်းရဲ့အောက် သစ်သားတုံးခုံပေါ်မှာ စာထိုင်ကြည့်ရင်း စာအုပ်ပေါ် မျက်နှာမှောက်လို့ သူ့မျက်လုံးတွေကို အသာမှေးပိတ်ထားမိသည်။ ခြေသံတရှပ်ရှပ်က သူ့ဘေးနားသို့



တိုးကပ်လာပြီး နူးညံ့တဲ့ လက်တစ်ဖက်က သူ့ပခုံးကို အသာအယာ လာလှုပ်နိုးသည်။

"သား ... သား ... အိပ်ပျော်နေတာလား၊ ညှို့သည်ရောက်နေတယ်"

"ဟင် ... မာမီ၊ ဘယ်ကညှို့သည်လဲ"

"ရွှေယင်းမှာ"

"ဗျာ ... သား သူနဲ့မတွေ့ချင်ဘူး မာမီ၊ မာမီ ကြည့်ကောင်းအောင်ပဲ ပြောလိုက်ပါနော်"

"သားကလည်း မာမီက သားရှိတယ် ခေါ်ပေးမယ် ပြောထားပြီးပြီ၊ လာပါ သားရယ်"

သူ စိတ်မပါ့တပါနှင့် မာမီ့နောက်ကနေ လိုက်ပါလာခဲ့သည်။ ရွှေယင်းမှာ ... သင်း တော်တော်လွန်ပါသည်။ ကိုယ်နဲ့ ဘာပတ်သက်မှုမှမရှိတဲ့ ယောကျ်ားတစ်ယောက်အိမ်ကို အဝင်အထွက် လုပ်ရဲသည့် သူမရဲ့သတ္တိက နည်းနည်းနောနော တော့ မဟုတ်။

www.burmeseclassic.com

ညှော်ခန်းထဲ သူဝင်လာခိုက် လွမ်းဆွတ်တမ်းတ သတိရနေမိသော မျက်နှာလေးတစ်ခုကို တွေ့လိုက်တာမို့ ခြေလှမ်းတို့ တုံ့ခနဲ ရပ်တန့်မိလိုက်သည်။

"ရင့် ... ရင့် ... ကို့ဆီ လိုက်လာတယ် ဟုတ်လား"

ရင့်က အားမြသော အပြုံးလေးနှင့် ခေါင်းညိတ်လို့ပြသည်။ သူ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ပါသော်လည်း အဖော်လိုက်ပါလာသည့် ခင်ထွေးစုကလွဲပြီး၊ ညှော်ခန်းထဲမှာ ဘယ်သူ့ကိုမှ မတွေ့ရ။

မာမီ အတော်နှောက်တာပဲ။ ရင့် လာတယ်လို့ပြောလိုက် ပြီးနေတဲ့ဟာ။

"ကို ... အဆက်အသွယ် ဖြတ်ထားလို့ ရင့် မနေနိုင်လို့ အရဲစွန့်ပြီး လိုက်လာခဲ့တာ၊ ကို နေကောင်းပါတယ်နော်"

"ကောင်းပါတယ် ရင့်၊ စိတ်ပူအောင် လုပ်မိတဲ့အတွက် sorry ပါ ရင့်ရယ်၊ ကို့စိတ်တွ အရမ်းရှုပ်ထွေးနေလို့ပါ၊ 'ကို'လည်း ရင့်ကို အရမ်းသတိရပါတယ်"





မာမီက အအေးဖန်ခွက်တွေ တင်ထားတဲ့ စတီးလင်ပန်းလေးကိုင်ပြီး သူတို့ရှေ့ ရောက်လာသည်။

"ကဲ ... သမီးတို့ သောက်ကြ၊ စကားအေးဆေးပြောကြနော်"

"ဟုတ်ကဲ့ ... အန်တီ"

မာမီ ထွက်သွားတော့ ရင့်က သူ့ကို မေးခွန်းတစ်ခု ကောက်ကာငင်ကာမေးသည်။

"ကို ... ရွှေယင်းမာနဲ့ ကို့ကိုတွဲပြီးတော့ အာရုံခံကြည့်ဖူးသလားဟင်"

"ဒါတွေ ထားလိုက်ပါတော့ ရင့်၊ အားလုံးကို 'ကို'မေ့ပစ်လိုက်ပြီ၊ ရင့် 'ကို့'ကို လက်တွဲချင်တဲ့ဆန္ဒ ရှိသရွေ့ 'ကို' ရင့်လက်ကို တွဲထားမယ် ... ဒါပဲ"

"ကို့ ... ရင့် request လုပ်တာပါ၊ 'ကို'နဲ့ သူ့ကို အာရုံခံပြီး 'ကို' ကြည့်ကြည့်ပါ"

"ရင့်"

www.burmeseclassic.com



သူ ဝှန်းခနဲ ထ,ရပ်မိလိုက်သည်။ သူမက သူ့ချစ်သူမှ ဟုတ်ပါရဲ့လား။ ရွှေယင်းမာနဲ့ သူ့ကို သူမ လိုလိုလားလားကြီးကို သဘောတူနေတဲ့ အရိပ်အယောင်တွေ မြင်ရတော့ သူ့ရင်မှာ မချိအောင် နာလာမါသည်။ အိမ်တိုင်ရာရောက်ထိအောင် လာလုပ်တာတော့ သူမဘက်က foul လွန်းနေပြီ။

"မင်း ပြန်ပါတော့ ရှင့်၊ မင်း ငါ့အချစ်တွေကို စော်ကားလွန်းနေပြီ၊ ဒီကမ္ဘာပေါ်မှာ ငါချစ်တာ မင်းတစ်ယောက်တည်းကိုပါ ရှင့်၊ မင်းကလွဲပြီး ဘယ်သူ့ကိုမှ ငါလက်မတွဲနိုင်ဘူး ရှင့်၊ မင်း ငါနဲ့မပတ်သက်ချင်တော့ဘူး ဆိုရင်လည်း ပွင့်ပွင့်လင်းလင်း ပြောပါ ရှင့်၊ တော်ပြီကွာ … မင်း ပြန်တော့"

သူ ရင်နာနာနဲ့ပဲ သူမကို နှင်ထုတ်ပစ်ပြီး ခြံထဲ ဆင်းလာခဲ့သည်။ နာကြည်းမှု တစ်ခုက သူ့နှလုံးသားထဲမှာ ခါးသက်စိမ့်ဝင်လို့လာသည်။

ရှင့် … မင်း လွန်လွန်းသွားပြီ။





"ဘယ်လိုလဲ ကျူးပစ်ရယ်၊ နာမည်တစ်ခုနဲ့ ကျွန်တော့်နှလုံးသားကို သေအောင်သတ်ခဲ့တာလား"

သူ ဖူးစာရေးနတ်ကို တိုင်တည်ရင်း အော်ဟစ်ပစ်လိုက်သည်။

သူ့မျက်ဝန်းထောင့်စွန်းမှာ မျက်ရည်စတို့ မစို့မပို့ထွက်ပြူလို့လာသည်။

"ကို"

"ရှင့် … ,မင်းကို ပြန်တော့လို့ ငါပြောထားတယ်လေ"

"ကို"

"တော်ပါတော့ကွာ၊ မင်းပါးစပ်က ဘာစကားကိုမှ ငါမကြားပါရစေနဲ့"

"ကို … ဒါလေးကို ကျေးဇူးပြုပြီး ကြည့်ပေးပါ"

သူ့ကို ကမ်းပေးလာတဲ့ ကတ်လေးတစ်ခုကို ဖျတ်ခနဲ ဆွဲယူကြည့်တော့။ ကျောင်းသားကတ်လေး တစ်ခုပါ။ တောက်ပသော မျက်နက်ဝန်းလေးတွေနှင့် ချစ်စရာကောင်းသော

www.burmeseclassic.com



ရှေ့ဆာမူရိုင်း နောက်ဆံပင် အကုပ်ဖောင်းဖောင်းလေးနှင့် လေးတန်းကျောင်းသူ ကောင်မလေးတစ်ယောက်ရဲ့ ကျောင်းသားကတ်။ သူမနာမည်က "ရွှေယင်းမာ"။

"ရှင့် ... သူ ... သူက ရှင် မဟုတ်လား"

"ဟုတ်တယ် ကို၊ ရှင့် လေးတန်းနှစ်က ကျောင်းသားကတ်လေးပါ"

"ဒီထဲ ... ဒီထဲမှာ ရှင့် နာမည်က ..."

သူ ရှေ့က သစ်သားတုံးခုံလေးမှာ ရှင့် ဝင်ထိုင်သည်။ သူ့ရင်တွေကတော့ တဒုန်းဒုန်းနဲ့ ခုန်လို့ပေါ့။

"ရှင့် နာမည်အရင်းက ရွှေယင်းမာပါ၊ ငယ်ငယ်က ခဏခဏ ဖျားနာလို့ အသိဗေဒင်ဆရာတစ်ယောက်က တွက်ချက်ပေးပြီး 'ရဲရဲရှင်'လို့ နာမည်ပြောင်းခိုင်းခဲ့တာ၊ လေးတန်းနှစ်အထိကတော့ ရွှေယင်းမာပဲ"

"ဟား ... ပျော်လိုက်တာ ရှင်ရာ၊ အင်း ... ဒါပေမဲ့ ဟို တစ်ယောက် ..."





"မပူပါနဲ့ ကိုရယ် ... အဲဒီကိစ္စ ရှင့် ရှင်းပြီးပါပြီ၊ သူ့နာမည်က 'ရွှေစင်မာ'တဲ့၊ လေပြေချို့ရဲ့ သူငယ်ချင်းလေ၊ ဒီလောက်ဆို 'ကို'သဘောပေါက်မှာပါ၊ သူရယ်၊ ထူးအောင်ရယ်၊ ရွှေစင်မာရယ်ပေါင်းပြီး ကို့နဲ့ ရှင့်ကြားမှာ အနှောင့်အယှက်ဖြစ်အောင် လုပ်ခဲ့တာ၊ ရှင့်နာမည် ရွှေယင်းမာမှန်း သူတို့ မသိခဲ့ကြဘူးလေ"

"ကျူးပစ်လည်းကွာ ... ရဲရဲရှင့်လို့ ရေးခဲ့လိုက် ပြီးနေတဲ့ဟာကို"

"ဘာပဲဖြစ်ဖြစ် ရှင့် ကျေနပ်ပါတယ် ကို၊ ကို ... ရှင့်ကို ဘယ်လောက်ထိချစ်မှန်း သိလိုက်ရလို့လည်း ကျူးပစ်ကို ကျေးဇူးတင်မိတယ်"

အခုတော့ ချစ်တဲ့သူနဲ့ လက်တွဲရမယ့်သူက တစ်ထပ်တည်းကျလို့ သွားပါပြီ။ တစ်ခါတစ်ရံတော့လည်း ဖူးစာရေးနတ်ခမျာ ပျင်းရှာသည်ထင့် ဒီလိုကွေ့ ဟိုလိုပတ်ပြီး အချစ်ကြောင့် ရှုးသွပ်နေသူများအား ကစားတတ်သည်လား မသိပါ။ ဘာပဲဖြစ်

www.burmeseclassic.com



ဖြစ် နောက်ဆုံးမှာတော့ ဇွက်ဖဲတစ်ချပ်ကို လှစ်ဟပြခဲ့တာမို့ ရင့် လက်ကိုဆွဲပြီး သူ့ကို ဦးညွှတ်မိလိုက်သည်။

"ကျေးဇူးကမ္ဘာပါ ... ကျူးပစ်ရယ်"

အသင်

၃၁-၇-၁၄

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC

www.burmeseclassic.com